ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါဠိတော်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၄ ရက်၊ စနေနေ့။ Saturday 13 October 2018 ၉၄၃၈



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၂

**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘာလီကျွန်း Bali Nusa Dua Convention Centre ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အထူးဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်သည်။**

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Mdm. Christine Lagarde၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**စိန်ခေါ်မှုများအားဖြေရှင်း**

ထိုသို့တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတရှိစွာ နေထိုင်နိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရေးနှင့် လူထုအား အသိပညာပေးမှုများပြုလုပ်ရေး၊ အထူးကိုယ်စားလှယ်၏ရုံး နေပြည်တော်တွင် ဖွင့်လှစ်ရေး၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်း စတင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေး အပါအဝင် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများအား ဖြေရှင်းရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၂ သို့**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ နေပြည်တော်သို့ရောက်ရှိ

စာမျက်နှာ » ၉

ဒုတိယအကြိမ် ချေးငွေအစီအစဉ် (PHASE-2) မှာ ဘယ်လောက်ထုတ်ချေးမလဲဆိုရင် ပထမအကြိမ်တုန်းက ချေးတဲ့ငွေထက် သုံးဆလောက်ကိုများတဲ့ပမာဏ ၁၈၀ ဘီလီယံကျော်လောက် ချေးမှာဖြစ်ပါတယ်

စာမျက်နှာ » ၁၁

Established in 1958
ကာနံ့ရ
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အသုံးစွန်
ပင်ရင်း- ကာနံ့ရ အထည်စက်၊ သဲတောမြို့၊ ဖုန်း- ၀၆၄-၂၀၅၀၁၃၁၊ ၀၆၄-၂၀၅၀၃၂၅
ရန်ကုန်ဖြန့်ချိရေး- အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၀ ၂၂၈

# ကြေးမုံ

## တစုတစည်းတည်းဖြင့် အောင်မြင်မှုအဖြေကိုရှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အောက်တိုဘာလ ၁၁ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပသော အာဆီယံခေါင်းဆောင်များစုဝေးပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ် မြန်မာနိုင်ငံနှင့် အရှေ့အာရှနိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးကြိုးပမ်းမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အာဆီယံခေါင်းဆောင်များ စုဝေးပွဲတွင် နိုင်ငံတော်သမ္မတက "ယနေ့ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အခွင့်အလမ်း များစွာရှိနေသည့်အတိုင်း စိန်ခေါ်မှုများစွာလည်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် အခွင့်အလမ်းများကို ကောင်းမွန်စွာအသုံးချရန်လိုအပ်ပြီး စိန်ခေါ်မှုများကိုလည်း တစုတစည်းတည်း ရပ်တည်အဖြေရှာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

အခွင့်အလမ်းနှင့် စိန်ခေါ်မှုမှာ အမြဲဒွန်တွဲနေပြီး အောင်မြင်မှုသို့ တက်လှမ်းရာ၌ စိန်ခေါ်မှုများကို တစုတစည်းတည်း ညီညွတ်မှုအင်အားဖြင့် ရပ်တည်အဖြေရှာကြမည်ဆိုလျှင် အောင်မြင်မှုကို မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။ ဆိုလိုရင်းမှာ ညီညွတ်ခြင်းဖြစ်သည်။ ညီညွတ်ခြင်းသည် ပြည်တွင်းမှာသာမက နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း အလွန်အရေးပါပြီး အထူးသဖြင့် အာဆီယံ၏ ပေါင်းစည်းမှုအင်အားဖြင့် အရှေ့အာရှနိုင်ငံများ၏စွမ်းအားများဖြင့် ကမ္ဘာ့စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာ့စီးပွားရေးအစီရင်ခံစာအရ ကမ္ဘာ့နယ်ပယ်အသီးသီးတွင် အရှေ့အာရှနိုင်ငံများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား အဘက်ဘက်တွင် တိုးတက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးစွမ်းအား ပိုမိုမြင့်မားလာသည်ကို အနောက်နိုင်ငံများက အလေးထားအသိအမှတ်ပြုလာကြသည်။ အလားတူ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် APEC၊ G-20၊ BRICs၊ SCO တို့၏ အားကောင်းလာမှုတို့သည် အရှေ့အာရှနိုင်ငံများ၏ အခန်းကဏ္ဍကို အထောက်အကူပြုနေပေသည်။

အရှေ့အာရှနိုင်ငံ အများစုမှာ ဖွံ့ဖြိုးတိုးတက်နေပြီး ကမ္ဘာပေါ်တွင် အလင်းလက်ဆုံးဒေသအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်သောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စံနမူနာပြဖြစ်စေပြီး လက်ရှိတွင် အရှေ့တောင်အာရှနိုင်ငံ အားလုံးနီးပါး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။ အာဆီယံနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို အာဆီယံပြည်သူများအားလုံး မျှတစွာခွဲဝေခံစားနိုင်ရေးကို အလေးအနက်ထားကြသည်။ ပိုမိုကောင်းမွန်သည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းရေးအစီအမံသည် ပိုမိုကောင်းမွန်သည့် စျေးကွက်အခွင့်အလမ်းများ ရရှိရေးကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ထားကြသည်။

ထို့ကြောင့် အရှေ့အာရှနိုင်ငံများအနေဖြင့် ပိုမိုကောင်းမွန်သည့် ရလဒ်များနှင့် အပြုသဘောအောင်မြင်မှုများ ရရှိစေရန် ဘုံစိန်ခေါ်မှုများကို လက်တွဲဖြေရှင်းသွားရန်သာ ရှိတော့သည်။ ဘုံစိန်ခေါ်မှုဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုလည်းဖြစ်သည်။ ယင်းတို့သည် ရာသီဥတုဆိုင်ရာပြောင်းလဲမှုနှင့် စွမ်းအင်ရှားပါးလာမှု၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှု၊ အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် ဒေသဆိုင်ရာ ပေါင်းစည်းဆက်သွယ်ရေးတို့ကို ရင်ဆိုင်သွားနိုင်ရန် ဒေသတွင်းနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအနေဖြင့်လည်း တစုတစည်းတည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုလက်ရှိတွင် အရှေ့အာရှနိုင်ငံများ၊ အာဆီယံနိုင်ငံများမှာ အလင်းလက်ဆုံး စီးပွားရေးအင်အားစုများအဖြစ် ရပ်တည်နေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိအစိုးရ၏ နှစ်နှစ်တာကာလအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အခွင့်အလမ်းများမှာ လက်တစ်ကမ်းအကွာတွင် ရှိနေပြီဖြစ်၍ စိန်ခေါ်မှုများကို တစုတစည်းတည်း ကြိုးပမ်းအဖြေရှာပြီး အောင်မြင်မှုကို လှမ်းဆွတ်ယူနိုင်ရန်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန်မြို့ရှိ အင်းလျားကန်အား အမွေအနှစ်အထိမ်းအမှတ် ကမ္ပည်းပြားတပ်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ကိုလိုနီခေတ်အစောပိုင်းက ရန်ကုန်မြို့ရှိ ပြည်သူများအား အဓိကရေပေးဝေရေးကန်အဖြစ် တည်ရှိခဲ့သည့် အင်းလျားကန်အား ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရှေးဟောင်းအမွေအနှစ် အထိမ်းအမှတ်အဖြစ် ကမ္ပည်းပြား တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။



"အရင်ကကန်တော်ကြီးကပဲ အဓိကရေဖြန့်ဝေပေးပါတယ်။ နောက်ပိုင်း လူနေထူထပ်လာပြီး ကန်မသန့်တော့တဲ့အတွက် ကမာရွတ်မြို့နယ်မှာရှိတဲ့ ချောင်းငယ် အင်းအိုင်လေးတစ်ခုကို ပိတ်ပြီး ရေကန်တစ်ခုထားပါတယ်။ ကိုလိုနီခေတ်တုန်းက ဝိတိုရိယရေကန်လို့လည်း ခေါ်တယ်။ အင်းလျားကန်က ရန်ကုန်မြို့သမိုင်းမှာ အလွန်အရေးကြီးတယ်။ ယဉ်ကျေးမှုအရရော၊ သဘာဝတရားတစ်ခုအနေနဲ့ရော၊ အလှအပတစ်ခုအနေနဲ့ရော၊ ရန်ကုန်မြို့ရဲ့ မြို့အင်္ဂါရပ်တစ်ခုအနေနဲ့ရော အရေးကြီးတဲ့နေရာတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတယ်"ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ စီမံကိန်းအရာရှိဦးသူရိန်အောင်က ပြောသည်။

အဆိုပါကန်အား ၁၈၈၂ - ၁၈၈၃ ခုနှစ်တွင် တူးဖော်ခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်မှစ၍ ရေပိုက်လုံးကြီးများဖြင့် ဆက်သွယ်ကာ ရေဖြန့်ဝေပေးခဲ့ကြောင်း၊ ၁၉၀၄ ခုနှစ်တွင် လှော်ကားရေလှောင်ကန် ပြီးစီးသွားသောကြောင့် လှော်ကားရေလှောင်ကန်မှ အဓိကထား၍ ရေဖြန့်ဝေပေးခဲ့ပြီး အင်းလျားကန်အား အရေးပေါ် ရေလှောင်ကန်အဖြစ် ဆက်လက်ထားရှိခဲ့ကြောင်း၊ အင်းလျားကန်တွင် ထင်ရှားသည့်ကျွန်းများရှိခဲ့ပြီး ယခင်က ဂျပန်တပ်များ၏ လက်နက်များထားရှိထားကြောင်း၊ ယင်းနေရာသို့ မဟာမိတ်များက မီးလောင်ဗုံးကြဲခဲ့ကြောင်း သိရသည်။

"အင်းလျားကန်လို့ပြောရင် ရန်ကုန်တက္ကသိုလ်မပါလို့ မပြီးဘူး။ ခွဲမရတဲ့အပိုင်းတွေရှိတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ် အက်ဥပဒေပြဌာန်းပြီး ရန်ကုန်တက္ကသိုလ် စတည်ခဲ့တယ်။ စစချင်း ရန်ကုန်တက္ကသိုလ်ထဲမှာ အဆောင်မရှိတဲ့အတွက် အခုရန်ကုန်မြို့လယ်ကောင်မှာရှိတဲ့ လသာ(၁)နားမှာ တက္ကသိုလ်ဖွင့်ခဲ့တယ်။ ၁၉၃၀ ဝန်းကျင်မှာ ရန်ကုန်တက္ကသိုလ်ထဲမှာ အဆောင်နဲ့ ဘွဲ့နှင်းသဘင်တည်ဆောက်ပြီးစီးတော့မှ လသာ(၁)ကနေ ပြောင်းခဲ့တယ်။ လွပ်လပ်ရေးရပြီးတဲ့အချိန်မှာ အင်းလျားကန်နဲ့ ရန်ကုန်တက္ကသိုလ်ခွဲမရတဲ့သဘော ဖြစ်သွားတယ်။ ဒဂ္ဂျာရီဆန်ဆန်ဖြစ်သွားတယ်"ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိတွင် အင်းလျားကန်၏ တချို့နေရာများတွင် အရေးပေါ်ထိန်းသိမ်းစောင့်ရှောက်ရမည့် အပိုင်းများရှိကြောင်း၊ ကန်ပတ်လည်တွင် အဆောက်အအုံ တည်ဆောက်လာမှုများနှင့် ကန်အား ထိခိုက်စေနိုင်သည့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများရှိကြောင်း၊ နောက်ပိုင်းတွင် ရေကန်၊ ပန်းခြံ၊ မြစ်ကမ်းနား စသည့် သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မှာက အမွေအနှစ်လို့ပြောရင် အဆောက်အအုံတွေလို့ပဲ ထင်နေကြတယ်။ သဘာဝတရားတွေလည်းပါတယ်။ ယဉ်ကျေးမှုတွေလည်းပါတယ်။ ရန်ကုန်သူ ရန်ကုန်သားရယ်လို့ ထင်ရှားစေတဲ့အပြုအမူတွေ၊ အစားအသောက်တွေ၊ ထုံးတမ်းဓလေ့တွေ ဒါတွေကလည်း မြို့တစ်မြို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေပါပဲ။ ဒါတွေကိုလည်း ထိန်းသိမ်းရမယ်။ အပြာရောင်ကမ္ပည်းပြားတော့ ကပ်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ရည်ရွယ်ချက်ထဲမှာပါတယ်"ဟု ဦးသူရိန်အောင်က ဆက်ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဝက်ဘ်ဆိုက်အသစ် စတင်ထုတ်လွှင့်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်မှစတင်၍ ၎င်း၏ဝက်ဘ်ဆိုက် www.icoe-myanmar.org ကို စတင်ထုတ်လွှင့်သည်။

ဝက်ဘ်ဆိုက်ထုတ်လွှင့်ရသည့် ရည်ရွယ်ချက်မှာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ချိရန် ဖြစ်ပါသည်။ အဆိုပါဝက်ဘ်ဆိုက်တွင် အဖွဲ့ဝင်များ၏ နောက်ခံကိုယ်ရေးအကြောင်းအရာ အကျဉ်းချုပ်၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်သွယ်နိုင်မည့်အချက်အလက်များကို ဖော်ပြထားသည်။

၎င်းဝက်ဘ်ဆိုက်ကို facebook page, twitter, youtube တို့နှင့် ချိတ်ဆက်ထားမည်ဖြစ်သည်။

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ရုံး**
**နေပြည်တော်**
**၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၃ ရက်**

## အီလက်ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက်အတွက် ဒုတိယအကြိမ် အများပြည်သူသဘောထားမှတ်ချက်တောင်းခံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အီလက်ထရောနစ် လိပ်စာလျာထားသတ်မှတ်ချက် (Myanmar Electronic Addressing Plan) ရေးဆွဲနိုင်ရေးအတွက် အများပြည်သူသဘောထားမှတ်ချက် တောင်းခံခြင်းကို (၅. ၇. ၂၀၁၈) ရက်နေ့တွင် ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပထမအကြိမ် အများပြည်သူသဘောထားတောင်းခံချက်မှ ရရှိလာသည့် အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များအားစိစစ်၍ လိုအပ်သည်များထည့်သွင်းပြင်ဆင်ထားသည့် EAP (မူကြမ်း)အား ဒုတိယအကြိမ် အများပြည်သူသဘောထားတောင်းခံခြင်းကို ၂၀၁၈ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် Myanmar Electronic Addressing Plan (Draft) for Public Consultation Document အား ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm/news/ptd_news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်(ရွှေဈေး) ၁၀၁၅၀၀၀ - ၁၀၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၁၅၀၀၀ - ၁၀၁၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၉၅ ကျပ်၊ | ၁၁၁၀/၁၁၂၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၅/၁၁၁၅ ကျပ်၊ | ၁၁၆၀/၁၁၇၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၄၅/၁၀၆၅ ကျပ်၊ | ၁၁၁၀/၁၁၂၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၈၅/၁၁၀၅ ကျပ်၊ | ၁၁၂၅/၁၁၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၇၅/၁၀၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၈၅/၁၁၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၂၅/၁၀၄၂ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၈၀. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂. ၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆. ၉၉၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉. ၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၂၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၈. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅. ၂၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၄. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၁၃

### ❂ နိုင်ငံတော်သမ္မတမှ

မစ္စတာ ဂျိုကိုဝီဒိုဒိုက မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊

### ❖ ရှေ့ဖုံးမှ

ဆောင်ရွက်နေသည့်ကိစ္စနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဘာလီကျွန်းရှိ Garuda Wisnu Kencana ယဉ်ကျေးမှုဥယျာဉ်သို့ရောက်ရှိကြပြီး Garuda Wisnu Kencana ရုပ်တုတည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် Garuda Wisnu Kencana ယဉ်ကျေးမှုဥယျာဉ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဥယျာဉ်အတွင်းရှိ View Point သို့ရောက်ရှိပြီး ဘာလီကျွန်း၏ သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Thomas Trikasih Lembong၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်၊ အင်ဒိုနီးရှားနိုင်ငံသံတမန်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဘာလီမြို့ Ngurah Rai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Prof. Dr. Iza Fadri နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာလီကျွန်းရှိ Garuda Wisnu Kencana ၌ ကြည့်ရှုလေ့လာစဉ်။**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာလီကျွန်း၏ သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာစဉ်။**




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❖ ဒုတိယသမ္မတ ဦးမြင့်ဆွေမှ

ဖွင့်ပွဲအခမ်းအနား၌ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် MSME လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပထမအကြိမ်ကို မန္တလေးမြို့တွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ပူးပေါင်း၍ လည်းကောင်း၊ ဒုတိယအကြိမ်ကို မကွေးမြို့တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ပူးပေါင်း၍ လည်းကောင်း၊ တတိယအကြိမ်ကို ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို တောင်ကြီးမြို့တွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ပူးပေါင်း၍ လည်းကောင်း၊ ပဉ္စမအကြိမ်ကို မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လည်းကောင်း အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

**ဈေးကွက်များသို့ထိုးဖောက်**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ယနေ့ကျင်းပသော MSME လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲသည် ဆဋ္ဌမအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယခုကဲ့သို့ ပြပွဲပြိုင်ပွဲများကို အလှည့်ကျ ကျင်းပသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတွက် MSMEs Products ပြပွဲနှင့် National Award ပြိုင်ပွဲတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဦးဆောင်ကျင်းပပေးသည့် ပြပွဲပြိုင်ပွဲများ၌ အခြားလုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်း၊ ကြိုးပမ်းအားထုတ်မှုနှင့် ဈေးကွက်ကို ထိထိမိမိ မိတ်ဆက်နိုင်မှုများကို အတုယူရန် ပြောကြားလိုပါကြောင်း။

မြန်မာ့ MSME လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ဆန်းသစ်သည့် အတွေးအခေါ် အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှသာ ဒေသတွင်းလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

**နိုင်ငံခြားဝင်ငွေ ပိုမိုရရှိ**

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ပြည်ပသို့ စားသောက်ကုန်ထုတ်လုပ်တင်ပို့မှု အများဆုံးစာရင်း၌ ကမ္ဘာတွင် အဆင့်(၁၃) နှင့် အာရှတိုက်တွင် အဆင့်(၃)ရှိသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ ဆန်၊ ကြက်သား၊ သကြား၊ ပုစွန်၊ စည်သွတ်ဘူး၊ တူနာငါးနှင့် နာနတ်သီးတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူထွက်ရှိနေသည့် အသားငါးနှင့် သီးနှံထွက်ကုန်များ ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက် မြင့်မားလာစေရေးအတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် စိုက်ပျိုးသီးနှံများကို တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး ဈေးကွက်တည်ငြိမ်မှု ရှိလာမည်ဖြစ်ပါကြောင်း။

ထို့အပြင် စွန့်ပစ်ပစ္စည်းများကို နည်းပညာအသုံးပြုပြီး ပစ္စည်းအသစ်များအဖြစ် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်လာနိုင်မည်ဆိုပါက အမြတ်ပိုမိုရရှိလာစေမည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဥပမာအနေဖြင့် စပါးခွံများကို နည်းပညာအသုံးပြုကာ လောင်စာတောင့်အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၌ အသုံးပြုနိုင်သကဲ့သို့ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော MSME လုပ်ငန်း (ကုန်ထုတ်လုပ်မှု) ၂၀၁၇ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံတွင်ရှိသည့် MSME လုပ်ငန်းများထဲ၌ လျှပ်စစ်မီးမရရှိသေးသည့် MSME လုပ်ငန်းများသည် ၁၃ ရာခိုင်နှုန်းခန့် ကျန်ရှိနေသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စပါးခွံလောင်စာတောင့်အပါအဝင် မြန်မာနိုင်ငံတွင်ရှိသည့် Resources များ၊ စွန့်ပစ်ပစ္စည်းများကို အသုံးချပြီး စွမ်းအင်အသစ်များကို ဖော်ထုတ်အသုံးပြုကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုအခါ နိုင်ငံတိုင်းတွင် သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၊ ဆက်သွယ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းစဉ်အဆင့်ဆင့်၌ တိုးတက်လာသည့် Digital နည်းပညာများကို အသုံးချပြီး Digital Economy ဖြစ်ရန် ကြိုးစားနေကြသည့်အတွက် မိမိတို့၏ MSME လုပ်ငန်းများကို ပံ့ပိုးပေးနေသည့် အစီအစဉ်များ၊ MSME လုပ်ငန်းများနှင့် သက်ဆိုင်သော သင်တန်းများနှင့် ပြိုင်ပွဲများတွင် Digital နည်းပညာများကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အခွင့်အရေးများကိုရယူ**

MSME လုပ်ငန်းများအနေဖြင့် ကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ပြည်သူများ ကောင်းစွာသိရှိအောင် ကြော်ငြာရောင်းချနိုင်ခြင်း၊ ထုတ်ကုန်များကို စားသုံးသူများ သဘောကျနှစ်သက်လာအောင် ဖန်တီးနိုင်မည့် သတင်းအချက်အလက်နှင့် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ စားသုံးသူများ၏ အကြံပြုချက်များ ရရှိနိုင်ခြင်း၊ ဒေသခံများ၏ လိုအပ်ချက်များကို ပိုမိုနားလည်ပြီး ဖြည့်တင်းပေးနိုင်ခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချသူများနှင့် ချိတ်ဆက်နိုင်ခြင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ် (Supply Chain) တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် အခြား MSME လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများအနေဖြင့် ပြပွဲပြိုင်ပွဲနှင့်အတူ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို ရယူနိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်**

SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေသည့်အပြင် MSME များ၏ ပြပွဲနှင့် ပြိုင်ပွဲများ၏ ရလဒ်များကိုအခြေခံပြီး လက်တွေ့ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင်များအနေဖြင့် လက်ဖက်၊ ကော်ဖီ၊ ဝဉ၊ ငရုတ်သီးနှင့် လျှော်ဖြူ စသည့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများကို ပါဝင်ပြသခဲ့ကြပါကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ကျင်းပသည့် China International SMEs Fair ပြပွဲတွင် မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင် ၁၁ ဦး ပါဝင်ပြသလျက်ရှိပါကြောင်း၊ မိမိတို့ MSME လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံများနှင့် အကြံဉာဏ်များကိုရယူပြီး ဈေးကွက်သစ်များ ရရှိနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ဂုဏ်ယူဝမ်းမြောက်**

ယခုကဲ့သို့ MSME ပြပွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် လုပ်ငန်းများနှင့် အလားအလာရှိသော လုပ်ငန်းများကို ပြည်တွင်းစားသုံးသူများနှင့် မီဒီယာများက ပိုမိုသိရှိလာပြီး အောင်မြင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ MSME လုပ်ငန်းရှင်များထံသို့ အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် နိုင်ငံတကာ ဧည့်သည်များ လာရောက်စုံစမ်းခြင်းနှင့် Order မှာယူခြင်းများ ရှိနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

MSME လုပ်ငန်းများသည် စားသုံးသူများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ခေတ်နှင့်အညီ ပြောင်းလဲဖြည့်ဆည်းပေးနိုင်ရန်အတွက် ယှဉ်ပြိုင်မှုများနှင့် အမြဲရင်ဆိုင်နေရပါကြောင်း၊ ထိုသို့ အမြဲပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်ထဲ၌ ရေရှည်ရပ်တည်ရှင်သန်နိုင်ရန်အတွက် MSME လုပ်ငန်းများအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်ရယူပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိရေးနှင့် နိုင်ငံတကာ ဈေးကွက်ရရှိစေရေးတို့အတွက် ကြိုးစားအားထုတ်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် MSME အသိုက်အဝန်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းနှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီများက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပထမပိုင်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဒုတိယပိုင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားအစီအစဉ်ကို ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် MSME လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈)ကို နေပြည်တော်ကောင်စီ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲကာလအတွင်း "သွင်းကုန်များလျှော့ချရေးနှင့် အစားထိုးဆောင်ရွက်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အခန်းကဏ္ဍများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း၊ "SME လုပ်ငန်းများ ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ကျော်လွှားခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပခြင်း၊ FDA လက်မှတ်ထုတ်ပေးမှုဆိုင်ရာလုပ်ငန်းစဉ်များ၊ SME ချေးငွေများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်း အပါအဝင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံများ ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာစည်းရုံးရေးမှူးများ မွမ်းမံသင်တန်းဖွင့်

**ရမည်းသင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်း၍ လူထုဗဟိုပြု နည်းပညာစည်းရုံးရေးမှူးများ မွမ်းမံသင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရမည်းသင်းမြို့ ညောင်ပင်ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ လူထုဗဟိုပြု စီမံကိန်းတတိယစက်ဝန်းအတွက် အခြေခံအဆောက်အအုံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၃ အုပ်စုမှ နည်းပညာစည်းရုံးရေးမှူး ၂၀ ဦးအား မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က လူထုဗဟိုပြုစီမံကိန်း ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် လုပ်ငန်းစဉ်များ၊ တင်ဒါခေါ်ယူခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း သင်ခန်းစာများကို ပို့ချခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သျှစ်သောင်းပုထိုးတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

✳ ကျောဖုံးမှ

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာ ယနေ့အခမ်းအနားသည် မြောက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စွန့်လွှတ်သည့် မြေဧရိယာ ၄၄၅ ဒသမ ၆၇ ဧကအနက် အမှန်စိုက်ပျိုးလုပ်ကိုင်နိုင်မည့်မြေဧရိယာ ၄၂၃ ဒသမ ၀၅ ဧကကို မူလတောင်သူ ၇၆ ဦးထံသို့လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၁၆ ဒသမ ၆၃ ဧက အနက် စိုက်ပျိုးလုပ်ကိုင်နိုင်မည့် မြေဧရိယာ ၁၀ ဒသမ ၉၉ ဧကအား တောင်သူ ရှစ်ဦးထံသို့ လည်းကောင်း၊ ကျောက်တော်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန အမှတ် ၃၇၄ နှင့် ၃၇၅ ခြေမြန်တပ်ရင်းတို့မှ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၅၅ ဒသမ ၀၀ ဧကအား တောင်သူ ၂၂ ဦးထံသို့လည်းကောင်း၊ မြေပုံမြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၃၂၇ ဒသမ ၀၀ ဧကအနက် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်မည့် မြေဧရိယာ ၂၀၃ ဒသမ ၂၀ ဧကအား တောင်သူ ၄၃ ဦးထံသို့လည်းကောင်း၊ စုစုပေါင်းမြို့နယ် သုံးမြို့နယ်တွင် ဝန်ကြီးဌာနသုံးခုမှ ပြန်လည်စွန့်လွှတ်မြေ မြေဧရိယာ ၆၉၂ ဒသမ ၂၄ ဧကကို တောင်သူ ၁၄၉ ဦးလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) များ ပေးအပ်သွားမည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံမြေယာများထဲမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံ မြန်မြန်ရောက်လျှင် စောစောအကျိုးရှိမည်ဖြစ်၍ မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်မှုရှိသည့် မူဝါဒနှင့်လုပ်ငန်းစဉ် ၅၂ ရပ်ချမှတ်ကာ စနစ်တကျစိစစ်၍ အမြန်လွှဲပြောင်းပေးအပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**တဖြည်းဖြည်း လျော့ကျလာမည်**

ယင်းကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် လယ်မဲ့ယာမဲ့ဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက်ရွှေ့ပြောင်း၍ကျူးကျော်နေထိုင်ရမှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံနှင့် သွားရောက်လုပ်ကိုင်နေရမှုများ၊ မြန်မာပြည်မှခေတ်ပညာတတ် လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေရမှုများသည်လည်း တဖြည်းဖြည်း လျော့ကျလာမည်ဖြစ်ပါကြောင်း။

မိမိတို့ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရင်းအမြစ်ခိုင်မာစေရန်နှင့် ရေရှည်တည်တံ့စေမည့်ဖွံ့ဖြိုးတိုးတက်မှု ပတ်ဝန်းကျင်ကို ဆင်းရဲနွမ်းပါးမှုကင်းစွာဖြင့် ဖန်တီးပေးနိုင်ရန်အတွက်မိမိတို့နိုင်ငံ၏ မြေအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲသွားကြရမည် ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ကုလားတန်မြစ် ရေနက်ဆိပ်ကမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့်လည်း နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် အသုံးချနိုင်ရေးအတွက် လိုအပ်သည့်အမျိုးသားမြေအသုံးချမှုမူဝါဒကို ရေးဆွဲအတည်ပြုပြီးဖြစ်ပါကြောင်း၊ ယခုအခါလိုအပ်သည့် အမျိုးသားမြေယာဥပဒေကို ရေးဆွဲနေပြီဖြစ်သည့်အတွက် မြေယာစီမံမှုအဆင့်ဆင့်အား စနစ်တကျလျှောက်လှမ်းလျက်ရှိသည်ကို အသိပေးလိုပါကြောင်း။

သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို ဖြေရှင်းပေးရာတွင် ကော်မတီအဆင့်ဆင့်အနေဖြင့် ချမှတ်ထားသည့်မူဝါဒလုပ်ငန်းစဉ်များအတိုင်း တရားဥပဒေဘောင်အတွင်းက တရားမျှတခြင်းရရှိအောင် စာနာနားလည်မှုရှိရှိဖြင့် ကူညီပေးလိုသည့် မေတ္တာစိတ်အရင်းခံဖြင့် နည်းလမ်းတကျရဲရဲတင်းတင်း ကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ကာ ဖြည့်ဆည်းပေးသွားရန် မှာကြားလိုပါကြောင်း။

ယခုကဲ့သို့ ရခိုင်ပြည်နယ်မြောက်ဦးခရိုင်အတွင်းတွင် စွန့်လွှတ်အပ်နှံမြေများအား မူလတောင်သူလယ်သမားများလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း၊ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရ မြေယာများကို သားစဉ်မြေးဆက်တိုင် အဘက်ဘက်က တိုးတက်အောင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရင်း စားနပ်ရိက္ခာ ဖူလုံစေရုံသာမက ပြည်ပပို့ကုန်ထုတ်လုပ်တင်ပို့သူများအဖြစ်ပါ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ပြောကြားသည်။

**ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြား**

ဆက်လက်၍ ရခိုင်ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း သိမ်းဆည်းမြေဆိုင်ရာကိစ္စများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက ပြန်လည်စွန့်လွှတ်မြေဆိုင်ရာ စာရွက်စာတမ်းများအား မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မြောက်ဦးမြို့နယ် ရွာဟောင်းတောကျေးရွာမှ တောင်သူ ၅၀ ကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာမှ တောင်သူ ၂၃ ဦးနှင့် ပေါက်ပင်ကွင်းကျေးရွာမှ တောင်သူ ၁၁ ဦးတို့၏ကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်တော်မြို့နယ် အခစားကျေးရွာမှ တောင်သူ ၁၃ ဦးနှင့် လက်ခုပ်ပင်ရင်းကျေးရွာမှ တောင်သူကိုးဦးတို့ကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က မြေပုံမြို့နယ် မြောက်ကြိမ်ကျေးရွာမှ တောင်သူ ၂၂ ဦးကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက မြေပုံမြို့နယ် မြောက်ကြိမ်ကျေးရွာမှ တောင်သူ ၂၂ ဦးကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ပေးအပ်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်တို့မှ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) လက်ခံရရှိသော တောင်သူများကိုယ်စား တောင်သူဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက်ဒုတိယသမ္မတနှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းရှိ သျှစ်သောင်းပုထိုးတော်ကြီးနှင့် ကိုးသောင်းပုထိုးတော်ကြီးတို့သို့သွားရောက်ပြီး ဒုတိယသမ္မတက သျှစ်သောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ကျောက်စာများ၊ ရှေးဟောင်းအမွေအနှစ် လက်ရာများ ခင်းကျင်းပြသထားမှုကို ရှင်းလင်းပြောကြားပြီး ဒုတိယသမ္မတအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

**ရောက်ရှိစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် မြောက်ဦးမြို့နယ်အတွင်းရှိ တိမ်ညိုတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိမ်ညိုတံတားသည် မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်အား ဆက်သွယ်သွားလာနိုင်ရန် တံတားအထူးအဖွဲ့ (၇) မှ တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တံတားအရှည်ပေ ၃၆၀ ရှိသည့် သံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေသည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဒုတိယသမ္မတသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသို့ရောက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)နှင့် ပလက်ဝ-ဇိုရိပူ နှစ်လမ်းသွားအဝေးပြေး စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းကြီးဖြစ်ပါကြောင်း ယင်းစီမံကိန်းသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံစီးပွား ဖွံ့ဖြိုးရေးအတွက်လည်း အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ပြီးပါက ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက်သာမက ဒေသ၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စီမံကိန်းအောင်မြင်ရေးအတွက် ဌာနဆိုင်ရာအားလုံးက လိုအပ်သည်များ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ စီမံကိန်းမှရရှိမည့် အကျိုးစီးပွားများကို ဒေသခံပြည်သူများ ဆောလျင်စွာ ခံစားရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **စာမျက်နှာ ၇ သို့** ❖

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အဘိုးဖြစ်သူ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ကရင်တိုင်းရင်းသားဝတ်စုံအား အမျိုးသားပြတိုက်(နေပြည်တော်)သို့ လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၂**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဘိုးဖြစ်သူ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ဝတ်စုံကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ လှူဒါန်းသည့် အခမ်းအနားကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုလှူဒါန်းသည့်ဝတ်စုံသည် အဘိုးဖြစ်သူ မန်းဘခိုင်၏ ကရင်တိုင်းရင်းသားရိုးရာဝတ်စုံဖြစ်ပါကြောင်း၊ အဘွားမှတစ်ဆင့် မျိုးရိုးအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါကြောင်း၊ အဘိုးဖြစ်သူ မန်းဘခိုင်သည် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအနက်မှ တစ်ဦးဖြစ်သည့်အတွက် ၎င်းဝတ်စုံသည် သမိုင်းကြောင်းအရလည်း တန်ဖိုးရှိပါကြောင်း၊ မိသားစုက ထိန်းသိမ်းခြင်းထက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ လှူဒါန်းပြီး အများပြည်သူကို ပြသခြင်းက ပိုမိုအကျိုးရှိမည်ဟု ယူဆပါကြောင်း စသဖြင့် ဝတ်စုံလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝတ်စုံအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ပြတိုက်များသည် ပြသပစ္စည်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုတေသနပြုခြင်းနှင့် ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဆိုသည့် ပြတိုက်ဆိုင်ရာလုပ်ငန်းစဉ်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြသပစ္စည်းများကို စုဆောင်းရာတွင် နိုင်ငံတော်ပိုင်အဖြစ်ရရှိခြင်း၊ ဝယ်ယူရရှိခြင်း၊ လှူဒါန်းရရှိခြင်း၊ ငှားရမ်းရရှိခြင်း၊ ခေတ္တရရှိခြင်း၊ အပ်နှံရရှိခြင်းစသည့် နည်းလမ်း ခြောက်မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၎င်းအဘိုး၏ဝတ်စုံကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ လှူဒါန်းခြင်းသည် ပြသပစ္စည်းစုဆောင်းရေးနည်းလမ်းနှင့် ကိုက်ညီပါကြောင်း၊ ယခုဝတ်စုံသည် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအနက်မှ တစ်ဦးဖြစ်သူ မန်းဘခိုင်၏ ဝတ်စုံဖြစ်ကြောင်းသိရသဖြင့် သမိုင်းတန်ဖိုးကြီးမားသည့် ပစ္စည်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စား အလှူရှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အမျိုးသားပြတိုက် နှစ်ခုအပါအဝင် ပြတိုက်ပေါင်း ၃၂ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ပြသလျက်ရှိသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဘိုးဘွားစဉ်ဆက် သိမ်းဆည်းထားသူများ၊ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလိုသူများအနေဖြင့် ပေးအပ်လှူဒါန်းလာပါက ထိုက်တန်သည့်ဆုကြေးငွေ ပေးအပ်၍ စုဆောင်းလျက်ရှိပြီး သင့်တော်သည့်အချိန်ကာလများတွင် ပြတိုက်များ၌ ခင်းကျင်းပြသလျက်ရှိသည်။

သို့ဖြစ်ပါ၍ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ တိုင်းရင်းသားရိုးရာပစ္စည်းများကို လှူဒါန်းလိုသူများအနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်ဌာနခွဲများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-မော်ရိုကို နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့် အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**
မြန်မာ-မော်ရိုကို နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့် အခမ်းအနားကို ယနေ့ည ၇ နာရီက နေပြည်တော်ရှိ အမ်ဂယ်လာရီဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နှုတ်ခွန်းဆက်ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုဘုရင်နိုင်ငံသံအမတ်ကြီး မစ္စတာ အက်ဘ်ဒယ်လီလာ အယ်လ်ဟိုစနီက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုဘုရင်နိုင်ငံသံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ-မော်ရိုကို နှစ်နိုင်ငံယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ညစာခံပွဲသို့တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**






# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများအပါအဝင် လုပ်ငန်းခြောက်ခု ခွင့်ပြု

**ရန်ကုန် အောက်တိုဘာ ၁၂**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများမှ ပညာရေးဝန်ဆောင်မှုလုပ်ငန်း လေးခု၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတစ်ခုနှင့် IT Wholesale and Retail လုပ်ငန်း တစ်ခု စုစုပေါင်း လုပ်ငန်းခြောက်ခု တို့အား ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းများကို ရက်ပေါင်း ၄၀ အတွင်း အပြီးဆောင်ရွက်ပေးနေ

**ရန်ကုန် အောက်တိုဘာ ၁၂**
ကုမ္ပဏီဥပဒေသစ်၊ ပုဒ်မ ၄၆ အရ တိုင်းပြည်စီးပွားရေး လုံခြုံမှု ကြီးစွာသောသက်ရောက်မှုများ ထိခိုက်မှုများ ရှိလာမည်ဆိုလျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြည်ထောင်စုအစိုးရက ခွင့်ပြုချက်များအပြင် လွှတ်တော်ထိ ခွင့်ပြုချက် တင်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည့် Overview of Business Laws in Myanmar အကြောင်း ရှင်းလင်းပွဲတွင် ပြောကြားသည်။

"ပုဒ်မ ၄၆ အရ အကယ်၍များလုပ်မယ်၊ ရင်းနှီးမြှုပ်နှံမှုက တိုင်းပြည်လုံခြုံမှု၊ တိုင်းပြည်စီးပွားရေး၊ တိုင်းပြည်ပတ်ဝန်းကျင်ကို ကြီးစွာသောသက်ရောက်မှုတွေ၊ ထိခိုက်မှုတွေ ရှိလာနိုင်တယ်ဆိုရင် MIC နဲ့ မပြီးတော့ဘူး၊ အစိုးရနဲ့လည်း မပြီးတော့ဘူး၊ လွှတ်တော်အထိတင်ရမယ်၊ လွှတ်တော်က အတည်ပြုမှသာ ဒီလုပ်ငန်းတွေက လုပ်ခွင့်ရှိတယ်" ဟု ဦးအောင်နိုင်ဦးက ပြောသည်။

ရင်းနှီးမြှုပ်နှံသူက နိုင်ငံသားဖြစ်ပါစေ၊ နိုင်ငံခြားသားဖြစ်ပါစေ တိုင်းပြည်စီးပွားရေးနှင့် လုံခြုံမှုကို ကြီးစွာထိခိုက်မည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်အထိ တင်ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးဝင်လာရန်၊ မြန်မာရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာရန် ရည်ရွယ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ကုမ္ပဏီဥပဒေ စသည့် ဥပဒေ သုံးမျိုးရှိပြီး ရင်းနှီးမြှုပ်နှံသူများက မိမိရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းနှင့် ကိုက်ညီသည့် ဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လက်ရှိအချိန်တွင် မိမိဌာနသို့ တင်ပြလာသည့် လုပ်ငန်းများကို ရက်ပေါင်း ၄၀ အတွင်း အပြီးသတ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ပြီးခဲ့သည့်ခြောက်လတာကာလ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရည်မှန်းထားသည်ကို မပြည့်မီဘဲ သုံးပုံနှစ်ပုံသာ ဝင်ကြောင်း၊ အမေရိကန်ဒေါ်လာ သန်းသုံးထောင်လာရောက်ရင်းနှီးမြှုပ်နှံရန်မှန်းထားရာ အမေရိကန်ဒေါ်လာ ၁၉၃၂ သန်းသာ ရင်းနှီးမြှုပ်နှံမှုရှိကြောင်း သိရသည်။ **SMW**

## လုပ်ငန်းစဉ်ကြီး (၃) ရပ်

## နိုင်ငံတည်ဆောက်ရေး၊ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး

- လက်ရှိအချိန်သည် အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ဖြစ်လာစေရန် ပြန်လည်တည်ဆောက်နေရသည့်ကာလဖြစ်ပါသည်။
- တစ်ချိန်တည်းမှာပင် နိုင်ငံလွတ်လပ်ရေးရရှိပြီးကတည်းက မျှော်မှန်းခဲ့ကြသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများကိုရရှိစေပြီး နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှု စသည့် အခွင့်အရေးသာတူညီမျှဖြစ်သည့်၊ ဝါဒရေးရာအရဖြူစင်သည့်၊ အားလုံးအမြတ်တနိုးပိုင်ဆိုင်ထားသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါသည်။
- ထို့အပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှသည် ဒီမိုကရေစီရင့်သန်ခိုင်မာသည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးပမ်းနေရဆဲလည်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြီးသုံးရပ်လုံးသည် တစ်ခုပြီးမှတစ်ခုဆိုသလို ချန်လုပ်ထား၍ မရဘဲ တစ်ခုနှင့်တစ်ခုဆက်စပ်ပြီး ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

❖ စာမျက်နှာ ၅ မှ

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်တွင် ပြသထားသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဒီဇိုင်းပုံစံငယ်အား ကြည့်ရှုပြီး တန်ချိန် ၂၀၀၀၀ ရှိ ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား တည်ဆောက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ဆောင်ရွက်လျက်ရှိ

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် စစ်တွေဆိပ်ကမ်းသို့ တန်ချိန် ၆၀၀၀ ရေယာဉ်များ ဝင်/ထွက် ဆိုက်ကပ်နိုင်ရေးအတွက် လုံလောက်သော ရေအနက်ရရှိစေရန် သောင်တူးခြင်း၊ စစ်တွေဆိပ်ကမ်းတွင် တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း တည်ဆောက်ခြင်း၊ တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ် ခြောက်စင်း တည်ဆောက်ခြင်း၊ စစ်တွေနှင့် ပလက်ဝတို့တွင် တန်ချိန် ၃၀၀ မြစ်တွင်းသွား ရေယာဉ်များဆိုက်ကပ်ရန် ဆိပ်ခံတံတား နှစ်စင်း တည်ဆောက်ခြင်း၊ စစ်တွေမှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြအမှတ်အသားများ ပြုလုပ်တပ်ဆင်ခြင်းနှင့် ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ် အဝေးပြေးမော်တော်ကားလမ်း ဖောက်လုပ်ခြင်းတို့ ပါဝင်ကြောင်း၊ စီမံကိန်းတန်ဖိုးမှာ ဆိပ်ကမ်း သုံးခု၊ ရေယာဉ်ခြောက်စင်းနှင့် ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ခန့်နှင့် ပလက်ဝမှ မြန်မာ-အိန္ဒိယ နယ်စပ်အထိ အဝေးပြေးကားလမ်းဖောက်လုပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၃၂၄ သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈၄ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့်ပတ်သက်သည့် အခွင့်အလမ်းများရရှိလာခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ရှိ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား အဆင့်မြှင့်တင်နိုင်ရန် အဆောက်အဦအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသည့် လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆောက်အအုံအား အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးကြပ်မတ် ဆောင်ရွက်ထားမှုအခြေအနေကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ပြည်နယ်အဆင့် ခုတင် ၅၀၀ ဆေးရုံကြီးအတွက် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းနေမှု၊ အဆောက်အအုံများဆောက်လုပ်ရန် လျာထားမှုနှင့် ဆေးရုံအတွက်လိုအပ်သော ဝန်ထမ်းများ ဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား လှည့်လည်ကြည့်ရှုကာ ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်းနေ မနူရာဟန်၊ ပေါက်တောမြို့ ငှက်ချောင်း IDP စခန်းနေ မဂူလ် အာဟာတူ၊ စစ်တွေမြို့ ဒါးပိုင်း IDP စခန်းနေ မချန်ချီဒါနှင့် မြေပုံမြို့ ရပ်ချောင်းရွာနေ မနွယ်နွယ်လင်းထွန်းတို့အား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ ဆတ်ရိုးကျချောင်းတံတားစီမံကိန်းသို့သွားရောက်ပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်တွင် လမ်းတံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရေရှည်ခိုင်ခံ့မှုရှိစေရန်အတွက် တည်ဆောက်ထားရှိမှု အခြေအနေနှင့် တံတားချဉ်းကပ်လမ်းများ ဆက်လက်ဖောက်လုပ်မည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်မှ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### တိုးတက်လာမည်

ဆတ်ရိုးကျတံတားသည် စစ်တွေမြို့ လမ်းမတော်ရပ်ကွက်နှင့် ဆတ်ရိုးကျကျေးရွာအား ဆက်သွယ်ထားသော ဆတ်ရိုးကျချောင်းပေါ်တွင် တည်ဆောက်ထားပြီး တံတားအရှည် ၁၆၄၂ ပေ ရှိကာ သံမဏိ သံပေါင် တံတားအမျိုးအစားဖြစ်ပြီး တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကြောင်း၊ တံတားစီမံကိန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး လာမည့် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တံတားဖွင့်လှစ်ပြီးပါက မြို့ပြပိုမိုဖွံ့ဖြိုးလာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စစ်တွေမြို့ပြည်နယ်အစိုးရအဖွဲ့ရုံးအနီး ကျောင်းကြီးတန်းရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)သို့ သွားရောက်ပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်နေမှု အခြေအနေနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးပြီး အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ရေခံမြေခံသဘာဝအရင်းအမြစ်ကောင်းများ ရှိပြီးဖြစ်ရာ ယင်းအခွင့်အလမ်းကို အကျိုးရှိရှိအသုံးချ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ လေးမြို့မြစ် ရေအားလျှပ်စစ်စီမံကိန်းများသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀ ခန့် ထုတ်ယူရရှိနိုင်ကြောင်း သိရှိရသဖြင့် ယင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် အိမ်နီးချင်းနိုင်ငံများသို့ ပို့လွှတ်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



**စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ Film Analysis ပြုလုပ်ခဲ့ရာ တက်ရောက်လေ့လာသူများကို တွေ့ရစဉ်။**

## ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုလေ့လာပြီး ရှုထောင့်မျိုးစုံမှ ခွဲခြမ်းစိတ်ဖြာလေ့လာတတ်စေရန်နှင့် အတွေးအမြင်ကောင်းများ၊ ဗဟုသုတများ မျှဝေပေးနိုင်ရန် ရည်ရွယ်၍ ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းအမှတ် (၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစီအစဉ်တွင် ဒါရိုက်တာ JIA ZHANG-KE ရိုက်ကူးခဲ့သည့် “Still Life” ရုပ်ရှင်ဇာတ်ကားကို ပြသပြီး ၎င်းဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film And Reality) ကို ဇာတ်ညွှန်းရေးဆရာ ဒေါက်တာအောင်မင်းက ဦးဆောင်၍ သုံးသပ် ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ Still Life ရုပ်ရှင်ဇာတ်ကားသည် Art House Film အမျိုးအစားဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် အီတလီနိုင်ငံ၌ ကျင်းပခဲ့သည့် ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ဇာတ်ကားဆုနှင့် ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် အာရှရုပ်ရှင်ပွဲတော်တွင် ဒါရိုက်တာဆုရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့မှ Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်ဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၆ ရက်တွင် ဒါရိုက်တာ Edward Yang ၏ “Yi Yi” ရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ဒါရိုက်တာ Jean-Pierre နှင့် Luc Dardenne ၏ "Rosetta" ဇာတ်ကားဖြင့် လည်းကောင်း Film Analysis ဆောင်ရွက်ခဲ့ပြီး ယခု ကျင်းပခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးစာပေပြပွဲ၊ သုတ၊ ရသ စာပေပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ကောလင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ စာပေမြတ်နိုးသူများအဖွဲ့က ပူးပေါင်းကျင်းပသည့် ကလေးစာပေပြပွဲ၊ သုတ၊ ရသစာပေပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ဗိုလ်ချုပ်ပန်းခြံရှေ့ ရွှေမင်းဝံလမ်းမ၌ ကျင်းပသည်။

ကလေးစာပေပြပွဲ၊ သုတ၊ ရသစာပေပြပွဲနှင့် စာဖတ်ရှိန် မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော် ကျင်းပပေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ကျောင်းစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပညာဗဟုသုတ၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝ၍ အနာဂတ်တွင်တိုင်းပြည်အတွက် ဦးဆောင်သူများ ဖြစ်လာစေရန်၊ စာအုပ်ဈေးရောင်းပွဲတော်များ၊ စဉ်ဆက်မပြတ်ကျင်းပခြင်းအားဖြင့် စာအုပ်စာပေနှင့် ကင်းဝေးသူများအား စာပေတွင် ပြန်လည်စိတ်ဝင်စားစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်စည်ပင်သာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းညီ၊ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ အိန္ဒိယနိုင်ငံ ကုန်းတွင်း၌ ဖြစ်ပေါ်နေသော အားကောင်းသောကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး နောက် ၆ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Chansamone CHANYALATH က အောက်တိုဘာ ၁၁ ရက်ညပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Don Chan Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ**(ယာပုံ)** ညစာအား အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့မှ တေးသံသာများ၊ အကပဒေသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့အား အမှတ်တရပန်းခြင်းပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့အနေဖြင့် နယ်သာလန်နိုင်ငံ အပါအဝင် EU အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး ဖြစ်ရပ်မှန်သမျှကို သတင်းထုတ်ပြန်လျက်ရှိမှုနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးရရှိရန် အမှန်တကယ် ဆန္ဒရှိမှု၊ ရိုးသားမှု၊ အပြန်အလှန် ယုံကြည်မှုတို့အပေါ် မူတည်နေသည့် အခြေအနေများနှင့် နယ်သာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အစိုးရဘက်ရော၊ တပ်မတော်ဘက်ကရော ခေါင်းဆောင်ကြီးတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးတယ်ဆိုတာ အင်မတန်ကောင်းတာဖြစ်ပါတယ်

ဒုတိယဥက္ကဌ ဦးခွန်မြင့်ထွန်း

**အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရောက်ရှိလာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-**



ဦးခွန်မြင့်ထွန်း



ဒေါ်စောမြရာဇာလင်း



ဦးမျိုးဝင်း



နိုင်အောင်မငေး

**ဦးခွန်မြင့်ထွန်း(ဒုတိယဥက္ကဌ)**
**ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့(PNLO)**

ကျွန်တော်တို့ အဓိကဆွေးနွေးမှာကတော့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်ဆို့နေတဲ့ ကိစ္စတွေရှိတယ်။ ဒီဟာတွေကို ဘယ်လိုကျော်လွှားမလဲဆိုတာရယ်၊ နောက်တစ်ခုက ပြီးခဲ့တဲ့ တတိယပင်လုံမှာ သဘောတူထားခဲ့တဲ့အတိုင်း ကျွန်တော်တို့အားလုံး သန္နိဋ္ဌာန်ပြုခဲ့ကြတာရှိပါတယ်။ အဲဒါကတော့ ၂၀၁၈ ခုနှစ်မှာ နောက်ထပ်တစ်ကြိမ်၊ ၂၀၁၉ ထဲမှာ နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ညီလာခံကျင်းပပြီးတော့ ဒီကာလအတွင်းမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံရရှိရေးကို ဦးတည်ပြီးဆောင်ရွက်မယ်ဆိုတာ ကျွန်တော်တို့ သဘောထားကို ဆန္ဒပြုထားကြတာရှိတယ်။ အဲဒါကိုလည်း အကောင်အထည်ဖော်ဖို့၊ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်ဆို့နေတဲ့ ကိစ္စတွေဆိုရင် ဆုံးဖြတ်နိုင်တဲ့ လူတွေအကြားမှာ ဆုံးဖြတ်ချက်ချပေးနိုင်ဖို့ကို ဆွေးနွေးမှာပါ။

အခုလို တွေ့ဆုံတာကိုက ကျွန်တော်တို့ တိုင်းပြည်အတွက် အများကြီးကောင်းတဲ့ရလဒ်ဖြစ်ပါတယ်။ ဆွေးနွေးတဲ့ရလဒ် အဖြေမထွက်သေးသည်ဆိုစေကာမူ အခုလိုအဆင့်မျိုး တွေ့ဆုံပြီးတော့ ဆုံးဖြတ်တဲ့အပေါ်မှာ အစိုးရဘက်ရော၊ တပ်မတော်ဘက်ကရော ခေါင်းဆောင်ကြီးတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးတယ်ဆိုတာ အင်မတန်ကောင်းတာဖြစ်ပါတယ်။

**ဒေါ်စောမြရာဇာလင်း(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)**
**ရခိုင်လွတ်မြောက်ရေးပါတီ (ALP)**

အဓိကထားပြီးမျှော်လင့်တာက တစ်ဆို့နေတဲ့ အချက်ကြီးတွေပါ။ ရှေ့ကိုမျှော်လင့်ချက်တွေလည်း အများကြီးရှိပါတယ်။ ဒီတစ်ဆို့နေတဲ့အချက်တွေပြီးသွားရင် နိုင်ငံတော်ကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ စဉ်းစားချင်တဲ့ ဆန္ဒရှိပါတယ်။ အဓိကတစ်ဆို့နေတာကတော့ ခွဲမထွက်ရဆိုတဲ့ ကိစ္စတွေရှိပါတယ်။ ပြီးရင် တိုင်းရင်းသားတွေအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေက ဘယ်လိုရမလဲဆိုတာတွေကို အဓိကထား ဆွေးနွေးချင်ပါတယ်။ အစိုးရဘက်က ဘယ်လောက်ထိ လျှော့ပေးနိုင်မလဲ၊ ကျွန်မတို့ဘက်က ဘယ်လောက်ထိ လျှော့ပေးနိုင်မလဲဆိုတာပါ။ အပြန်အလှန် ညှိနှိုင်းမှုနဲ့ပဲ အဖြေရှာရတာဖြစ်ပါတယ်။ အဲဒါကြောင့် ကိုယ်ကပဲ နိုင်ရမယ်ဆိုတာလည်း မမျှော်လင့်ပါဘူး။ နှစ်ဖက်စလုံးက Win - Win ကိုပဲ မျှော်လင့်တာရှိပါတယ်။

အဲဒါကြောင့် အခုလို တွေ့ဆုံဆွေးနွေးဖို့အတွက် အဓိကကြိုးစားတာက EAO ဖြစ်ပါတယ်။ EAO ကနေ ပေးလိုက်တဲ့ Proposal ကို အစိုးရကဝမ်းပန်းတသာ လက်ခံကြိုဆိုတဲ့အပေါ်မှာ ကျွန်မတို့တွေအနေနဲ့လည်း ဒီနေရာကို ရောက်လာဖို့အတွက် အကြိတ်အနယ်ကြိုးစားပြီးတော့ လာခဲ့ရတာဖြစ်ပါတယ်။ ကျွန်မတို့ ဒီလိုလာရခြင်းဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ မျက်နှာကို ကြည့်တာပါ။ တိုင်းပြည်ရဲ့ မျက်နှာကို ကြည့်တာပါ။ ကိုယ်ပိုင် အတ္တတရားတွေကို ရှေ့တန်းမတင်ပါဘူး။ အများကောင်းစားရေးအတွက်ကိုပဲ ကြိုးစားပြောမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လာခဲ့တာဖြစ်ပါတယ်။

**ဦးမျိုးဝင်း(ဒုတိယဥက္ကဌ)**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက်၊ အဓိကကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အခက်အခဲလေးတွေ ရှိနေတဲ့အနေအထားလေးတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပြီးခဲ့တဲ့ ပင်လုံညီလာခံမှာကတည်းက ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပြီးတော့မှ ညှိနှိုင်းထားတဲ့ အချက်တွေရှိပါတယ်။ အဲဒါက ပင်လုံအစည်းအဝေးတွေကို ဘယ်လိုဆက်လက်ကျင်းပသွားမယ်။ ပင်လုံအစည်းအဝေးတွေမှာ ကျွန်တော်တို့ ဖက်ဒရယ်နဲ့ ဒီမိုကရေစီ အခြေခံမူတွေရရှိအောင် ကြိုးပမ်းသွားမယ်ဆိုတဲ့ သဘောထားတွေရှိပါတယ်။

ပြီးခဲ့တဲ့ ပင်လုံညီလာခံမှာလည်း ထုတ်ပြန်ကြေညာချက်တွေနဲ့ ထုတ်ပြန်ထားတာရှိတယ်။ ဒါတွေရရှိအောင် ဘယ်လိုဆောင်ရွက်သွားမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲမှာလည်း အခက်အခဲဖြစ်နေတဲ့အပိုင်းက အခြေခံမူတွေရှာဖို့အတွက်ဆိုတဲ့ နေရာမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲမထွက်ရေးကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းအခက်အခဲဖြစ်တာလေးတွေရှိတယ်။ လုံခြုံရေးကဏ္ဍမှာဆိုရင်လည်း တစ်ခုတည်းသော တပ်မတော်ကိစ္စ၊ အဲဒီလိုမျိုး အခက်အခဲဖြစ်နေတဲ့ နိုင်ငံရေးပိုင်းဆိုင်ရာ ကိစ္စလေးတွေအတွက် ကျွန်တော်တို့ ဆွေးနွေးဖြေရှင်းဖို့ရှိတယ်။

နောက်တစ်ခုက အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံရေးဆွေးနွေးပွဲကို ကျွန်တော်တို့ တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့ ပုံသဏ္ဌာန်ဖြစ်အောင် ကြိုးပမ်းကျင်းပနေတာပဲ။ ဒါပေမယ့် ဆွေးနွေးမှုပုံသဏ္ဌာန်မှာလည်း နည်းနည်းအခက်အခဲရှိတယ်။ ဆုံးဖြတ်ချက်ချတဲ့ပုံသဏ္ဌာန်မှာလည်း နည်းနည်းအခက်အခဲရှိတယ်။ နိုင်ငံရေးဆွေးနွေးမှု ပုံသဏ္ဌာန်မူဘောင် ဘယ်လိုပုံစံနဲ့ ပြင်ဆင်ပြောင်းလဲမလဲဆိုတဲ့ မူပိုင်းဆိုင်ရာကိစ္စတွေကို ဆွေးနွေးဖို့ရှိတယ်။

**စာမျက်နှာ ၁၀ သို့ ❖**

# ကလေးစာပေပွဲတော်(ပုသိမ်) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၂**

ကလေးစာပေပွဲတော်(ပုသိမ်)ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ပုသိမ်တက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**များစွာအရေးကြီး**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းပြည်ထူထောင်ရာတွင် သဘာဝသယံဇာတအရင်းအမြစ်များ လိုအပ်သလို လူသယံဇာတအရင်းအမြစ်များလည်း လိုအပ်ပါကြောင်း၊ တန်ဖိုးရှိသော လူသယံဇာတများဖြစ်စေရန် အသိပညာ၊ အတတ်ပညာများ လိုအပ်ပါကြောင်း၊ အခြေခံအကျဆုံးသည် စာပေဖြစ်ပါကြောင်း၊ ကျောင်းများတွင် စာပေအတတ်ပညာသင်ကြားမှုသည် ဘဝအတွက် အခြေခံကျပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများလည်း များစွာလိုအပ်ပါကြောင်း၊ နည်းပညာဖွံ့ဖြိုးမှုများ မြင့်မားလာသည်နှင့်အမျှ လူတို့၏ သင်ယူလေ့လာမှုများကလည်း စဉ်ဆက်မပြတ်ရှိရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စာအုပ်စာပေဖတ်ရှုမှုသည် များစွာအရေးကြီးပါကြောင်း။

ကလေးစာပေပွဲတော်တွင် စာအုပ်ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားပါကြောင်း၊ ကလေးစာပေပွဲတော်နည်းတူ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များ၊ လူငယ်များနှင့် စကားဝိုင်းများကိုလည်း အနာဂတ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကလေးစာပေပွဲတော်(ပုသိမ်) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပွဲတော်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပွဲတော်ဖြစ်မြောက်ရေးဆပ်ကော်မတီများနှင့် တက်ရောက်လာကြသူများက ပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများနှင့် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။



**ဦးဆောင်ဦးရွက်ပြု**

ကလေးစာပေပွဲတော်(ပုသိမ်)ကို ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူများ ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများဖြစ်သော နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ရန်ကုန်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပုသိမ်မြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ နေ့စဉ်စာပေဟောပြောပွဲများ၊ ဂိမ်းကစားပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကျင်းပမည်ဖြစ်သည်။ အလားတူ ခရိုင်အဆင့် မြို့ကြီးများတွင်လည်း ၂၀၁၇ ခုနှစ်မှစ၍ ယနေ့အထိ မြို့ကြီး ၃၇ မြို့တွင် ကျင်းပခဲ့ပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်အတွင်း ကလေးစာပေပွဲတော်(ပုသိမ်) ကျင်းပမည့်နေရာများကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ဓာတ်ပုံ)** **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မလေးရှားနိုင်ငံ၏ အမျိုးသားနေ့၊ တပ်မတော်နေ့နှင့် မလေးရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ညစာ့ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

မလေးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့၊ (၈၅) နှစ်မြောက် တပ်မတော်နေ့နှင့် နှစ်(၆၀)ပြည့် မလေးရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ညစာ့ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Royal Lake Hotel ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး ဒေါ်သွင်သွင်အေးမှိုတို့ တက်ရောက်ကြသည်။

**စတင်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် မလေးရှားနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Zahairi Baharim နှင့် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က မလေးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့နှင့် နှစ်(၆၀)ပြည့် မလေးရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်ကိတ်ကိုလှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၌ကျင်းပမည့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ရခိုင်လွတ်မြောက်ရေးပါတီ(ALP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တနေထိုင်တည်းခိုမည့် သတ်မှတ်နေရာများသို့ ပို့ဆောင်ပေးကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မဟာပညာရေးဘွဲ့ နှင့် ပညာရေးဘွဲ့ သင်တန်းများဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့နံနက် ၉ နာရီက မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း အမှတ်စဉ်(၁၆)နှင့် ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၂)တို့၏ သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်း၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေရေးအတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ သက်တမ်းတစ်လျှောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့သင်တန်းဆင်းမောင်မယ်များအပါအဝင် မဟာပညာရေးဘွဲ့ ၁၀၆ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၈၄၂ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာ ၇၄၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ၁၃၃၀၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် တက္ကသိုလ်တွင် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ တက်ရောက်သင်တန်းဆင်းခဲ့ကြပြီးဖြစ်ကြောင်း၊ ယခုလက်ရှိ တက္ကသိုလ်တွင် တိုင်းရင်းသားမျိုးနွယ်စု ၈၂ မျိုးတက်ရောက်လျက်ရှိပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၅၀ ပညာသင်ကြားလျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများမှာ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ်မျှော်မှန်းပြီး နိုင်ငံတော်က လေ့ကျင့်ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျင့်ဝတ်သိက္ခာပြည့်စုံခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်း စသည့်အခြေခံမူများအပေါ် တည်ဆောက်ထားသည့် လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခိုင်မာမှုရှိသည့် ပြည်သူ့ဝန်ထမ်းများသည် ကောင်းမွန်သော ဒီမိုကရေစီကျင့်စဉ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် စံပြထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်သူများအတွက် အစိုးရကို ကိုယ်စားပြုနေသည့် နိုင်ငံ့ဝန်ထမ်းများ၏ ရိုးဖြောင့်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့မှာ နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုများ တိုးပွားလာစေရေးအတွက် အလွန်အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း။

ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းတစ်ဦးချင်း၏ ရပိုင်ခွင့်များကို သိရှိရန်လိုအပ်သကဲ့သို့ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် ကျင့်ဝတ်၊ စောင့်ထိန်းရမည့် စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာသွားရန်လိုအပ်မည် ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဝန်ကြီးဌာနအသီးသီးမှာရှိသည့် နိုင်ငံ့ဝန်ထမ်းများကို "အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုအခြေခံမှု"ကို ကျင့်သုံးနေသည့်အတွက် မိမိတို့၏ အောင်မြင်တိုးတက်မှုမှာ မိမိတို့၏ ကြိုးစားအားထုတ်မှု၊ လုပ်ငန်းစွမ်းဆောင်ရည်၊ ရိုးဖြောင့်မှုနှင့် ကျွမ်းကျင်မှုတို့အပေါ်တွင် မူတည်နေပါကြောင်း။

ထို့ကြောင့် မိမိတို့၏ အောင်မြင်တိုးတက်မှုအတွက် ရိုးသားကြိုးစားပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သော ခံယူချက်၊ မြဲမြံသော အကျင့်စာရိတ္တများကို လက်ကိုင်ပြုပြီး နိုင်ငံတော်၏ တာဝန်များကို စွမ်းစွမ်းတမံထမ်းရွက်သွားကြပါဟု မှာကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် ကျောင်းဆင်းပြီး၍ ကျရာဒေသများတွင် ပညာရေးဝန်ထမ်းအဖြစ် ဆရာ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ကြသည့်အခါ ပညာရေးတာဝန်အပြင် တိုင်းပြည်၏ အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းတည်ငြိမ်ရေးရရှိသည်အထိ ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စေတနာထားပြီး တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် အကောင်းဆုံးဖြစ်ရန် ထမ်းဆောင်ကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က စံပြထူးချွန်ဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဆရာကြီး ဒေါက်တာသန်းဦးက ပညာထူးချွန်ဆုရရှိသူကို ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၂)တွင် တက်ရောက်အောင်မြင်ခဲ့သူ ၁၆၅ ဦးတို့အား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် မိဘများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ဧည့်ခန်း၌ စံပြထူးချွန်ဆုနှင့် ထူးချွန်ဆုရရှိသူအား အားပေးစကားပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုညနေစာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ယနေ့ကျင်းပသော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း အမှတ်စဉ်(၁၆)နှင့် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ၌ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသား လူငယ် ၁၇၆ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဒိန်းမတ်သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine SchranerBurgener နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး စသည့် ရည်မှန်းချက်ပန်းတိုင်သုံးရပ် ချမှတ်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ ဆောင်ရွက်နေမှုများ၊ IDP စခန်းများ ပိတ်သိမ်းမှုများနှင့် ဆက်လက်ပိတ်သိမ်းရန်ဆောင်ရွက်နေမှု၊ စခန်းပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေးမဟာဗျူဟာ ရေးဆွဲနေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာထွက်ပြေးနေသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ စာချုပ်ချုပ်ဆို၍ ဆောင်ရွက်နေမှုများနှင့် မြန်မာဘက်မှ ပြန်လည်လက်ခံရန် အဆောက်အအုံ၊ အစီအမံများ အသင့်ဖြစ်နေမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာဘက်ခြမ်းသို့လည်း နိုင်ငံတကာမှ အကူအညီ အထောက်အပံ့များ ပေးအပ်နိုင်ရေး ကိစ္စရပ်များ၊ UNDP၊ UNHCR တို့နှင့် မြန်မာနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာရေးထိုး၍ ဆောင်ရွက်နေမှု အခြေအနေများ၊ UNDP နှင့် UNHCR တို့က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကနဦးလေ့လာဆန်းစစ်မှု (Phase 1) ဆောင်ရွက်ခဲ့ပြီးနောက် တွေ့ရှိချက်များ၊ လူ့အသိုင်းအဝိုင်းနှစ်ခုကြားလူမှုသဟဇာတမျှတရေး၊ ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးတားမြစ်ချက်များ ပပျောက်ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ အမျိုးသမီးများ၊ မိန်းကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ ပြန်လည်ဝင်ရောက်လာသူများအား နေရာချထားပေးရာတွင် ၎င်းတို့၏ မူလနေရာ (သို့မဟုတ်) အနီးစပ်ဆုံးနေရာတွင် ပြန်လည်နေရာချထားသတ်မှတ်ပေးနိုင်ရေး၊ လုံခြုံစိတ်ချစွာ ၎င်းတို့ဆန္ဒအလျောက် လူသားဂုဏ်သိက္ခာနှင့်အညီ ပြန်လည်ဝင်ရောက်လာရေး စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine SchranerBurgener အား တွေ့ဆုံနှုတ်ဆက်စဉ်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E Mr. John Nielsen နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၈ မှ

နောက်ဆုံးကတော့ အားလုံးသိတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ပါဝင်သင့်ပါဝင်ထိုက်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ ပါဝင်နိုင်ဖို့အတွက် ကျွန်တော်တို့ဘက်က ညှိနှိုင်းဆွေးနွေးသွားဖို့ရှိတယ်။ အဲဒါကတော့ အားလုံးနှစ်ဖက်သဘောတူထားတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။

**နိုင်အောင်မငေး(ဗဟိုကော်မတီဝင်)**
**မွန်ပြည်သစ်ပါတီ(NMSP)**

ဒီလိုမျိုးတစ်ခါမှ ထိပ်ပိုင်းခေါင်းဆောင်တွေ မတွေ့ဆုံဖူးဘူး။ ဒီတစ်ခါ ရလဒ်ကောင်းတစ်ခုတော့ ရအောင်ဆွေးနွေးကြမယ်။ စားပွဲဝိုင်းတစ်ခုထဲမှာ ထိပ်သီးခေါင်းဆောင်တွေ တွေ့ကြမယ်။ သူတို့အနေနဲ့ တွေ့ဆုံပြီး ရှေ့အနာဂတ် ပြည်ထောင်စုတစ်ခုလုံးကို ဘယ်လိုပုံဖော်မလဲဆိုတာကို ဆွေးနွေးကြမယ်။ ခေါင်းဆောင်တွေအနေနဲ့ အပြန်အလှန်ယုံကြည်မှုနဲ့ ဘယ်လိုတည်ဆောက်မယ်ဆိုတာကိုတော့ တွေ့ကြရင် ပုံပေါ်လာမှာပါ။ ကျွန်တော်တို့ကတော့ လာပြီးပြင်ဆင်တဲ့ အစုအဖွဲ့အဖြစ်ဆိုတော့ တိကျတဲ့အဖြေတွေကတော့ ခေါင်းဆောင်တွေ တွေ့မှပဲ သေချာမှာပါ။ အခုကတော့ NCA ထိုးပြီး သုံးနှစ်တာကာလ ရောက်ပြီ။ ဒီသုံးနှစ်တာမှာ အခုလိုမဆုံဖူးတဲ့ အခွင့်အရေးကိုရလာခဲ့တယ်။ ဒီလိုရလာတဲ့ အခွင့်အရေးကို ခေါင်းဆောင်တွေအနေနဲ့ သေသေချာချာ အသုံးချနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ ဒီလိုတွေ့ကြတဲ့အတွက် ကျေနပ်ပျော်ရွှင်မိပါတယ်။ တိုင်းရင်းသားအဖွဲ့တွေအားလုံး ပါသင့်တယ်။ အားလုံးပါလာအောင်လည်း သူတို့နဲ့တွေ့ဆုံဆွေးနွေးပြီးပြောကြားတယ်။ သူတို့အနေနဲ့ တိုက်ရိုက်မပါခဲ့ရင်လည်း ရသမျှဆက်သွယ်နိုင်တဲ့ နည်းလမ်းတွေနဲ့ ဆက်သွယ်ပြီးတော့ indirect နည်းလမ်းနဲ့ သူတို့ဖြစ်ချင်တဲ့ ဆန္ဒရယ်၊ အခုသွားနေတဲ့ လမ်းကြောင်းပေါ်မှာ သူတို့ ဘယ်လိုပါဝင်လာမလဲဆိုတာ၊ အဓိက All Inclusive အနေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေလည်း ပြောကြမှာပါ။ တွေ့ဆုံပွဲ အစီအစဉ်အသေးစိတ်ကတော့ ညှိနှိုင်းနေတယ်။ မနက်ဖြန် အစည်းအဝေးထပ်လုပ်ပြီး တွေ့ဆုံညှိနှိုင်းကြဦးမှာပါ။

**သတင်း-ဟန်မွေးသန့်၊ ဓာတ်ပုံ-ထန်းဖုန်**

# ဒုတိယအကြိမ် ချေးငွေအစီအစဉ် (PHASE-2) မှာ ဘယ်လောက်ထုတ်ချေးမလဲဆိုရင် ပထမအကြိမ်တုန်းက ချေးတဲ့ငွေထက် သုံးဆလောက်ကိုများတဲ့ပမာဏ ၁၈၀ ဘီလီယံကျော်လောက်ချေးမှာ ဖြစ်ပါတယ်

အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး

## မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကျင်းပ

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်တို့ ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

ရှင်မင်း၊ မွှေးကြူ
ဓာတ်ပုံ - အေးသန်း

**(ယမန်နေ့မှအဆက်)**


ဦးမောင်မောင်ဝင်း


ဦးမင်းသူ


ဦးဝင်းနိုင်ဦး


ဦးခွန်အေးနိုင်

**ဦးမင်းသူ။** ။ MEB Two Step Loan ကလည်း ၂၀၁၈ ခုနှစ် ဧပြီကစခဲ့တာ အခုဆိုရင် တောင်သူရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော ၁၃၈ ယောက် ထုတ်ချေးပြီးဖြစ်ပါတယ်။ မြို့နယ်ပေါင်းလည်း ၇၂ မြို့နယ်လောက် လွှမ်းခြုံနိုင်ပြီ။ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၀ ခုကိုလည်း လွှမ်းခြုံနိုင်ခဲ့ပြီးဖြစ်ပါတယ်။ သူကတော့ ပမာဏ ကျပ်သန်း ၁၅၀၀ လောက်ပဲ ထုတ်ချေးနိုင်ပါသေးတယ်။ ဒါကို တိုးမြှင့်ထုတ်ချေးဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ဥပမာ- မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ စင်ကာပူကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းပြီး ကျွဲ၊ နွား အာမခံလုပ်ငန်းကို ဝန်ကြီးဌာနခွင့်ပြုချက်နဲ့ Survey လုပ်နေပါတယ်။ ကျွဲ၊ နွားတွေကို Microchip လေးတွေ နားရွက်မှာတပ်ပြီး စမ်းသပ်နေပါတယ်။ တော်တော်လေး ခရီးရောက်နေပါပြီ။ ဒါအောင်မြင်သွားရင် မြန်မာ့အာမခံမှာ အာမခံထားတဲ့ ကျွဲ၊ နွားတွေကို ချေးငွေထုတ်ချေးမယ်ဆိုရင် ကျွန်တော်တို့ဘဏ်အနေနဲ့ ဆုံးရှုံးမှုမရှိနိုင်ပါဘူး။ ရဲရဲတင်းတင်းထုတ်ချေးနိုင်မှာ ဖြစ်ပါတယ်။

ဒါဖြစ်သွားရင် စိုက်ပျိုးစရိတ် မလုံလောက်မှုတွေနဲ့ မွေးမြူရေးလုပ်တဲ့တောင်သူတွေကို အရင်းအနှီးဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အတွက် ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းတွေလည်း တိုးတက်လာမယ်၊ တစ်ဖက်တစ်လမ်းကနေ စရိတ်တွေ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ တောင်သူတွေအတွက်၊ ဘဏ်အတွက်၊ နိုင်ငံတော်အတွက် အင်မတန်ကောင်းတဲ့ အစီအစဉ်ဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း မျှော်လင့်နေတာဖြစ်ပါတယ်။ မကြာခင်မှာ ဒါလည်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဘဏ်က အဓိက ရန်ပုံငွေလိုအပ်ချက်တွေ မြှင့်တင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်ဆိုရင် တောင်သူတွေရဲ့ စုဆောင်းငွေကို ချေးငွေပမာဏရဲ့ ၁ ရာခိုင်နှုန်း မဖြစ်မနေ စုဆောင်းရမည်ဆိုတာကို စတင်ခဲ့ပါတယ်။ ဥပမာ- ကျပ်ဘီလီယံ ၂၀၀၀ လောက် ထုတ်ချေးမယ်ဆိုရင် ဘီလီယံ ၂၀ လောက်အထိ စုဆောင်းငွေအဖြစ်နဲ့ နှစ်စဉ်တိုးသွားမှာ ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ရဲ့ Deposit ကို တက်လာမယ့်နည်းလမ်းဖြစ်ပါတယ်။ JICA လိုပဲ နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ သက်သာတဲ့ချေးငွေတွေ ရယူပြီးတော့လည်း ဆောင်ရွက်နေပါတယ်။ ဘတ်ဂျက်ကနေ ဖြည့်ဆည်းတဲ့နည်း၊ နောက်တစ်ခုက ပြည်တွင်း၊ ပြည်ပဘဏ်တွေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေလည်း ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်မယ်ဆိုရင် တစ်ချိန်ချိန်မှာ MEB ကို မှီခိုရတာထက် သက်သာလာမယ်။ ကိုယ့်ဘာသာကိုယ်ရပ်တည်နိုင်ပြီးတော့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ကောင်းမွန်စွာ အထောက်အကူပြုနိုင်မယ့်ဘဏ်အဖြစ် ရောက်ရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေရော၊ စိုက်ပျိုးမွေးမြူရေးလုပ်တဲ့ လုပ်ငန်းရှင်တွေရော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွေနဲ့ ဆက်သွယ်ပြီးတော့ သင့်ရာသင့်ရာ ချေးငွေတွေကို ရယူပေးကြပါ။ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ကြပါလို့ ဆွေးနွေးလိုပါတယ်။

**အစီအစဉ်မှူး။ ။ မြန်မာ့စီးပွားရေးဘဏ်က SME ကဏ္ဍ လက်ရှိအခြေအနေမှာ ဘယ်လောက်အတိုင်းအတာအထိ ငွေကြေးဆောင်ရွက်မှုတွေ ဆောင်ရွက်ထားတယ်။ ဆက်လက်ပြီး ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

**ဦးဝင်းနိုင်ဦး။** ။ ကျွန်တော်တို့က နိုင်ငံတော်ပိုင်ဘဏ်ဖြစ်တဲ့အတွက် SME တွေနဲ့ ပတ်သက်ပြီး ထုတ်ချေးပေးတာပါ။ ထုတ်ချေးပေးတဲ့အခါ SME Two Step Loan မှာဆိုရင် ၂၀၁၅ ခုနှစ်က စပြီး ၂၀၁၇-၂၀၁၈ မှာ အဆင့်(၁) ပြီးသွားပါတယ်။ အဆင့်(၁)ကို SME ဥပဒေနဲ့ ကိုက်ညီတဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ ပို့ကုန်တင်ပို့မှုလုပ်ငန်းလိုဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ လုပ်ငန်းတွေကို ချေးပေးခဲ့တာဖြစ်ပါတယ်။

အဲဒီလိုလုပ်တဲ့ လုပ်ငန်းစဉ်မှာ မြန်မာ့စီးပွားရေးဘဏ်က စီမံခန့်ခွဲသူ (Executing Agency) အဖြစ်နဲ့ စနစ်တကျ ရွေးချယ်ထားတဲ့ ဘဏ်အဖွဲ့အစည်း (Participating Financial Institutions)တွေကတစ်ဆင့် SME တွေကို ချေးငွေထပ်ဆင့်ထုတ်ချေးတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA ဆီကနေ ချေးငွေယူတယ်၊ ဒီချေးငွေတွေကို ဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းတွေကတစ်ဆင့် ပြန်ထုတ်ချေးတဲ့အခါ ပထမအဆင့် (PHASE-1) မှာ Participating Financial Institutions ဘဏ် ခြောက်ဘဏ်ကတစ်ဆင့် ကျွန်တော်တို့ ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ ပထမအဆင့်( PHASE-1) ထုတ်ချေးတာ အခုပြီးစီးသွားပြီဖြစ်ပါတယ်။ PHASE-1 မှာ ထုတ်ချေးငွေက ပမာဏအားဖြင့် ကျပ် ၆၉ ဘီလီယံလောက် ထုတ်ချေးခဲ့ပါတယ်။ ပထမအကြိမ်(PHASE-1) ပြီးသွားတဲ့အခါ ဒုတိယအကြိမ် (PHASE – 2 )လာတော့မှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ချေးငွေမထုတ်ချေးမီ ပထမအကြိမ်မှာ SME ချေးငွေတွေ ပံ့ပိုးပေးလိုက်တာ ထိထိရောက်ရောက် ဖြစ်ရဲ့လား၊ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ရဲ့လား၊ ဒါတွေ ပြန်သုံးသပ်ကြည့်ပါတယ်။ ပထမအဆင့်ဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက်ရော ချေးငွေတွေထုတ်ပေးလိုက်တဲ့ ဘဏ်တွေရော အတွေ့အကြုံ မရှိသေးဘူး။

အတွေ့အကြုံ မရှိသေးတဲ့အခါ (Participating Financial Institutions-PFI) ဘဏ်တွေက ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ မြို့ကြီးတွေက နီးစပ်တဲ့သူတွေ၊ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေကို ဦးစားပေးပြီးချေးတာတွေ့ရပါတယ်။ နောက်တစ်ခါ ချေးတဲ့အခါမှာလည်း ဆုံးရှုံးနိုင်ခြေနည်းတဲ့ အာမခံပေးနိုင်တဲ့ SME တွေကို အဓိကထားပြီးတော့ ချေးလိုက်ကြတယ်။

တိုင်းဒေသကြီး မြို့ကြီးတွေမှာပဲ ကျယ်ကျယ်ပြန့်ပြန့် ချေးပေးတယ်။ ရန်ကုန်၊ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ အများဆုံးချေးပေးပြီးတော့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ဖြန့်ကြက်ပြီး ချေးနိုင်ခြင်းမရှိတာကို တွေ့တယ်။ ဒါတွေ တွေ့ရတဲ့အခါ ဒုတိယအကြိမ်မှာ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက် ချေးဖို့စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။ ပထမအကြိမ်မှာ ဘယ်သူ့ကို ချေးခဲ့လဲဆိုရင် ငွေချေးလုပ်ငန်း လည်ပတ်ပြီးသား SME တွေကိုသာ အများစုချေးခဲ့တာဖြစ်ပါတယ်။ စတင်စ လုပ်ငန်း (New Start-up) တွေ သိပ်မချေးသေးဘူး။ ဒုတိယအဆင့်မှာ ဒီ(New Start-up)တွေကိုလည်း ချေးမှာဖြစ်ပါတယ်။

သို့သော် ဘဏ်ရဲ့သဘောသဘာဝအရ လုပ်ငန်းအသစ်ဆိုတာက မသေချာမရေရာသေးဘူးဆိုပြီးတော့ မချေးလိုက်တာဖြစ်ပါတယ်။ နောက်တစ်ခါ အာမခံပစ္စည်းပေးနိုင်တဲ့သူကို ဦးစားပေးပြီး ချေးလိုက်တဲ့အခါ SME တော်တော်များများက အာမခံ မပြည့်စုံတာတွေရှိတယ်။ ဒါကြောင့် မရလိုက်တာတွေရှိတယ်။ မရလိုက်တဲ့အတွက် ဒုတိယအကြိမ် ချေးငွေလုပ်လို့ရှိရင် ဒီထက်ကျယ်ပြန့်တဲ့၊ ပိုများတဲ့ ငွေကြေးပမာဏကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြန်လုပ်ဖို့စီစဉ်တာပါ။ ရှေ့လုပ်ငန်းစဉ်အနေနဲ့ဆိုရင် ဒုတိယအကြိမ် ချေးငွေအစီအစဉ် (PHASE-2) ဟာ အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုချက်ယူပြီး ရပြီးသွားလို့ ချေးငွေထုတ်ချေးတဲ့ အဆင့်ကို ရောက်သွားပါပြီ။

ဒုတိယအကြိမ် ချေးငွေအစီအစဉ် (PHASE-2)မှာ ဘယ်လောက်ထုတ်ချေးမလဲဆိုရင် ပထမအကြိမ်တုန်းက ချေးတဲ့ငွေထက် သုံးဆလောက်ကို များတဲ့ပမာဏ ၁၈၀ ဘီလီယံကျော်လောက်ချေးမှာ ဖြစ်ပါတယ်။ ဒီလိုရွေးတဲ့အခါ တကယ်အတွေ့အကြုံရှိတဲ့၊ ဘဏ်ခွဲ network ရှိတဲ့ Participating Financial Institutions-PFI တွေ ပြန်ပြီးရွေးချယ်တယ်။ ထူးခြားချက်တစ်ခုက ပထမအဆင့်တုန်းက မြန်မာ့စီးပွားရေးဘဏ်က SMEတွေကို တိုက်ရိုက် ချေးငွေထုတ်ချေးတဲ့ Participating Financial Institutions-PFI အဖြစ် မလုပ်ခဲ့ပါဘူး။ စီမံကိန်းကို ကွပ်ကဲတဲ့သူ (Executing Agency) အနေနဲ့ ပထမအကြိမ်မှာ လုပ်ခဲ့တာပါ။ ဒုတိယအကြိမ်မှာ Participating Financial Institution အဖြစ် ပါဝင်ပြီးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း SME လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးဖို့ စီစဉ်ဆောင်ရွက်ပါတယ်။

ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတော့ ဘဏ်ခွဲပေါင်း ၃၃၀ ကျော်နဲ့ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ဘဏ်ခွဲတွေနဲ့ ချေးငွေလုပ်ငန်း ဆောင်ရွက်နေတာရှိတယ်။ ဘဏ်ခွဲတွေက နှစ်ပေါင်းများစွာ ချေးငွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံရှိတယ်။ ဒီအင်အားကိုယူပြီး ကျွန်တော်တို့ကိုယ်တိုင်လည်း တစ်ဖက်တစ်လမ်းက ဝင်ပြီးတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ အနှံ့ရှိတဲ့အတွက် ချေးငွေတွေကို ထုတ်ချေးရင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထုတ်ချေးလိုက်မယ်ဆိုရင် ပိုပြီးထိရောက်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒုတိယအကြိမ်မှာ Participating Financial Institutions-PFI အဖြစ် ပါဝင်ဆောင်ရွက်တာ ဖြစ်ပါတယ်။

ဒုတိယအကြိမ်မှာ ရည်ရွယ်ချက်တွေက ဘာတွေရှိသလဲဆိုရင် ပထမအဆင့်မှာ ချေးငွေ ကျယ်ကျယ်ပြန့်ပြန့် မရသေးတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ချေးမယ်။ လုပ်ငန်းသစ်တွေကို ချေးမယ်။ အာမခံပစ္စည်း အလုံအလောက်လုံးဝမရှိတဲ့ SME တွေကိုလည်း မြန်မာ့အာမခံလုပ်ငန်းနဲ့ ညှိနှိုင်းပြီး Credit Guarantee Insurance-CGI စနစ်တွေ အသုံးပြုပြီတော့ SME တွေကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ချေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လက်ရှိဆောင်ရွက်နေတဲ့ JICA Two Step Loan အစီအစဉ်မှာ ပါဝင်ဆောင်ရွက်နေတယ်။ ရှေ့ဆက်ပြီး ဘယ်လို ဆောင်ရွက်ပေးသွားမယ်ဆိုတာ ဆွေးနွေးပေးပါခင်ဗျာ။**

**ဦးခွန်အေးနိုင်။** ။ ကျွန်တော်တို့လုပ်ငန်းက စက်မှုလယ်ယာ ပြောင်းမယ်ဆိုရင် လယ်ယာသုံးစက်ကိရိယာတွေ တိုးတက်သုံးစွဲတာနဲ့ လယ်ယာမြေအဆင့်မြှင့်တာ နှစ်ခုလုံးက ငွေလိုတဲ့ အလုပ်တွေဖြစ်နေပါတယ်။ အခုလို ငွေကြေးထောက်ပံ့မယ့် အဖွဲ့အစည်းတွေနဲ့ စကားပြောရတဲ့အတွက် လယ်သမားတွေကိုယ်စား အားတက်မိပါတယ်။ တောင်သူလယ်သမားတွေက စက်ဝယ်ပြီးသုံးတဲ့အခါ စိုးရိမ်ကြောင့်ကြမှုတွေရှိပြီး စက်ကိုသုံးစွဲရတာ အဆင်မှ ပြေပါ့မလားဆိုတဲ့ စိုးရိမ်သောက မဖြစ်ရအောင် စိတ်ချလက်ချလုပ်နိုင်အောင်၊ ဘေးအန္တရာယ်ကင်းကင်း လုပ်နိုင်အောင် သင်ကြားပေးတာတွေ လုပ်ပေးပါတယ်။ ဒါ့အပြင် စက်ပြင်အလုပ်ရုံတွေနဲ့ မြို့နယ်အသီးသီးမှာ စက်မှုလယ်ယာစခန်းတွေက စက်ပြင်ဆင်ရေး အပိုင်းမှာ ဝိုင်းဝန်းကူညီပြီးတော့ ပြင်ဆင်ပေးနေတယ်။

JICA Two Step Loan အရ လယ်ယာကဏ္ဍမှာ စက်တွေပိုသုံးစွဲလာနိုင်တဲ့ အခွင့်အရေးတွေရတယ်။ ဝယ်လည်းဝယ်နေကြတဲ့အခါ နိုင်ငံခြားကနေသွင်းလာတဲ့ စက်အမျိုးအစားတွေ အများကြီးရှိပြီး မတူတဲ့အမျိုးအစားတွေအပေါ်မှာ ဒေသအလိုက် ဝယ်ယူသုံးစွဲတဲ့ စက်အမျိုးအစားတွေအပေါ် လိုက်ပြီးတော့ နည်းပညာပေးသင်တန်းတွေကို သက်ဆိုင်ရာ ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီးတော့ လေ့ကျင့်သင်ကြားပေးတာတွေ ရှိပါတယ်။ စက်မှုလယ်ယာမှာလည်း သင်တန်းကျောင်းသုံးကျောင်း ရှိပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကိုရီးယားစစ်ပွဲအဆုံးသတ်ကြောင်း ကြေညာချက်ထုတ်ပြန်ပေးရန် အမေရိကန်အား သမ္မတမွန်း တိုက်တွန်းမည်



**ဆိုးလ်　အောက်တိုဘာ　၁၂**
ကိုရီးယားစစ်ပွဲပြီးဆုံးကြောင်း ကြေညာချက်ထုတ်ပြန်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားမည်ဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက ဆိုသည်။

သမ္မတမွန်းဂျေအင်းက ဥရောပခရီးစဉ်မစတင်မီ သတင်းအေဂျင်စီတစ်ခု၏ အင်တာဗျူးတစ်ခုတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဇွန်လကကျင်းပခဲ့သော အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီး အစည်းအဝေးတွင် သဘောတူညီခဲ့သည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ပြုံယမ်း၏ နျူကလီးယားဒုံးကျည် စမ်းသပ်ပစ်လွှတ်စင်နေရာများကိုလည်း အပြီးတိုင်ပိတ်သိမ်းခဲ့ကြောင်း သမ္မတမွန်းဂျေအင်းက ဆိုသည်။

ပြုံယမ်းက ၎င်းသဘောတူညီခဲ့သည့်အတိုင်း လုပ်ဆောင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံအနေဖြင့်လည်း လိုက်လျောညီထွေရှိသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်သင့်ကြောင်းနှင့် ကိုရီးယားကျွန်းဆွယ် စစ်ပွဲအဆုံးသတ်ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသင့်သည်ဟု သမ္မတမွန်းဂျေအင်းက ဆိုသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအတွင်း ပြည်သူများ၏ လူ့အခွင့်အရေး အပြည့်အဝရရှိခံစားမှုကိုလည်း နားလည်သဘောပေါက်သင့်ကြောင်းနှင့် ယင်းလူ့အခွင့်အရေးပြဿနာများကို နိုင်ငံတကာဖိအားပေးမှုက မဖြေရှင်းပေးနိုင်ကြောင်း သမ္မတမွန်းဂျေအင်းက ပြောကြားခဲ့သည်။ ယင်းပြဿနာများကို ကိုရီးယားနှစ်နိုင်ငံနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

အောက်တိုဘာ ၁၅ ရက်တွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ဝန်ကြီးများအဆင့် အစည်းအဝေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ပြီး ပြီးခဲ့သော ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံသဘောတူညီခဲ့သည့် အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## တောင်အာဖရိက နိုင်ငံခြားရေး ဝန်ကြီးဟောင်း ပစ်ဘိုသာ ကွယ်လွန်

**ပရီတိုးရီးယား　အောက်တိုဘာ　၁၂**
တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီးဟောင်း ပစ်ဘိုသာ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်အာဖရိကနိုင်ငံ၌ လူနည်းစု လူဖြူအစိုးရအုပ်ချုပ်သော ခေတ်မှသည် လူမည်းသမ္မတ နယ်လ်ဆင်မန်ဒဲလား၏ အစိုးရအဖွဲ့ထိတိုင် အစိုးရအဖွဲ့ နှစ်ဆက်တွင် ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဘိုသာသည် ကွယ်လွန်ချိန်၌ အသက် ၈၆ နှစ်ရှိပြီ ဖြစ်သည်။

ဘိုသာသည် လူဖြူအစိုးရ အုပ်စိုးမှု အဆုံးသတ်ခဲ့သည့် ၁၉၉၄ ခုနှစ်အထိ တောင်အာဖရိကအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ပထမဆုံးကျင်းပသည့် လူမျိုးရေးမခွဲခြားသည့် ရွေးကောက်ပွဲအပြီးတွင် သမ္မတ နယ်လ်ဆင်မန်ဒဲလား၏ အစိုးရအဖွဲ့၌ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၎င်းနိုင်ငံခြားရေးဝန်ကြီးအဖြစ်ဆောင်ရွက်စဉ် ကမ္ဘာတစ်ဝန်းတွင် လူမျိုးအသားအရောင်ခွဲခြားမှုစနစ်ကို ဆန့်ကျင်နေကြချိန်ဖြစ်ကြောင်း၊ လူကောင်းတစ်ယောက်အနေဖြင့် ဆိုးသွမ်းသော အစိုးရအဖွဲ့တစ်ရပ်အတွက် အလုပ်လုပ်ပေးနေရသူအဖြစ် ဘိုသာအား လူအချို့က သုံးသပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဘိုသာသည် သဘောထားတင်းမာသော တောင်အာဖရိက အစိုးရအဖွဲ့၏ သမ္မတ ပီဒဗလျူဘိုသာနှင့် သဘောထားချင်း ပဋိပက္ခဖြစ်မှု အချို့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦးမှာ ဆွေမျိုးတော်စပ်ခြင်းမရှိပေ။ ၁၉၈၅ ခုနှစ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ခုတွင် ပစ်ဘိုသာက နယ်လ်ဆင်မန်ဒဲလားအား အကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးရန် အဆိုပြုခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်တိုင်အောင် ယင်းကိစ္စဖြစ်ပေါ်လာခြင်း မရှိခဲ့ပေ။

တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပစ်ဘိုသာ၏အထောက်အပံ့ပြုမှုများနှင့် ၎င်းနိုင်ငံ၏ ပထမဆုံး ဒီမိုကရက်တစ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့မှုများကို ပြန်လည်အမှတ်ရမိကြောင်း တောင်အာဖရိကသမ္မတ ဆိုင်ရီးလ် ရာမာဖိုဆာက ပြောကြားသည်။

**အေအက်ဖ်ပီ**

## မြေထဲပင်လယ်အတွင်း တိုက်မိခဲ့သော ကုန်သင်္ဘောနှစ်စင်း ငြိတွယ်ချိတ်မိသည့်အနေအထား အဆုံးသတ်

**မာဆေးလ်　အောက်တိုဘာ　၁၂**
မြေထဲပင်လယ်အတွင်း ကုန်တင်သင်္ဘောနှစ်စင်း တိုက်မိမှုဖြစ်ပွားပြီးနောက် သင်္ဘောတစ်စင်းနှင့်တစ်စင်း ငြိတွယ်ချိတ်မိနေသည့် အနေအထားမှာ အောက်တိုဘာ ၁၂ ရက်တွင် ပြီးဆုံးသွားရာ ရေနံယိုဖိတ်မှု သန့်ရှင်းရေးလုပ်ငန်း လုပ်ကိုင်ရန် အခြေအနေပေးပြီဖြစ်ကြောင်း ပြင်သစ်ပင်လယ်ရေကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

တူနီးရှားနိုင်ငံမှ အူလီဆေးအမည်ရှိ ကုန်တင်သင်္ဘောသည် ဆိုက်ပရပ်အခြေစိုက် ဗာဂျီးနီးယားအမည်ရှိ ကုန်သင်္ဘောကို ဝင်တိုက်မိသည့်ဖြစ်ရပ် အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့သည်။ ပြစ်သစ်ပိုင် ကော်စီကာကျွန်း၏ မြောက်ဘက်စွန်းမှ ကီလိုမီတာ ၃၀ (မိုင် ၂၀)ခန့်အကွာ ပင်လယ်ပြင်အတွင်း မတော်တဆမှု ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ကျောက်ဆူးချ၍ ရပ်တန့်ထားသော ဗာဂျီးနီးယားအမည်ရှိ ကုန်သင်္ဘောကို အူလီဆေးအမည်ရှိ ကုန်သင်္ဘောက ဝင်တိုက်မိသည့်ဖြစ်စဉ်အတွင်း ထိခိုက်သေဆုံးသူ မရှိပေ။ သို့ရာတွင် သင်္ဘောချင်းတိုက်မိမှုကြောင့် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေနံယိုဖိတ်မှုကို ရှင်းလင်းနိုင်ရန် ပြင်သစ်၊ မိုနာကိုနှင့် အီတလီနိုင်ငံတို့မှ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်လျက်ရှိကြသည်။ ပြင်သစ်နှင့် အီတလီနိုင်ငံတို့သည် ပင်လယ်ပြင် သန့်ရှင်းရေးလုပ်ငန်းအတွက် အကူအညီပေးနိုင်ရန် ရေယာဉ်များကို စေလွှတ်ပေးခဲ့ကြသည်။

ယိုဖိတ်ခဲ့သော ရေနံပြင်မှာ အလျား လေးကီလိုမီတာ၊ အနံ မီတာ ရာဂဏန်း အနည်းငယ်မျှရှိပြီး ကော်စီကာကျွန်းမှသည် အနောက်မြောက်ဘက်သို့ ဦးတည်၍ ပြင်သစ်နှင့် အီတလီကုန်းမကြီးများတည်ရှိရာဆီသို့ ရွေ့လျားနေကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သင်္ဘောနှစ်စင်းတိုက်မိခဲ့ရသည့် အကြောင်းခြင်းရာနှင့်ပတ်သက်၍ သဲသဲကွဲကွဲ မသိရှိရသေးပေ။ သင်္ဘောချင်းတိုက်မိမှုကြောင့် ဗာဂျီးနီးယားအမည်ရှိ ကုန်သင်္ဘော၏ သင်္ဘောကိုယ်ထည်တွင် အပေါက်ကြီး တစ်ပေါက်ဖြစ်ပေါ်ခဲ့ရသည်။

**အေအက်ဖ်ပီ**





## ဂျပန်နိုင်ငံက နိုင်ငံခြားသားလုပ်သားများကို ပိုမိုခွင့်ပြုပေးတော့မည်

**တိုကျို　အောက်တိုဘာ　၁၂**
ဂျပန်နိုင်ငံ၌ လုပ်ငန်းကျွမ်းကျင်မှုရှိသော ကော်လာပြာအလုပ်သမားများအား နေထိုင်ခွင့်ပြုခြင်းဖြင့် နိုင်ငံခြားသား အလုပ်သမားများအား ပိုမိုဆွဲဆောင်သွားနိုင်မည့် အစီအစဉ်တစ်ရပ်ကို အစိုးရအဖွဲ့က အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန် ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေးအရ တတိယအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် သက်ကြီးရွယ်အို တိုးပွားလာခြင်းနှင့် လူဦးရေကျဲ့လာခြင်းတို့ကြောင့် လုပ်သားအင်အား ချို့တဲ့လာမှုပြဿနာကို ရင်ဆိုင်နေချိန်တွင် အဆိုပါအစီအစဉ်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒတွင် အလှည့်အပြောင်းတစ်ရပ်ဖြစ်လာမည့် ယင်းအစီအစဉ်အရ လာမည့်ဧပြီလမှစ၍ ကော်လာပြာနိုင်ငံခြားသား လုပ်သားများ ဂျပန်နိုင်ငံသို့ လာရောက်လုပ်ကိုင်နိုင်ခွင့်ကို ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**



# ဂျူဗင်တပ်က အာဆင်နယ်ကွင်းလယ်လူ ရမ်ဆေးအား တစ်ပတ်လုပ်ခလစာ ပေါင် နှစ်သိန်းခွဲဖြင့် ခေါ်ယူမည်

ယခုနှစ်ဘောလုံးရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့မည်ဟု သတင်းထွက်ပေါ်နေသည့် အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးအား လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့်အပြင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ရမ်ဆေးအား အခြားသောကလပ်အသင်းများက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း အဆိုပါအသင်းများကို ကျော်ဖြတ်ကာ ခေါ်ယူမည်ဟု ဆိုသည်။

ဂျူဗင်တပ်အသင်းသည် ရမ်ဆေးအား ရရှိမည်ဆိုပါက လက်ရှိသတင်းထွက်ပေါ်နေသည့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် မဟုတ်ဘဲ လုပ်ခလစာအဖြစ် တစ်ပတ်ပေါင် ၂၅၀၀၀၀ ပေးမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေတွင် ခုနစ်ရာသီဆက်တိုက်ချန်ပီယံဖြစ်ခဲ့သည့်အပြင် လက်ရှိတွင်လည်း အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့မှာ ကွင်းလယ်ကစား သမားရမ်ဆေးအား ၎င်း၏မိသားစုနှင့်အတူ အင်္ဂလန်တွင် ဆက်ရှိနေရန်အတွက် စာချုပ်ချုပ်ဆို ခေါ်ယူရန် ကမ်းလှမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားရမ်ဆေးသည် အာဆင်နယ်အသင်းတွင် ၁၀ နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် လက်ရှိအချိန်တွင် အာဆင်နယ်အသင်းမှ ထွက်ခွာသင့်ကြောင်း အီယန်ရိုက်က ဆိုသည်။ ရမ်ဆေးသည် အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၃၃၈ ပွဲပါဝင်ကစားထားကာ သွင်းဂိုး ၅၉ ဂိုးအထိ သွင်းယူထားကြောင်း သိရသည်။ ကွင်းလယ်ကစားသမားရမ်ဆေးကမူ အာဆင်နယ်အသင်းမှ စောစီးစွာထွက်ခွာရန်မရှိသေးကြောင်း ပြောကြားခဲ့သည်။

# မန်စီးတီးအသင်းတိုက်စစ်မှူး စတာလင်အား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်း စိတ်ဝင်စားနေ



စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ တိုက်စစ်မှူး စတာလင်အား စာချုပ် ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး စတာလင်သည် မန်စီးတီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးပြီး ယခုအချိန်အထိ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီထားခြင်းမရှိသေးကြောင်း သိရသည်။

တိုက်စစ်မှူးစတာလင်အနေဖြင့် မန်စီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီထားခြင်းမရှိခဲ့ခြင်းမှာ စာချုပ်သက်တမ်းကုန်ပါက အခြားအသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး စတာလင်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက လီဗာပူးအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၁၅၀ အထိ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့ မန်စီးတီးအသင်းအတွက် ပါဝင်ကစားပေးခဲ့ရာတွင် တိုက်စစ်မှူးစတာလင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးစတာလင်သည် လူငယ်ကစားသမားဘဝတွင် ကျူပီအာအသင်း၊ လီဗာပူးအသင်းတို့တွင် ကစားခဲ့ပြီးနောက် လီဗာပူးအသင်းက ပထမအသင်းတွင် ကစားခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် စတာလင်သည် လီဗာပူးအသင်းတွင် ၉၅ ပွဲကစားခဲ့ပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် စာချုပ်သက်တမ်း ကုန်ဆုံးရန်နီးစပ်နေပြီ ဖြစ်သည့် ဂါဘရီယယ်ဂျီးဆပ်၊ ကီဗင်ဒီဘရိုင်း၊ အီဒါဆန်၊ အဂူရို စသည့် ကစားသမားများကိုလည်း စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သိရသည်။ နည်းပြဂွါဒီယိုလာမှာမူ ယခုနှစ် မေလအတွင်းက မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းထပ်တိုးချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်မှာ သုံးနှစ်သက်တမ်းရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



# ကွင်းလယ်ကစားသမား မာတာအား မန်ယူအသင်း စာချုပ်သစ်ချုပ်မည်

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ဂျူအန်မာတာအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ မာတာသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကုန်ဆုံးမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမားမာတာသည် စာချုပ်သက်တမ်းကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် အခြားသောကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန်လည်းရှိနေကြောင်း သိရသည်။

မာတာသည် ဗလင်စီယာအသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပွဲပေါင်း ၁၂၉ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၈၂ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၈ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ယင်းသို့ပြောင်းရွှေ့လာခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်ကာ လက်ရှိအချိန်အထိ မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၁၄၄ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၁ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ကြောင်းသိရသည်။


လက်ရှိတွင် ကွင်းလယ်ကစားသမား မာတာသည် မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့်အတွက် အသင်းပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိပြီး မန်ယူအသင်းကမူ မာတာအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ မာတာသည် မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလားတစ်ကြိမ်၊ ကွန်မြူနတီဒိုင်းတစ်ကြိမ်၊ အီးအက်ဖ်အယ်လ်ဖလားတစ်ကြိမ်နှင့် ယူရိုပါလိဂ်ဖလားတစ်ကြိမ်တို့ ရယူပေးထားနိုင်ခဲ့သည့်ကစားသမားတစ်ဦးလည်းဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းသည် အသက် ၂၉ နှစ်အရွယ်ရှိ ဘာစီလိုနာအသင်းနှင့် စပိန်အသင်းတို့၏ နောက်တန်းကစားသမား ဂျော်ဒီအယ်လ်ဘာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ကွင်းလယ်ကစားသမား လင်ဂတ်ကိုလည်း စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။
- **အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့သည် အိုင်ဗရီကို့စ်အသင်း တောင်ပံကစားသမား နီကိုလက်စ်ပီပီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။**
- လီဗာပူးအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ကွင်းလယ်ကစားသမား လယ်လာနာသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် လီဗာပူးအသင်းနှင့်အတူ ပွဲထွက်လာမည်ဖြစ်ပြီး တိုက်စစ်မှူး အိုရီဂီမှာ တူရကီကလပ် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။
- **စပိန်ဘယ်နောက်ခံကစားသမား မားကို့စ်အလွန်ဆိုသည် လက်ရှိကလပ် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။**

## ဘိုင်လီအား စပါးနှင့် အာဆင်နယ် အပြိုင်ခေါ်ယူမည်

မန်ယူနောက်တန်းကစားသမား အဲရစ် ဘိုင်လီအား ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်သည့် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အပြိုင်အဆိုင်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အိုင်ဗရီကို့စ်ကြယ်ပွင့် အဲရစ်ဘိုင်လီသည် လက်ရှိတွင် မန်ယူအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးလျက်ရှိပြီး နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း ပွဲချိန်ပြည့်ပါဝင်ကစားခွင့် မရရှိခဲ့ပေ။



နောက်တန်းကစားသမား အဲရစ်ဘိုင်လီသည် လာမည့်အပြောင်းအရွှေ့ကာလအထိ နည်းပြမော်ရင်ဟို မန်ယူအသင်းတွင် ဆက်ရှိနေမည်ဆိုပါက အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် နောက်တန်းကစားသမား အဲရစ်ဘိုင်လီအား ၂၀၁၆ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အဲရစ်ဘိုင်လီသည် ဗီလာရီးယဲလ်အသင်းတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၃၅ ပွဲပါဝင်ကစားပေးခဲ့ပြီး မန်ယူအသင်းတွင်မူ ၂၀၁၆ ခုနှစ်မှ လက်ရှိအချိန်အထိ ၄၃ ပွဲအထိ ပါဝင်ကစားပေးထားကြောင်းလည်း သိရသည်။ နောက်တန်းကစားသမား အဲရစ်ဘိုင်လီသည် မန်ယူအသင်းတွင် ကစားစဉ်ကာလအတွင်း အီးအက်ဖ်အယ်လ်ဖလား၊ ကွန်မြူနတီဒိုင်းနှင့် ယူရိုပါလိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

# တာချီလိတ်၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ၃၀ မှ ဒုတိယရဲမှူး ကျော်စွာထွန်းဦးစီးသည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီ မိနစ် ၄၀ က တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု ယန်းခေါင်ရွာအနီး ယန်းခေါင်-စန်းလုသွားလမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မိုင်းဖြတ်မှ စန်းလုကျေးရွာသို့ ခေယား(ခ)အားယား မောင်းနှင်ပြီး ခေလော်အေ့ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ခွကြားတွင် ဆာလာအိတ်ဖြင့် ထည့်ထားသော တစ်ထုပ်လျှင် အလေးချိန် ၁ ဒသမ ၅ ကီလိုခန့်ပါ ဘိန်းစိမ်း နှစ်ထုပ်၊ ဆိုင်ကယ်တူးဘောက်အတွင်း ပုဆိုးဖြင့်ပတ်ပြီး ထည့်ထားသည့် ဘိန်းစိမ်း သုံးထုပ် စုစုပေါင်း ဘိန်းစိမ်း ငါးထုပ် (ဒေသတန်ဖိုး တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၁၁၂ ဒသမ ၅ သိန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့က အဆိုပါ ဘိန်းစိမ်းများနှင့် သယ်ဆောင်လာသူများအား ရှာဖွေစစ်ဆေးနေစဉ် မိုင်းဖြတ်မှ စန်းလုရွာသို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်သည် ပူးပေါင်းအဖွဲ့နှင့် ကိုက် ၁၀၀ ခန့်အကွာတွင် ပူးပေါင်းအဖွဲ့အား တွေ့ရှိသွားသဖြင့် ဆိုင်ကယ်အား လမ်းပေါ်တွင်ထားခဲ့၍ ထွက်ပြေးလွတ်မြောက်သွားကာ ၎င်းတို့စီးနင်းလာသည့် နံပါတ်မပါ ဆိုင်ကယ်အား ရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ငါးထုပ်၊ ဆိုင်ကယ်တူးဘောက်အတွင်းမှ နှစ်ထုပ် စုစုပေါင်း ဘိန်းစိမ်း ခုနစ်ထုပ် (ဒေသတန်ဖိုး ငွေကျပ် ၁၅၇ ဒသမ ၅ သိန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။



ခေယား(ခ)အားယားနှင့် ခေလော်အေ့တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ဘိန်းစိမ်းများဖြင့် သိမ်းဆည်းရမိခဲ့သည့် ခေယား(ခ)အားယားနှင့် ခေလော်အေ့တို့အား စစ်ဆေးချက်အရ ၎င်းတို့သည် ကျိုင်းတုံမြို့နယ် နမ့်ခုတ်အုပ်စု ပါချဲ(ခ)ဝမ်ခယ်ရွာတွင် နေထိုင်သူများဖြစ်ကြောင်း၊ အဆိုပါ ဘိန်းစိမ်းများအနက် သုံးထုပ်မှာ ၎င်းတို့၏ အစ်မ မမီတူးထံမှ ဘိန်းစိမ်းများဖြစ်ကာ ဆိုင်ကယ်ဖြင့် အလဲအထပ်လုပ်ရန် ယူဆောင်လာခြင်းဖြစ်ကြောင်း၊ ကျန်နှစ်ထုပ်မှာ ၎င်းတို့၏ ရွာအနီးရှိ မော်အီ(ရှမ်းရွာ)တွင် နေထိုင်သူ အိုက်ဘေး(ကျား)ထံမှ တစ်ထုပ်လျှင် ငွေကျပ် ၄၈၀၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ပြီး တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါခေါင်ရွာတွင် ရောင်းချလဲလှယ်ရန် လာရောက် ကြခြင်းဖြစ်ကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသူ နှစ်ဦးမှာ ၎င်းတို့နှင့် တစ်ရွာထဲနေထိုင်သူ ကျခူ(ခ)ဂျေခူနှင့် ကျုတ်ဖား(ခ)ဂျေဖားတို့ဖြစ်ကာ ကျိုင်းတုံ-မိုင်းဖြတ်-ဘူးရှီး-မိုင်းဟဲလမ်းကြောင်းအတိုင်း တာချီလိတ်မြို့သို့ သယ်ဆောင်လာခဲ့ကြခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။

အဆိုပါ ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သူများ၊ ထွက်ပြေးလွတ်မြောက်သွားသူများနှင့် ထုတ်လုပ်ရောင်းချသူများအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းမပေါ် ပြည်သူ့ရင်ပြင်ဝင်ပေါက်အနီး မြေနီကုန်းမှတ်တိုင်ရှေ့တွင် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က YBS ခရီးသည်တင်ယာဉ်မှ ကားအင်ဂျင်ခန်း မီးလောင်မှုဖြစ်ပွားရာ စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လားရှိုးမြို့၌ ဗြောက်အိုးဖောက်သူအား အရေးယူထား

**နေပြည်တော် အောက်တိုဘာ ၁၂**

လားရှိုးမြို့ ရပ်ကွက် ၇ အိမ်အမှတ်(၃၄/၁/၄)နေ ဒေါ်ရန်ချုံရှန့်၏ နေအိမ်မီးဖိုနှင့် ဧည့်ခန်းကြားရှိ ပေါ်တီကိုအောက်၌ အောက်တိုဘာ ၁၁ ရက် ည ၉ နာရီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာသို့ နယ်မြေခံတပ်နှင့် လားရှိုးမြို့နယ် ရဲတပ်ဖွဲ့မှူးပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ ဆန်တိုင်ကီအပိုင်းပြတ်အဖုံး လန်ထွက်ခြင်းနှင့် ၎င်းအောက်ရှိ ကြွေပြားသုံးလက်မခန့် ပွန်းကြေခြင်း၊ ဧည့်ခန်း၊ မီးဖိုဆောင် ပြတင်းပေါက်မှန် နှစ်ချပ်ကွဲကြေခြင်း၊ ခြံဝင်းသံပန်းတံခါး တစ်လက်မခန့် အပေါက်ဖြစ်ပေါ်ခြင်းများ တွေ့ရှိခဲ့ရသည်။

အဆိုပါပေါက်ကွဲမှုမှာ ဗြောက်အိုးအား နှစ်ပေပတ်လည်ခန့်ရှိ တိုင်ကီပိုင်းပြတ်ဖြင့်အုပ်၍ ပေါက်ကွဲစေခြင်းကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် ဗြောက်အိုးဖောက်သူ(စုံစမ်းဆဲ)အား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဘိုကလေးမြို့နယ်တွင် ရေလုပ်သားတစ်ဦး မိကျောင်းကိုက်ခံရ

**ဘိုကလေး အောက်တိုဘာ ၁၂**

ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာတွင် အောက်တိုဘာ ၁၁ ရက်က လူတစ်ဦး မိကျောင်းကိုက်ခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာ ရာအိမ်ပိုင်ဝဲချောင်းတန်းတွင် နေထိုင်ပြီး ရေလုပ်ငန်းလုပ်ကိုင်သူ ဦးချစ်ထွန်း၏ သား ကိုထွန်းဝင်းနှင့် ဇနီး မဆင့်တို့သည် အောက်တိုဘာ ၁၁ ရက် ည ၉ နာရီတွင် လမုအုပ်ကြီးချောင်းကမ်းဘေး၌ ပိုက်ဘဝင်းပိတ်ပြီး စက်လှေပေါ်ပြန်အတက်တွင် ကိုထွန်းဝင်း၏ ဝဲဘက်ဒူးခေါင်း အထက်နားသို့ မိကျောင်းကိုက်ခံရစဉ် စက်လှေဝမ်းထဲသို့ ခန္ဓာကိုယ်လိုမ့်ချပြီး စက်လှေအတွင်းရှိ ဇနီး မဆင့်၏ အကူအညီဖြင့် ကိုယ်တိုင်လည်း ညာဘက်ခြေထောက်ဖြင့် စက်လှေဝမ်းကို ခြေကန်ပေးပြီး ရုန်းကန်နေစဉ် မိကျောင်းပါးစပ်ထဲသို့ ဝဲခြေထောက်ပြတ်ပါသွားခဲ့သည်။

ကိုက်သည့်မိကျောင်းမှာ အနက်ဖြစ်ပြီး သက်ဆိုင်ရာသို့ ကူညီပေးရန် အကြောင်းကြားစဉ် ညတွင်းချင်း ဆတ်ကျွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် ရွာသူရွာသားများက ဘိုကလေးမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သောဆေးဝါးကုသမှုများ ပေးကာ ဖျာပုံမြို့ ခုတင် ၂၀၀ ဆေးရုံသို့ ဆက်လက်၍ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်သည် ယခုနှစ်တွင် ငါးဦးမြောက်ဖြစ်စဉ်ဖြစ်ပြီး လေးဦးသာ အသက်ရှင်လွတ်မြောက်ပြီး တစ်ဦးမှာ အလောင်းမရဘဲ သားတစ်တစ်ခုနှင့် လက်မောင်းအပိုင်းသာ ရရှိခဲ့သည်။ ယခုဆိုလျှင် ဘိုကလေးမြို့တွင် အရွယ်ရောက်မိကျောင်း အပါအဝင် အကောင်ကြီး ၅၀ ကျော်နှင့် အကောင်သေး ၁၀၀ ကျော် ရှိနေကြောင်း ထုတ်ပြန်သော သတင်းများအရ သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၉ ဒသမ ၉၃၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၈၀ သန်း) စုစုပေါင်းတားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃ ဒသမ ၄၁ သန်း)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရေပူရွာအနီး ၁၉၈ မိုင် ၁ ဖာလုံခန့်တွင် ရပ်တန့်ထားသော Toyota Alphard ယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းတွင် အံ့ဗွက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၅၄၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် အောက်တိုဘာ ၁၁ ရက်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုနှင့် ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ရွာမအုပ်စု မြောက်ကျောင်းစုရွာနေ ကျော်မင်းလတ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ပါ တစ်ထုပ်(ကာလတန်ဖိုး ငွေကျပ် ၂၁၀၀၀၀ ခန့်)၊ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားနှင့် အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား (ကာလတန်ဖိုး ငွေကျပ် ၄၂၀၀၀ ခန့်)နှင့် ဘိန်းဖြူဟုယူဆရသော ဝါ/ဖြူမှုန့် သုည ဒသမ ၂ ဂရမ်ခန့်ပါ တစ်ဘူး၊ မူးယစ်ဆေးသုံးစွဲရာတွင် ဆက်စပ်အသုံးပြုရသော ပစ္စည်းများနှင့် ငွေကျပ် ၁၆ သိန်း တစ်သောင်းတို့အား တွေ့ရှိရသဖြင့် ကျော်မင်းလတ်အား ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃-၁၀-၂၀၁၈(စနေနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ Breakfast News
- ၇:၃၅ Weekly Sport Info
- ၈:၃၅ "၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနား"(ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုလျှော့ချစို့)
- ၈:၄၅ ပန်းပျိုးခင်း(အပိုင်း-၄၉) "လောင်းရိပ်ကင်းသောပန်းကလေးများ"
- ၉:၂၅ News Watch TV
- ၉:၄၀ မြစ်မခမီဒီယာ(စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
- ၁၀:၃၀ လုံမမှတ်စု (၅၇)
- ၁၀:၄၅ ကဗျာရိပ်မြုံ "သနပ်ခါး"
- ၁၁:၀၀ NHK Programme "ပိုက်သာဂိုရခလုတ်" (ဘယ်အရာများက ရွေ့လျားနေပါသလဲ)
- ၁၁:၂၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း- ၁၂)
- ၁၁:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း"(အပိုင်း-၈) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်)(ဒါရိုက်တာ-မင်းခိုက်စိုးစန်)
- ၁၃:၅၀ ဟိုတုန်းက. . . ကက်ဆက်ဇာတ်လမ်းများ "နန်းထားလမ်းသလားနေသည်" (စောမြတ်နိုး၊ စောယုနန္ဒာ၊ ဟိန်းရှိုင်း၊ A3)(ဒါရိုက်တာ- သီတာလင်း)
- ၁၅:၂၀ "စေညွှန်ရာ" (နေဒွေး၊ ချစ်စနိုးဦး၊ မေဘရဏီသော်၊ ဖူးပွင့်သခင်)(ဒါရိုက်တာ-ကျော်နှင်းဆီ)

**ညပိုင်း**

- **၁၆:၃၅ "ပုခက်လွှဲရင်းတေးသီနေသည့်အလင်းတိုင်"(ပထမပိုင်း)**
- **၁၇:၀၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်**
- **၁၇:၂၀** NHK Programme **(ပိုက်သာဂိုရခလုတ်)(ခလုတ်တောင်မဖွင့်ထားဘူး)**
- **၁၇:၄၀ "နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ"**
- **၁၈:၂၀ "အပ်ဖျားတစ်ထောက်"(အပိုင်း-၁)**
- ၁၈:၃၅ Tasty Trip
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃၀)
- **၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ**
- **၂၀:၃၅ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနိုင်ငံရေးပါတီများ၏ ဟောပြောချက် "ချင်းတိုးတက်ရေးပါတီ"**
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၂၈)
- \- ဂီတသမား၊ ဂီတစကား "မဟာဂီတမိတ်ဆက် (၂)တေးသုံးပုဒ်"
- **- အစီအစဉ်ပြီး၏။**

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ကက) **ယခင်ဥပဒေ** ဆိုသည်မှာ -
(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အပိုင်း (၅)၊
(၂) ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၏ အပိုင်း (၅)၊
(၃) ၁၉၀၉ ခုနှစ်၊ ရန်ကုန်လူမွဲခံယူခြင်းဆိုင်ရာ အက်ဥပဒေ၊
(၄) ၁၉၂၀ ခုနှစ်၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ အက်ဥပဒေ၊
(၅) ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်း အက်ဥပဒေ အပိုင်း (၆) နှင့်
(၆) အထက်ပါ ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဆိုသည်။

(ကခ) **ပစ္စည်း** ဆိုသည်မှာ ငွေကြေး၊ ကုန်စည်၊ ဝတ္ထုပစ္စည်း၊ ဥပဒေအရ တရားစွဲဆို တောင်းခံနိုင်သော တောင်းဆိုချက်များ၊ မြေနှင့် အမျိုးမျိုးသောပစ္စည်းများ၊ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေရှိသော ပိုင်ဆိုင်မှုနှင့် ထိုပိုင်ဆိုင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော အကျိုးခံစားခွင့် အရပ်ရပ်ကို ဆိုသည်။

(ကဂ) **ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ပုဒ်မ ၁၆၆ အရ ခန့်အပ်ခြင်းခံရသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဃ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သောဥပဒေအရ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်များနှင့် မှတ်ပုံတင်အရာရှိသို့ အပ်နှံထားသောအခြားအခွင့်အာဏာများကို ကျင့်သုံးရန်၊ အခြားလုပ်ငန်းတာဝန်များနှင့် တာဝန်များကို ထမ်းဆောင်ရန်နှင့် ဤဥပဒေအရ ကုမ္ပဏီနှင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအပါအဝင် တစ်သီးပုဂ္ဂလများမှ လူမွဲအဖြစ် ခံယူမှုများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ခန့်အပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကင) **နည်းဥပဒေ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို ဆိုသည်။

(ကစ) **ပြန်လည်ထူထောင်ရေးအကြံပေး** ဆိုသည်မှာ ဤဥပဒေပါရည်ရွယ်ချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများအား အကြံပေးရန် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဆ) **ပြန်လည်ထူထောင်ရေးမန်နေဂျာ** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အပိုင်း (၅)၊ အခန်း (၂) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဇ) **ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇၂ တွင် ရည်ညွှန်းဖော်ပြထားသည့် အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သော အသွင်သဏ္ဍာန်ရှိသည့်အစီအစဉ်ကိုဆိုသည်။

(ကဈ) အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်) တစ်ခု၏ **ဆက်စပ်သည့်အဖွဲ့အစည်း** ဆိုသည်မှာ -
(၁) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ တစ်ခုခု၊ သို့မဟုတ်
(၂) အဖွဲ့အစည်း၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်
(၃) အဖွဲ့အစည်း၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုကိုဆိုသည်။

(ကည) ကုမ္ပဏီနှင့်ပတ်သက်သော **အာမခံအကျိုးခံစားခွင့်ရ မြီရှင်** ဆိုသည်မှာ ကုမ္ပဏီ၏မြီရှင်တစ်ဦးဖြစ်ပြီး ကြွေးမြီတောင်းဆိုခွင့်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ပစ္စည်းများအပေါ် အာမခံတစ်ရပ် ကိုင်ဆောင်ထားသူဖြစ်ပြီး ကုမ္ပဏီနှင့်ပတ်သက်သော **အာမခံအကျိုးခံစားခွင့်မရရှိသောမြီရှင်** ဆိုသည်မှာ ထိုသို့သော အာမခံတစ်ရပ်ကို ကိုင်ဆောင်ထားခြင်း မရှိသည့် မြီရှင်ကို ဆိုသည်။

(ကဋ) **အာမခံ**ဆိုသည်မှာ ဒီဘင်ချာ၊ စာချုပ်ပေါင်နှံခြင်းနှင့် ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် အခြားသော အာမခံကိုဆိုသည်။

(ကဌ) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ စာချုပ်ဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ကိုဆိုသည်။

(ကဍ) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခံရသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံအောက်မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(ကဎ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ -
(၁) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် ကုမ္ပဏီကိုဆိုသည်-
(ကက) ကုမ္ပဏီ၏ဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အခြားကုမ္ပဏီက ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်
(ခခ) ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက်အများဆုံးအနက်မှ ထက်ဝက်ထက်ကျော်လွန်သည့် မဲများကို အခြားကုမ္ပဏီက အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်
(ဂဂ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါကုမ္ပဏီက ထုတ်ဝေထားသော အစုရှယ်ယာများ၏ ထက်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီက ပိုင်ဆိုင်ထားခြင်း၊ သို့မဟုတ်
(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည် ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှ တစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။
(၂) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) ပါ အခြေအနေ တစ်ရပ်ရပ်နှင့်ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီက ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည်။

(ကဏ) **ယုံမှတ်အပ်နှံခြင်းခံရသူ** ဆိုသည်မှာ အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလဖြစ်သူ လူမွဲပိုင်ပစ္စည်းအား စီမံခန့်ခွဲရန် ခန့်အပ်ထားသူကိုဆိုသည်။

(ကတ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

**အကြောင်းကြားခြင်းနှင့် ကြေညာခြင်း**

၃။ (က) ဤဥပဒေအရ ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရေး အကြောင်းကြားရန်သို့မဟုတ် ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုသို့ အကြောင်းကြားချက် သို့မဟုတ် ကြေညာချက်ကို ပြုလုပ်ရာတွင် မည်သို့သော အချက်များကို ထည့်သွင်း၍ မည်သည့်အချိန်တွင် မည်သို့မည်ပုံ ပြုလုပ်ပေးပို့ရမည်ကို နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။
(ခ) ထိုအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းနှင့်ပတ်သက်၍ ပြုလုပ်သည့် နည်းလမ်း၊ ပါဝင်ရမည့်အကြောင်းအရာနှင့် ပြုလုပ်ရမည့်အချိန်တို့ကို သတ်မှတ်ထားသည့် နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ပျက်ကွက်လျှင် ဤဥပဒေပါအကြောင်းကြားရန် သို့မဟုတ် ကြေညာရန် တာဝန်ကို ချိုးဖောက်ရာရောက်သည်။
(ဂ) ဤဥပဒေပါ အကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင် ထိုသူအား အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည်-
(၁) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ဒဏ်ကြေးငွေကျပ် တစ်သိန်းအထိ တပ်ရိုက်နိုင်သည်။
(၂) တရားရုံးသည် ဆောင်ရွက်ရန် ပျက်ကွက်မှုအား သတ်မှတ်ထားသည့်အချိန်အတွင်း မပျက်မကွက်ဆောင်ရွက်စေရန် ၎င်းအပေါ် အမိန့်ချမှတ်နိုင်သည်။

**ဒဏ်ကြေးငွေများအား တိုးမြှင့်သတ်မှတ်ခြင်း**

၄။ ဤဥပဒေပါ ဒဏ်ကြေးငွေပမာဏများကို တိုးမြှင့်သတ်မှတ်သင့်သည်ဟု ယူဆလျှင် နည်းဥပဒေဖြင့် တိုးမြှင့်သတ်မှတ်နိုင်သည်။

**မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ (က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ် ယင်းကို ဆက်ခံသည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခု) ကို ကုမ္ပဏီများ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးထားသမျှကာလပတ်လုံး ထိုဌာန၏ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ် အလားတူတာဝန်ကို ထမ်းဆောင်နေသောသူ) သည် ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်း ပြုနိုင်သည့်အပြင် ထိုလုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို ထိုဌာနရှိ အခြားအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အခြားအရာရှိများကို လွှဲအပ်ကျင့်သုံးစေနိုင်သည်။ ထိုသို့လွှဲအပ်ခြင်းခံရသူသည် မှတ်ပုံတင်အရာရှိအား တာဝန်ခံ၍ မှတ်ပုံတင်အရာရှိမှ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။
(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ သတ်မှတ်ထားသော အကြောင်းကြားမှုတစ်ရပ်ကို လက်ခံရရှိပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ယင်းအသိပေး အကြောင်းကြားမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ မှတ်တမ်းတင်ရမည်။
(ဂ) ထိုသို့ ကုမ္ပဏီနှင့်ပတ်သက်သည့် အကြောင်းကြားစာများကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရာ၌ အကျိုးသက်ဆိုင်သူက အလွယ်တကူ ရှာဖွေသိရှိနိုင်စေရန်နှင့် လိုအပ်ပါက မိတ္တူမှန်ကူးယူရရှိနိုင်စေရန်အတွက် အကောင်းဆုံးနည်းလမ်းများဖြင့် မှတ်ပုံတင်စာရင်းကို ပြုစုထားရှိ၍ မှတ်တမ်းတင်ထားရမည်။

## အပိုင်း (၂)
## ရည်ရွယ်ချက်

**ရည်ရွယ်ချက်များ**

၆။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နိုင်ငံတော်၏ ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များအကြား လိုက်လျောညီထွေဖြစ်စေရန်၊
(ခ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာပညာရှင်များ ပေါ်ပေါက်လာစေရန်၊
(ဂ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်းသိရှိနိုင်ပြီး သင့်တင့်မျှတသော ရလဒ်များရရှိစေရန်၊
(ဃ) လူမွဲမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာနှင့် ဘက်လိုက်ခြင်းကင်းစွာ ဖြေရှင်းဆောင်ရွက်နိုင်စေရန်၊
(င) အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရိုအသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေး အခက်အခဲကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှတစ်ဆင့် လုပ်ငန်းများ ပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များ တည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊
(စ) အလားအလာမကောင်းသော စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်လွယ်ကူသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်ရှိစေရန်နှင့် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုတန်ဖိုးများကို အတတ်နိုင်ဆုံးမြှင့်တင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ငွေကြေးအများဆုံး ပြန်လည်ရရှိစေရန်၊
(ဆ) အခြေအနေတူသည့် မြီရှင်များအကြား သာတူညီမျှ ဖြစ်စေရန်၊
(ဇ) လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးရန်၊
(ဈ) နယ်စပ်ဖြတ်ကျော်လူမွဲခံယူမှုမူဘောင်ကို တည်ထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းအား အထောက်အကူဖြစ်စေရန်။

## အပိုင်း (၃)
## လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူများစည်းမျဉ်း
## အခန်း (၁)
## နိဒါန်း

**ဤအပိုင်းနှင့်သက်ဆိုင်ခြင်း**

၇။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အောက်ပါ ရာထူးများတွင် ခန့်ထားသူတို့နှင့်သက်ဆိုင်စေရမည်-
(က) ပစ္စည်းထိန်း၊
(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာ၊
(ဂ) ပြန်လည်ထူထောင်ရေးအကြံပေး၊
(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကြီးကြပ်သူ၊
(င) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအပါအဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊

**(ဆက်လက်ဖော်ပြပါမည်)**

# မင်းပြားမြို့နယ်ရှိ မျိုးစေ့ထုတ်မျိုးသန့်ခြံသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု ကွင်းဆင်းစစ်ဆေး

**စစ်တွေ အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုသည် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက မင်းပြားမြို့နယ် ကင်းဆိပ်ကျေးရွာရှိ မျိုးစေ့ထုတ်မျိုးသန့်ခြံသို့ ကွင်းဆင်းစစ်ဆေးသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်ပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို အဓိကထား၍ မျိုးစေ့ထုတ်လုပ်ပွားများ ဖြန့်ဖြူးပေးရန်၊ ဒေသနှင့်ကိုက်ညီပြီး တောင်သူများ လက်ခံကျင့်သုံးနိုင်သည့် စိုက်ပျိုးနည်းစနစ်များအား တောင်သူများသို့ ထိထိရောက်ရောက် စည်းရုံးပညာပေးရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ရန်နှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။



ထို့နောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ကင်းဆိပ်ကျေးရွာရှိ မျိုးစေ့ထုတ်မျိုးသန့်ခြံသည် ဧရိယာ ၉၈ ဒသမ ၁၇ ဧက ရှိကြောင်း၊ ယခုနှစ်တွင် ရက် ၉၀ စပါး၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်းရင်နှင့် ပေါ်ဆန်းဘေးကြားတို့ကို စုစုပေါင်း ဧက ၈၀ အား မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းအဖြစ် စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ဒေသရာသီဥတုနှင့် ကိုက်ညီပြီး ဝင်ငွေတွက်ခြေကိုက်သည့် မျိုးများအား တောင်သူများ ရွေးချယ်စိုက်ပျိုးလာစေရန်အတွက် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်ကို စပါးမျိုးလေးမျိုးဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်း၊ အလားတူ တစ်ဧကကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို တွက်ခြေကိုက်စေမည့် စိုက်စနစ်လေးမျိုး စမ်းသပ်ကွက်၊ ပျိုးသက်နုကောက်ကွက်ကြဲ SRI စံပြကွက်နှင့် GAP စံပြကွက်များကိုလည်း စိုက်ပျိုးထားရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းပြားမျိုးစေ့ထုတ်မျိုးသန့်ခြံအတွင်း အောင်မြင်ဖြစ်ထွန်းနေသော မျိုးစေ့ထုတ်စိုက်ခင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တရုတ်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**ဟားခါး အောက်တိုဘာ ၁၂**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ဟားခါးမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီခွဲက ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာရေး၊ ရေအားလျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် နည်းပညာများ အသုံးပြုနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပညာရေးအတွက် အလှူငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိတ်ကျန်းမာရေးအတွက် ကုသမှုတွေ ခံယူနေရတဲ့ ဆယ်လီနာဂိုမက်ဇ်

ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ဒီလတွေအတွင်းမှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေနဲ့ ကြုံတွေ့ခဲ့ရပြီး လက်ရှိမှာတော့ စိတ်ကျန်းမာရေးအတွက် ကုသမှုတွေ ခံယူနေရတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့နှစ်က ကျောက်ကပ်ခွဲစိတ်ကုသမှုခံယူခဲ့ရတာဖြစ်ပါတယ်။ ဒီခွဲစိတ်မှုရဲ့ အကျိုးဆက်အနေနဲ့ သွေးဖြူဥလျော့နည်းလာတာကို ခံစားနေရပြီး ဒါတွေကို ကုသဖို့ရာ ဆေးရုံတက်ရောက်ခဲ့ရပါတယ်။ ဒီလို ဆေးရုံမှာ ကုသမှုတွေ ခံယူခဲ့ပြီးတဲ့နောက်မှာတော့ စိတ်ကျတာတွေ၊ စိုးရိမ်ပူပန်တာတွေကို ခံစားလာရကာ စိတ်ကျန်းမာရေးဆရာဝန်တွေနဲ့ပြသနေရတာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်နှစ်ပတ်အတွင်း ဆေးရုံနှစ်ကြိမ် တက်ရောက်ခဲ့ရပါတယ်။ စက်တင်ဘာနောက်ဆုံးပတ်အတွင်းမှာ ဆယ်လီနာဂိုမက်ဇ်ဟာ သွေးဖြူဥလျော့နည်းလာတဲ့ ရောဂါကြောင့် လော့စ်အိန်ဂျလိစ်ဆေးရုံကို အရေးပေါ် တက်ရောက်ခဲ့ရပါတယ်။ ရက်ပိုင်းအတွင်း ပြန်လည်ကောင်းမွန်တာကြောင့် ဆေးရုံဆင်းခဲ့ပေမယ့် နောက်ပိုင်းမှာ ယခင်လို ပြန်ဖြစ်လာတာကြောင့် ဆေးရုံပြန်လည်တက်ရောက်ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ယခင်ကလည်း စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေနဲ့ တွေ့ကြုံခဲ့ရဖူးပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး ကုသမှုတွေ ခံယူခဲ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဆယ်လီနာဂိုမက်ဇ်အနေနဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရချိန်ဟာ သူ့ရဲ့အချစ်ဟောင်း ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာ သူ့ရဲ့ချစ်သူသစ် ဟေးလေးဘော်ဝင်န်နဲ့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာချိန်နဲ့လည်း တိုက်ဆိုင်နေတာ တွေ့ရပါတယ်။

**အေးပြည့်**

pkfonf

# ဖန်ဘင်းဘင်းဘက်က ရပ်တည်လိုက်တဲ့ လီချန်း



အခွန်ရှောင်ခဲ့မှုကြောင့် ဒဏ်ငွေပေးဆောင်စေဖို့ရာ အမိန့်ချမှတ်ခံခဲ့ရတဲ့ တရုတ်မင်းသမီး ဖန်ဘင်းဘင်းဟာ လက်ရှိမှာတော့ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရချိန်မှာတော့ သူနဲ့ စေ့စပ်ထားတဲ့ချစ်သူ မင်းသားလီချန်းက ဖန်ဘင်းဘင်းဘက်က ရပ်တည်ကာ အခက်အခဲတွေကို အတူရင်ဆိုင်သွားကြမှာဖြစ်ကြောင်း ထုတ်ဖော်လာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖန်ဘင်းဘင်းအနေနဲ့ အခွန်ကြောင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက် နှစ်ရက်အကြာမှာတော့ အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီချန်းက သူ့ရဲ့ရပ်တည်ချက်ကို ထုတ်ဖော်လာတာဖြစ်ပါတယ်။ လီချန်းက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ ဝီဘိုပေါ်မှာ ဘယ်လောက်အခက်အခဲတွေဖြစ်နေပါစေ အတူရင်ဆိုင်ကျော်ဖြတ်သွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဖော်ပြချက်ကို လီချန်းရဲ့ကုမ္ပဏီကလည်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့ပြီး ဆူကြုံနိမ့်မြင့် မခွဲခြားဘဲ အမြဲအတူတူဖြစ်ကြောင်း မှတ်ချက်ပြုဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီဖော်ပြချက်တွေဟာ ဖန်ဘင်းဘင်းအတွက် ရည်ရွယ်ကြောင်း တိုက်ရိုက်ရေးသားဖော်ပြထားခြင်းမရှိပေမယ့် အများကတော့ ဒါတွေဟာ ဖန်ဘင်းဘင်းအတွက် ရေးသားဖော်ပြထားတာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပါတယ်။

လတ်တလောမှာ အသက် ၃၇ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဖန်ဘင်းဘင်းဟာ ဖော်ဘီမဂ္ဂဇင်းက ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရ တရုတ်နိုင်ငံရဲ့ ဝင်ငွေအကောင်းဆုံးသော အနုပညာရှင် ၁၀ ဦးစာရင်းမှာ ပါဝင်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း သူ့ရဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၃ သန်းဖြစ်ပြီး ဒီလို အခွန်ရှောင်ခဲ့မှုပြဿနာတွေကြောင့် သူ့ရဲ့ပုံရိပ်ဟာ ကျဆင်းလာခဲ့ရတာဖြစ်ပါတယ်။

ဆင်ဟွာသတင်းဌာနရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထုတ်ပြန်ချက်တွေအရ ဖန်ဘင်းဘင်းကို တရုတ်အကောက်ခွန်ဌာနမှ တာဝန်ရှိသူတွေက အခွန်ရှောင်မှုအတွက် ဒဏ်ကြေးငွေ ယွမ် ၄၇၉ သန်းကျော် ပေးဆောင်စေခဲ့တဲ့အပြင် ယွမ် ၂၅၅ သန်းကိုလည်း အခွန်ပေးဆောင်စေဖို့ရာ အမိန့်ထုတ်ပြန်ခဲ့ကြောင်းလည်း သိရပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်မှာ ထုတ်ဖော်ရေးသားခဲ့တဲ့ သတင်းတွေအရ ဖန်ဘင်းဘင်းရဲ့အမှုမှာ ပါဝင်စုံစမ်းခဲ့ကြတဲ့ တာဝန်ရှိသူတွေအနက် အနည်းဆုံး ငါးဦးခန့် ပြစ်ဒဏ်ပေးခြင်းခံခဲ့ရပြီး ဒီလိုအပြစ်ပေးခံခဲ့ရသူတွေထဲမှာ ဖန်ဘင်းဘင်းရဲ့ ကုမ္ပဏီအခြေစိုက်ရာ ဝူရှီမြို့က အခွန်ဗျူရိုအကြီးအကဲလည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။ တာဝန်ရှိသူတွေကို စီမံခန့်ခွဲရေးမှာ ညံ့ဖျင်းတာကြောင့် ယခုလို အပြစ်ပေးရခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ဖန်ဘင်းဘင်းကတော့ အခွန်ရှောင်ခဲ့ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာချိန်မှာ လူမှုကွန်ရက်မီဒီယာပေါ်ကနေပါ ပျောက်သွားခဲ့ပြီး မီဒီယာတွေရဲ့ မေးမြန်းချက်တွေကိုလည်း ဖြေကြားခဲ့ခြင်းမပြုပါဘူး။ ဒါပေမယ့် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် သူ့ရဲ့ လုပ်ဆောင်ချက်တွေအတွက် တောင်းပန်ကြောင်း ထုတ်ဖော်ရေးသားခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် သူဟာ ဒဏ်ကြေးပေးဆောင်ဖို့ရာ ဘေဂျင်းမှာရှိတဲ့ သူပိုင်တဲ့ တိုက်ခန်း ၄၁ ခန်းကိုလည်း ဈေးကွက်အတွင်း ရောင်းချထားပြီး လက်ရှိပေါက်ဈေးအောက် ၃၀ ရာခိုင်နှုန်းခန့်လျှော့ကာ ရောင်းချခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# အမေရိကန်တေးဂီတဆုပေးပွဲ ကော်ဇောနီပေါ် ပထမဆုံးအကြိမ် လျှောက်လှမ်းခဲ့တဲ့ NCT 127

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “NCT 127” ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ အမေရိကန်တေးဂီတဆုပေးပွဲကို ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့တာ တွေ့ရပါတယ်။



အဖွဲ့ဝင် ၁၀ ဦးပါဝင်တဲ့ ယင်းအဖွဲ့ဟာ တေးသီချင်းသစ် “Regular”ကို ဆုပေးပွဲမတက်ရောက်မီညက ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Jimmy Kimmel Live! မှာ ပါဝင်ဖျော်ဖြေခဲ့တာကိုလည်း တွေ့ရပါတယ်။ အဆိုပါတေးသီချင်းဟာ အင်္ဂလိပ်ဘာသာနဲ့ သီဆိုထားတဲ့ တေးသီချင်းဖြစ်ပြီး အဖွဲ့အနေနဲ့ သူတို့ရဲ့ တေးသီချင်းတွေကို နိုင်ငံတကာ ပရိသတ်တွေပါ နားဆင်စေလိုတာကြောင့် အင်္ဂလိပ်ဘာသာနဲ့ ရေးသားသီဆိုရခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

# မြန်မာနိုင်ငံတွင် ပထမဆုံး Pride of Myanmar ဆုများပေးအပ်မည်



**ရန်ကုန် အောက်တိုဘာ ၁၂**

သက်ဆိုင်ရာနယ်ပယ်တွင် တစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ထူးချွန်မှုများကို အသိအမှတ်ပြုရန် ၂၀၁၈ ခုနှစ်အတွက် Pride of Myanmar ဆုများကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ပေးအပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက် ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"မြန်မာနိုင်ငံ နယ်ပယ်ကဏ္ဍအသီးသီးမှာ အင်မတန်ထူးချွန်ပြီး အရည်အချင်းရှိတဲ့သူတွေကို အသိအမှတ်ပြု ရွေးချယ်ချီးမြှင့်ဖို့ အစီအစဉ်က ကျွန်မတို့ရဲ့အိပ်မက်အဖြစ် နှစ်ပေါင်းများစွာရှိနေပါတယ်။ ဒီဆုပေးပွဲဟာ ထင်ရှားပြီးသားသူတွေသာမက မြန်မာနိုင်ငံကို ကမ္ဘာကသိဖို့ တစ်ဖက်တစ်လမ်းက ကူညီပေးနေတဲ့ အများစုမသိသေးတဲ့သူတွေကိုပါ ဖော်ထုတ်အသိအမှတ်ပြုပေးသွားမှာ ဖြစ်ပါတယ်။ ဒီဆုက ငွေကြေးပေးအပ်တဲ့ ဆုမဟုတ်ပါဘူး။ ဆုတံဆိပ်နဲ့ အသိအမှတ်ပြုလက်မှတ်ကို ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး ဒီဆုက ပြိုင်ပွဲလည်း မဟုတ်ပါဘူး။ နယ်ပယ်အသီးသီးမှာ လုပ်ဆောင်နေသူတွေကို သုတေသနအခြေခံပြီး ဆန်ခါတင်စာရင်း ဆုရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးသွားမှာဖြစ်ပါတယ်" ဟု ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်က ပြောသည်။

အဆိုပါဆုရွေးချယ်ရေးအတွက် ဆုရွေးချယ်ရေးအဖွဲ့တွင် ဒေါ်ဆွေဇင်ထိုက်နှင့် ဦးသူရကိုကိုတို့က ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ပြီး ဦးကျော်ကျော်လှိုင်၊ ဒေါ်ခင်လေး၊ ဦးအောင်ဆန်းဝင်း၊ ဦးသောင်းစုငြိမ်းနှင့် ဦးဆန်ဂျေဂုပ္ပတတို့က Board of Governors များအဖြစ်ဆောင်ရွက်ကြကာ ဦးချစ်ဦးညို၊ ဦးနေအုပ်၊ ဦးအောင်ကိုလတ်၊ ဦးဇော်သက်ထွေး၊ အကယ်ဒမီရန်အောင်၊ ဒီဇိုင်နာမပုံ့ အစရှိသော နယ်ပယ်အသီးသီးမှ ပညာရှင်များက အကဲဖြတ်အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်ရေးအဖွဲ့က နယ်ပယ်တစ်ခုစီမှ ဆန်ခါတင်စာရင်း ထိပ်ဆုံးလေးဦးကို ရွေးချယ်မည်ဖြစ်ပြီး ဂျူရီအဖွဲ့မှ ထိုဆန်ခါတင်လေးဦးအား နောက်ဆုံးအဆင့် နယ်ပယ်တစ်ခုစီမှ အနိုင်ရရှိသူ ရွေးချယ်ရန် ၅၀ ရာခိုင်နှုန်း မဲပေးရွေးချယ်မည်ဖြစ်ကြောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို အများပြည်သူများက အွန်လိုင်းမှတစ်ဆင့် မဲပေးရွေးချယ်မည်ဖြစ်ကြောင်း၊ အများပြည်သူမဲပေးကာလကို အောက်တိုဘာမှ ဒီဇင်ဘာလကုန်အထိ ဆောင်ရွက်ပြီး နောက်ဆုံးရလဒ်များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ပြန်၍ ဆုရသူများအား အခမ်းအနားဖြင့် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေးအပ်မည့်ဆုများမှာ စုစုပေါင်းရှစ်ခုရှိရာ အနုပညာနှင့် စာပေဆိုင်ရာဆု၊ စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာဆု၊ လူမှုဆက်ဆံရေးနှင့် လူထုရေးရာဆု၊ ဖျော်ဖြေရေးဆိုင်ရာဆု၊ ဖက်ရှင်ဆိုင်ရာဆု၊ အားကစားဆိုင်ရာဆုနှင့် ဘဝတစ်သက်တာအောင်မြင်မှုဆိုင်ရာဆုများဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သစ်ပင်များ ခုတ်ထွင်ရှင်းလင်း



**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမတစ်လျှောက် သွယ်တန်းဓာတ်အားဖြန့်ဖြူးပေးထားသော 66KV ဘုရင့်နောင်-စိန်ပန်းမြိုင်နှင့် 66KV ဘုရင့်နောင်-ဆင်မလိုက်(၂) ဓာတ်အားလိုင်း စုစုပေါင်း သုံးမိုင်ခန့်အား မိုးရာသီတွင် အများပြည်သူ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ဗို့အားပြည့်ဝစွာ ရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သစ်ပင်ခုတ်ထွင်ခြင်းလုပ်ငန်းကို YESC ဥက္ကဋ္ဌ ဦးမောင်မောင်လတ်ကြီးကြပ်၍ ခရိုင်လျှပ်စစ်မန်နေဂျာ(စီမံ)၊ ခရိုင်လျှပ်စစ်မန်နေဂျာ(အင်/ယာ)တို့၏ ဦးစီးမှုဖြင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ဝန်ထမ်းများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းဥယျာဉ်နှင့် အားကစားဌာနမှ ဝန်ထမ်းများက ဓာတ်အားလိုင်းတစ်လျှောက် စစ်ဆေးပြုပြင်ခဲ့ကြသည်။

ထို့နောက် YESC တည်ဆောက်ရေးဌာနမှ ဝန်ထမ်းများနှင့် Platform Truck ခြောက်စီး၊ အမှိုက်သိမ်းယာဉ် သုံးစီးတို့ဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ **ကြေးမုံ**

# အများပြည်သူသွားလမ်းများ၌ စည်းကမ်းမဲ့ဆိုင်ကယ်ရှေ့ဘီးထောင်စီးသူများကြောင့် အနှောင့်အယှက်ဖြစ်ရ



**ညောင်ဦး အောက်တိုဘာ ၁၂**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကားနေသော မြို့တစ်မြို့ဖြစ်ကာ ညောင်ဦးမြို့ထဲတွင် ဆိုင်ကယ်ရှေ့ဘီးထောင်စီးနေသော လူလတ်ပိုင်းအချို့ကြောင့် ပြည်တွင်းပြည်ပခရီးသွား မော်တော်ယာဉ်များ စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ကျောင်းဦးဈေးလမ်းမကြီးအတိုင်း ညောင်ဦးမြို့မ အထက်တန်းကျောင်း (ခွဲ)ရှေ့မှဖြတ်ကာ ရှေ့ဘီးထောင်စီးနေသောကြောင့် ကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်အလွန်များကြောင်း၊ ရှေ့ဘီးထောင်စီးသည့် ဆိုင်ကယ်ရှေ့မှ ဆိုင်ကယ်တစ်စီးက ဟန်းဖုန်းဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်းများပြုလုပ်နေရာ ပုဂံညောင်ဦးဒေသသို့ ဘုရားဖူး၊ လေ့လာရေးလာရောက်သည့် ခရီးသွားကားများ ရပ်ထားရကြောင်း ပုပ္ပားမှဘုရားဖူးလာရောက်သည့် ဦးထိန်ဝင်းက ပြောပြသည်။

"ကျွန်တော့်ကားရှေ့မှာ မော်တော်ဆိုင်ကယ်ထောင်ပြီးစီးနေကြတာ ကျွန်တော်လည်း ကားရပ်ထားပြီး ကြည့်နေရတယ်။ ပုဂံညောင်ဦးဒေသဆိုတာ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုမြို့တော်လေ။ ခရီးသွားပြည်သူတွေရဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ အနှောင့်အယှက်ဖြစ်စေတယ်။ ကျွန်တော်ကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှ တာဝန်ရှိသူတွေကို မြို့တွင်းမှာရော လုပ်စေချင်တယ်" ဟု ခရီးသွားဧည့်သည်များမှ ပြောပြကာ ပြည်ပဧည့်သည်များ မကြာခဏတွေ့မြင်သွားပါကပုဂံညောင်ဦးဒေသ၏ ပုံရိပ်ကျဆင်းစေနိုင်ကြောင်း ပခုက္ကူမြို့မှ ဘုရားဖူးလာရောက်သည့် ဦးကြည်ရွှင်ကပြောပြသည်။ **ကိုထိန်(ငါးသရောက်)**

တိုတိုထွာထွာဖတ်စရာ

## ပြောက်အိုးနှင့် မီးရှူးမီးပန်းများ ရောင်းချမှုစစ်ဆေး

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် သီတင်းကျွတ်နှင့်အခြားပွဲတော်များ ကျင်းပတော့မည်ဖြစ်သဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ကလေးငယ်များ အသက်အန္တရာယ်မဖြစ်စေရေး၊ သက်ကြီးရွယ်အိုများနှင့် အခြားပြည်သူများ အထိတ်တလန့်မဖြစ်စေရေးအတွက် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ဇမိရတနာမြို့မဈေးအတွင်းနှင့် စတိုးဆိုင်များတွင် သွားရောက်ပြီး ပြောက်အိုးနှင့် မီးရှူးမီးပန်းအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် ရောင်းဝယ်မှုမရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ဇမိမြေ)**

## စလင်း၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု တယ်ဘိုကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲမှစတင်၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

မြို့နယ်မှူး ရဲမှူးတင်ထွန်းက မှုခင်းကျဆင်းရေးကိစ္စများမှ ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။ **စစ်ကြည်(စလင်း)**

## လားရှိုးတွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များတွေ့ဆုံ

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက အမှာစကားပြောကြားကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုင်းဘိုဘိုက လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ဓာဏီအောင် (လားရှိုး)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ချောင်းနက်ကျေးရွာ (အ-ထ-က-ခွဲ) ကျောင်း၌ ကျင်းပသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲနန္ဒ၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးခင်မောင်လေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်မြင့်၊ လက်ထောက်ပညာရေးမှူး ဦးနိုင်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး) ပညာရှင်အဖွဲ့တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **၅၈၀**

## ပညာရေးနှင့်စာရိတ္တခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြောင်းမြ အောက်တိုဘာ ၁၂**

ပညာရေးနှင့်စာရိတ္တ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့နယ် မျိုးဆက်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း မျိုးဆက်သစ်ခန်းမ၌ ကျင်းပသည်။

မြောင်းမြမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်စယ်လီလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စိုးထွန်း၊ မျိုးဆက်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်း၊ Book Club အဖွဲ့ ဥက္ကဋ္ဌ ဦးမော်မျိုးထွန်းတို့က အကျင့်စာရိတ္တကောင်းမွန်မှု၊ လူမှုဝန်းကျင်အကျိုးပြု၊ မူးယစ်ဆေးဝါးများအကြောင်းနိဒါန်း၊ ကောင်းမွန်သောစာရိတ္တမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

မျိုးဆက်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း အုပ်ချုပ်မှုအဖွဲ့ ဆရာဦးဘိုကြီးနှင့် ဆရာ ဆရာမများ၊ စိတ်ပါဝင်စားသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

# မျိုးဗီဇနှင့် လူ့ပတ်ဝန်းကျင် အညမညပြုချက်နှင့် နုပျိုကျန်းမာ သက်ရှည်စွာ နေထိုင်နိုင်ရေး

သန်းဇော်

မော်လီကျူးဆိုင်ရာ ဇီဝဗေဒပညာရှင် Elizabeth H. Blackburn နှင့် စိတ်ကျန်းမာရေးပညာရှင် Dr. Elissa Epel တို့ နှစ်ဦး သုတေသနပြု ရေးသားထားသော 'တီလိုမီရီ၏ အကျိုးသက်ရောက်မှု' နုပျိုကျန်းမာ သက်ရှည်စွာ နေထိုင်နိုင်ရေး နောက်ဆုံးတွေ့ရှိချက် (The Telomere Effect: A Revolutionary Approach to Living Younger, Healthier, Longer) အမည်ရှိ စာအုပ်သည် ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် ရေပန်းအစားဆုံး ပြည်သူ့ကျန်းမာရေးလမ်းညွှန်စာအုပ် ခြောက်အုပ်တွင် ပါဝင်သည်။

လူသားတို့၏ ကျန်းမာရေးနှင့် အသက်ရှည်ရေးတို့သည် မိမိတို့၏ အပြုအမူများနှင့် ပတ်ဝန်းကျင်တို့၏ သက်ရောက်မှုတို့အပေါ် တည်မှီနေခြင်း ရှိ-မရှိကိုလည်းကောင်း၊ အသက်ရှည်ရှည် ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် လက်တွေ့အသုံးပြုနိုင်မည့် နည်းလမ်းများ ရှိ-မရှိကိုလည်းကောင်း သုတေသနပြုလုပ်ကာ ရေးသားထားသော စာအုပ်ဖြစ်သည်။

၂၀၀၉ ခုနှစ်အတွက် ဆေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲရရှိခဲ့သူများတွင် Elizabeth H. Blackburn ပါဝင်သည်။ ခရိုမိုဇုန်းများကို ကာကွယ်ပေးသည့် တီလိုမီရီများ (Telomeres) နှင့် တီလိုမီရေစ့် အင်ဇိုင်း ( Telomerase Enzyme ) တို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းအတွက် နိုဘယ်ဆုကို ပူးတွဲပေးအပ်ခဲ့ခြင်းဖြစ်သည်။ သူနှင့်အတူ ပူးတွဲနိုဘယ်ဆု ရရှိခဲ့သူများမှာ Carol W.Greider နှင့် Jack W. Szostak တို့ဖြစ်ကြသည်။

## အဖြေတွေ့ရှိ

ကလာပ်စည်းများ ကွဲပွားနေချိန်အတွင်း မျိုးဗီဇ ခရိုမိုဇုန်းများကို မိတ္တူပွားယူနိုင်ကြောင်း၊ ယင်းမျိုးဗီဇ ခရိုမိုဇုန်းများကို မပျက်စီးအောင် အကာအကွယ်ပေးနိုင်ကြောင်း၊ မျိုးဗီဇခရိုမိုဇုန်းတို့၏ အဆုံး (ထိပ် နှစ်ဖက်) ရှိ တီလိုမီရီနှင့် တီလိုမီရီများထဲတွင် ပါဝင်ထားသည့် ဓာတ်ပြောင်းအကူဒြပ် အင်ဇိုင်းတီလိုမီရေစ့်တွင် အဖြေရှိကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

တီလိုမီရီ ဆိုသည်မှာ မျိုးဗီဇ DNA ကလာပ်စည်းများတွင်ရှိသော မျိုးဗီဇ ခရိုမိုဇုန်းများ၏ အဆုံး၊ ထိပ်တွင်ရှိပြီး ခရိုမိုဇုန်းများကို အကာအကွယ်ပေးထားသည့် ကြားခံ အဖုံး၊ အစွပ်လေးများ ဖြစ်သည်။ ခရိုမိုဇုန်းများမှာ မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက်နှင့် ပစ္စည်းများကို သယ်ဆောင်ပေးသည်။ တီလိုမီရီများသည် ခရိုမိုဇုန်းများ ကွဲပွားချိန်တွင် ပျက်စီးမှုမရှိအောင် ကြားခံသဖွယ် လုပ်ဆောင်ပေးသည်။ (တီလိုမီရီများသည် ရှူးဖိနပ်ကြိုးများ၏ အဆုံးတွင်ရှိသော ရှူးဖိနပ်ကြိုးများ မဖွာထွက်အောင် ထိန်းထားပေးသည့် ပလတ်စတစ်အစွပ်လေးများနှင့် ဆင်တူသည်)

တီလိုမီရေစ့်သည် မျိုးဗီဇ တီလိုမီရီ အရှည်ကို မူလအတိုင်းဖြစ်စေရန် ဆွဲဆန့်စေပြီး မျိုးဗီဇ ပိုလီမီရေစ့်က မျိုးဗီဇခရိုမိုဇုန်း အရှည်တစ်ခုလုံးအား ပုံတူ မျိုးပွားမိတ္တူကူးယူရာတွင် လွဲမှားမှုမရှိစေရန် လုပ်ဆောင်ပေးသည်။ အချိန်နှင့်အမျှ ကလာပ်စည်း (cell) ကွဲပွားချိန်အတောအတွင်း ခရိုမိုဇုန်းအဆုံးရှိ တီလိုမီရီများ ပျက်စီးတိုတောင်းခြင်း မရှိစေရန်၊ ဆုံးရှုံးသွားသော မျိုးဗီဇ DNA ကို မူလအလျားအတိုင်းရှိစေရန် ပြုလုပ်ပေးခြင်း၊ တီလိုမီရီများ အင်အားအသစ် ပြန်လည်ပြည့်ဖြိုးစေရန်နှင့် တီလိုမီရီများကို ပြန်လည်ပြုလုပ်ပေးခြင်းတို့ကို တီလိုမီရေစ့် အင်ဇိုင်းက လုပ်ဆောင်ပေးသည်။

အဆိုပါ စာအုပ်တွင် ဝေါဟာရ စကားလုံးသစ် နှစ်မျိုးဖြစ်သော ကျန်းမာရေးကောင်းမွန်ဆဲကာလ (Health-span)နှင့် ရောဂါဖြစ်ဆဲကာလ (Diseasespan) တို့ကို ဖော်ပြထားသည်။ ကျန်းမာချိန်များပြီး နာမကျန်းဖြစ်ချိန် နည်းပါးရန်မှာ ကျွန်ုပ်တို့၏ ကလာပ်စည်းများ အားအင်ပြည့်ဖြိုးသော ကလာပ်စည်းအသစ်များ ပြန်လည် အသစ်ထုတ်လုပ်လဲလှယ်ရန်လိုအပ်သဖြင့် ကျွန်ုပ်တို့၏ စားသောက်နေထိုင်ပုံမှာ အရေးကြီးလှသည်။

ကလာပ်စည်းများသည် အချိန်နှင့်အမျှ ကွဲပွား မိတ္တူပွားခြင်းများ ပြုလုပ်နိုင်သည်။ ကလာပ်စည်း ကွဲပွားမိတ္တူပွားသည့် လုပ်ငန်းစဉ် မရှိတော့ဘဲ အမြဲတမ်း ရပ်တန့်သွားခြင်းကို ( Hayflick Limit )ဟု ခေါ်သည်။ ထိုသို့ အိုမင်းရင့်ရော်သော ကလာပ်စည်းများဖြစ်သွားခြင်းမှာ အချိန်နှင့်အမျှ ကွဲပွားနေသော ကလာပ်စည်းများ သဘာဝ ကန့်သတ်ချက်ကုန်၍ ကွဲပွားမှုမရှိတော့ဘဲ ရပ်တန့်သွားခြင်းနှင့် တီလိုမီရီအလျား အလွန်တိုတောင်းခြင်းတို့ကြောင့် ဖြစ်သည်။ အိုမင်းရင့်ရော်သည့် ကလာပ်စည်း များပြားလာသည့်အခါ ရောဂါဖြစ်မည့်ကာလ အစပျိုးပြီဖြစ်သည်။

ခန္ဓာကိုယ်တွင်း အချိန်တိုင်း ဖြစ်ပျက်နေသော မျိုးဗီဇ ကလာပ်စည်း ကွဲပွားနေချိန်တွင် ကျွန်ုပ်တို့သည် မျိုးဗီဇ DNA (ခရိုမိုဇုန်း ) ထိပ်တွင် တီလိုမီရီများ ပါရှိရန်၊ တီလိုမီရီအလျားကို အကောင်းပကတိ ပုံမှန်အတိုင်းဖြစ်အောင် ထိန်းသိမ်းရန်နှင့် ဖြစ်နိုင်သမျှ ကောင်းစွာ အလုပ်လုပ်နိုင်ရန် လိုအပ်သည်။ တီလိုမီရီ အလျားတိုတောင်းသည့်အခါ ရောဂါဖြစ်သောကာလသို့ ကူးပြောင်းသွားနိုင်ပြီး အိုမင်းရင့်ရော်မှုကိုပါ ဖြစ်ပေါ်စေသည်။ သို့သော် ကျွန်ုပ်တို့၏ တီလိုမီရီများ အလျားရှည်စေမည့် ပြုမူလုပ်ဆောင်မှုများကို ကျွန်ုပ်တို့ ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်သောကာလသို့ ဝင်ရောက်မှု နှေးကွေးသွားနိုင်သည်။ ကျွန်ုပ်တို့သည် မျှော်မှန်းနိုင်သော လူ့သက်တမ်းကို ဆွဲဆန့်နိုင်မည် မဟုတ်သော်လည်း သက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေနိုင်ရန် လိုအပ်သည်။

> ❝ လေကောင်းလေသန့်ကို ရှူရှိုက်ခြင်း၊
> ရေကောင်းရေသန့်ကို သောက်သုံးခြင်း၊
> ကျန်းမာရေးအတွက် အထောက်အကူပေးသော
> အစားအစာများကို ပုံမှန်စားသုံးပေးခြင်း၊
> အိပ်ရေးဝအောင် အိပ်စက်ခြင်း၊
> ကျန်းမာရေးနှင့်အညီ ဝတ်စားဆင်ယင် နေထိုင်ခြင်း၊
> ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများကို ...❞

## အလျားတိုတောင်းခြင်း၏ အကျိုးဆက်

တီလိုမီရီများ၏ အလျားသည် မွေးရာပါ တိုတောင်းနိုင်သည်။ ထိုအခါ ကလေးသည် နာတာရှည်ရောင်ရမ်းမှု (Chronic Inflammation ) နှင့် နာတာရှည်စိတ်ဖိစီးမှု (Chronic Stress) စသည့်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်။

မျိုးဗီဇခရိုမိုဇုန်းများကို တီလိုမီရီများက အကာအကွယ်မပေးနိုင်သည့်အခါ မျိုးဗီဇကလာပ်စည်းများသည် ပုံမှန်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပြီး အင်အား ပြန်လည်ဖြည့်တင်းရန် မစွမ်းဆောင်နိုင်တော့ပေ။ ထိုအခါ ခန္ဓာကိုယ်တွင် အိုမင်းရင့်ရော်မှုကိုဖြစ်စေမည့် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ ခန္ဓာကိုယ်ခုခံအားကျဆင်းခြင်းနှင့် အခြားနာတာရှည်ရောဂါများ ပိုမိုအဖြစ်များလာနိုင်သည်။

စိတ်ဖိစီးမှုများသော လူနေမှုပုံစံတွင် မျိုးဗီဇ ကလာပ်စည်းများ ပိုမိုသေဆုံးပြီး နာတာရှည်ရောဂါများနှင့် အိုမင်းရင့်ရော်မှု (ရုပ်အိုမှု)တို့ကိုဖြစ်စေသော ရောဂါများ လျင်မြန်စွာ ဖြစ်ပေါ်လာနိုင်သည်။

၎င်းအပြင် ရောဂါဖြစ်ဆဲကာလကြာမြင့်ခြင်းကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

မျိုးရိုးဗီဇသည် မိမိတို့၏ ကံတရားအရဖြစ်ပေါ်လာသည်ဟု ယူဆရဖွယ်ရှိသော်လည်း မိမိကိုယ်တိုင် ဂရုတစိုက် ပြုစုပျိုးထောင်နေထိုင်ခြင်းသည် သဘာဝ (ကံတရား) ထက် ပိုမိုအရေးကြီးသည်။ အဓိကကျသော အချက်မှာ သင်သည် မည်သည့် မျိုးဗီဇနှင့်အတူ မွေးဖွားလာပါစေ၊ သင်၏ ကျန်းမာစွာနေထိုင်ပြုစုပျိုးထောင်မှုနှင့်သာ သက်ဆိုင်သည်။

မိဘဘိုးဘွားထံမှ ပါလာသော မျိုးဗီဇသည် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု (စိတ်၊ ဥတု၊ အာဟာရ၊ မိမိကိုယ်ကို ကျန်းမာအောင်ပြုစုပျိုးထောင် နေထိုင်စားသောက်မှုမရှိခြင်း)ကြောင့် သက်ရောက်မှုအမျိုးမျိုး ရှိစေနိုင်သည့် သဘောကို ဆိုလိုခြင်းပင်ဖြစ်သည်။

'သင့် မျိုးဗီဇ ကလာပ်စည်းများသည် သင့်အတွေးကို နားထောင်နေသည်' ဟု Elizabeth H.Blackburn က ပြောကြားခဲ့သည်။ မျိုးဗီဇ တီလိုမီရီများ ကျန်းမာစေရန်အတွက် စိတ်ဖိစီးမှုများကို ဖယ်ရှားရပေမည်။

သင့်၏ မျိုးဗီဇ ကလာပ်စည်းများသည် သင်၏ အတွေးများ၊ သင်၏ အပြုအမူများ၊ သင်၏ စိတ်နေစိတ်ထားတို့ကို နားထောင်နေသည်ဟု Elizabeth H.Blackburn က ဆိုသည်။

စိတ်ပိုင်းဆိုင်ရာဖိစီးမှုများကြောင့် DNA မျိုးဗီဇ ကလာပ်စည်းများ အမှန်အကန် အိုမင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုအချက်ကို မျိုးဗီဇ ခရိုမိုဇုန်း၏ ထိပ်ပိုင်းတွင် ဖုံးအုပ်ထားသည့် တီလိုမီရီများ၏ အလျားကို တိုင်းတာခြင်းဖြင့် တွေ့မြင်နိုင်ကြောင်း သူကဆိုသည်။

ခွဲခြားဆက်ဆံခံရမှု၊ အနိုင်ကျင့်ခံရမှုနှင့် အကြမ်းဖက်ခံရမှုတို့သည် တီလိုမီရီ အလျားကို တိုတောင်းစေပြီး မိမိတို့၏ စိတ်ခံစားမှုသည် ကျွန်ုပ်တို့၏ တန်ဖိုးရှိသော တီလိုမီရီကို ခြိမ်းခြောက်နေသည့် အရာများပင်ဖြစ်သည်။

တီလိုမီရီအလျားတိုတောင်းခြင်းသည် သင်၏ ကိုယ်ပိုင်ကျန်းမာရေးအတွက် အန္တရာယ်ရှိပြီး တီလိုမီရီ အလျားတိုတောင်းသော မိဘများကမွေးဖွားသော သားသမီးများ၏ တီလိုမီရီ အလျားသည်လည်း မွေးရာပါ တိုတောင်းနိုင်သည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။

ဆယ်စုနှစ်များစွာ ဆင်းရဲသောလူနေမှုပုံစံနှင့် နာတာရှည် စိတ်ဖိစီးမှုရှိနေသော မိဘတစ်ဦး၏ တီလိုမီရီများသည် အလွန်တိုတောင်းနိုင်သည်။ မွေးဖွားလာသော ကလေးများသည် မွေးဖွားသည့် ပထမဆုံးနေ့မှစ၍ ရောဂါများဖြစ်ရန် အလွန်နီးစပ်သော အခြေအနေ ရှိနေနိုင်သည်။

အရေးကြီးလှသည်မှာ သင်သည် စိတ်ဖိစီးမှုကို ကောင်းမွန်သော စွမ်းအားအရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရန်ဖြစ်သည်။ သင်၏ တီလိုမီရီများ တိုတောင်းမှုကို အကာအကွယ်ပေးရန် ပြုပြင်ယူနိုင်သည်။ နာတာရှည်ရောဂါဖြစ်နေသော သားသမီးများအား ကာလကြာရှည်စွာ ပြုစုဂရုစိုက်မှုပေးခဲ့ရသော မိခင်အချို့သည် မေတ္တာစိတ် လွှမ်းခြုံထားသဖြင့် စိတ်ဖိစီးမှုနည်းပြီး ယင်းတို့၏ တီလိုမီရီအလျား ရှည်သည်ကို အံ့သြဖွယ်တွေ့ရှိခဲ့ရသည်။

## စိတ်ခံစားမှုများ ကူးစက်

စိတ်ခံစားမှုများသည် တစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်စွမ်းရှိသည်။ စိတ်ခံစားမှုအရ အာရုံကြောတုံ့ပြန်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ မိမိတို့တွေ့ကြုံကြရသည့် နိုင်ငံရေးအခြေအနေများမှသည် လူမှုဆက်ဆံရေးအနေအထားများအထိ ခံစားတုံ့ပြန်မှုများဖြစ်ပေါ်ရသဖြင့် စိတ်တည်ငြိမ်အေးချမ်းမှုရှိရေးမှာ အရေးကြီးလှသည်။

စစ်ကာလအတွင်းဖြစ်ပေါ်ကြရသည့် စိုးရိမ်ပူပန်မှုများ၊ ခွဲခြားဆက်ဆံခံရမှုကြောင့် ခံစားကြရသည့် စိတ်အခြေအနေများ၊ နိစ္စဓူဝ လူနေမှုပြဿနာများ စသည်တို့ကြောင့် စိတ်ဖိစီးခံရပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပါ ထိခိုက်ရတတ်သည်။

အိမ်ထောင်ရေးဘဝသည် တီလိုမီရီနှင့် ဆက်နွှယ်မှုရှိသည်။ အိမ်တွင်း အကြမ်းဖက်မှုရှိသောမိသားစုမှ အမျိုးသမီးများသည် တီလိုမီရီ အလျားတိုတောင်းတတ်သည်။ အိမ်ထောင်ရေးချမ်းမြေ့သာယာလျှင် တီလိုမီရီ အလျားရှည်လျားတတ်သည်။

တီလိုမီရီအလျားရှည်လျားမှု အစဉ်ဖြစ်ပေါ်ရေး အတွက် ပြည်သူများအနေဖြင့် သာယာအေးချမ်းသော ပတ်ဝန်းကျင်ကို ဝိုင်းဝန်းတည်ဆောက်ကြရန်လိုသည်။ တစ်ဦးနှင့်တစ်ဦး နွေးထွေးစွာဆက်ဆံမှု၊ မေတ္တာနှောင်ကြိုးတည်းမှု၊ ကိုယ်ချင်းစာနာမှု စသည့်စိတ်ကောင်းစိတ်မြတ်များ အသီးသီး အသက အသက ထားရှိနိုင်လေလေ၊ ပြည်သူများ ကျန်းမာပျော်ရွှင်စွာ ဘဝခရီးကို ဖြတ်သန်းနိုင်ကြပေလိမ့်မည်။

ဥစ္စာကို ကံစောင့်၊ အသက်ကို ဉာဏ်စောင့် ဟူဘိသို့ပင် မိမိတို့ကိုယ်တိုင် ပျော်ရွှင်အေးချမ်းသောစိတ်ကို မွေးမြူကာ တရားဓမ္မနှင့်အညီ ရှာဖွေလုပ်ကိုင်ကြပြီး အေးချမ်းလုံခြုံသော လူ့အသိုက်အမြုံကို ဖန်တီးကြဖို့ အရေးကြီးပေလိမ့်မည်။

## ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့၏ ပြုပြင်ချက်မှာ အလွန်ပင်အရေးကြီးသဖြင့် ကောင်းသောဘက်သို့ ဦးတည်သည့် ပြုပြင်ချက်များဖြစ်လာအောင် မိမိတို့ကိုယ်တိုင် ပြုကျင့်နေထိုင်ကြရပါမည်။

ကျန်းမာစွာနေထိုင်နိုင်ရန် မိမိတို့ကိုယ်တိုင် ဖြည့်ဆည်းအပ်သော လုပ်ဆောင်ချက်များအဖြစ် လေကောင်းလေသန့်ကို ရှူရှိုက်ခြင်း၊ ရေကောင်းရေသန့်ကို သောက်သုံးခြင်း၊ ကျန်းမာရေးအတွက် အထောက်အကူပေးသော အစားအစာများကို ပုံမှန်စားသုံးပေးခြင်း၊ အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ ကျန်းမာရေးနှင့်အညီ ဝတ်စားဆင်ယင် နေထိုင်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများကို သင့်တင့်လျောက်ပတ်စွာ ပြုလုပ်ခြင်း၊ သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကိုထူထောင်ခြင်း၊ စိတ်အညစ်အကြေးများ ကင်းစင်ပြီး စိတ်နေစိတ်ထား မြင့်မြတ်စေနိုင်သော ဘာသာရေးအဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းတို့ အထူးလိုအပ်ပုံကို တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။

# မြန်မာ-နယ်သာလန်သံတမန် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရန်ကုန်မြို့၌ ပန်းသဘင်ပွဲပြုလုပ်မည်



**ရန်ကုန် အောက်တိုဘာ ၁၂**
မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့၏ သံတမန်အဆက်အသွယ် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့် ပန်းသဘင်ပွဲတော်ကြီးကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ သုံးရက်တိုင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ဒီပွဲကို နယ်သာလန်မှာ ကျင်းပတဲ့ ပုံစံအတိုင်း ကျင်းပသွားဖို့ရှိပါတယ်၊ နယ်သာလန်နိုင်ငံက ပန်းနဲ့ပတ်သက်ပြီး နည်းပညာရော၊ မျိုးစေ့တွေ အနေနဲ့ရော အလွန်ကောင်းပါတယ်၊ အဓိက ရည်ရွယ်ချက်ကမြန်မာနိုင်ငံရဲ့ ပန်းဈေးကွက်ကို ကြည့်ရင် အများစုက အပြင်ကနေ ဝင်လာတာ များပါတယ်၊ ပြည်တွင်းမှာ ပန်းစိုက်တောင်သူတွေကို နည်းပညာတွေကအစ အဆင့်မြှင့်တင်ပေးခြင်းအားဖြင့် သူတို့ရဲ့ စီးပွားရေး၊ လူမှုရေးတွေ ပိုမိုကောင်းမွန်လာနိုင်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာ ဖြစ်ပါတယ်" ဟု FMK Business Support မှ CEO ဒေါ်မြသွေးရီကပြောသည်။

နယ်သာလန်နိုင်ငံတွင် Bloemencorso ဟု ခေါ်သည့် အဆိုပါပွဲတော်သည် ပန်းများဖြင့် ပုံဖော်ထားသည့် အရုပ်ကားကြီးများဖြင့် စီတန်းလှည့်လည်သည့် ပွဲတော်ကြီးတစ်ခုဖြစ်ပြီး နယ်သာလန်နိုင်ငံတွင် အင်မတန်မှထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်ကြောင်းနှင့် ဥရောပနိုင်ငံ တော်တော်များများတွင် ကြီးကျယ်ခမ်းနားစွာကျင်းပလေ့ရှိပြီး အာရှတိုက်အနေဖြင့် ထိုင်းနှင့် ဖိလစ်ပိုင်ပြီးလျှင် မြန်မာနိုင်ငံသည် တတိယမြောက် ကျင်းပသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

"ဒီပွဲတော်ဟာ တကယ်တော့ ပန်းတွေကို အလှပြတဲ့ ပွဲတော်သက်သက်မဟုတ်ပါဘူး၊ ပန်းတွေကို အတတ်ပညာနဲ့ အနုပညာနဲ့ အလှဆင်ထားတဲ့ အရုပ်ကြီးတွေနဲ့ စီတန်း လှည့်လည်မှာဖြစ်တဲ့ အတွက် ပန်းသဘင်ပွဲတော်လို့ အမည်ပေးထားတာ ဖြစ်ပါတယ်၊ ဒီပွဲတော်ဟာ ဂုဏ်သိက္ခာကို ဖော်ကျူးတဲ့ ပွဲပဲဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေကို ဖော်ထုတ်မယ်၊ ရိုးရာအနုပညာတွေ ဖော်ထုတ်တင်ဆက်သွားမှာ ဖြစ်ပါတယ်" ဟုပြပွဲ ဖျော်ဖြေရေး တာဝန်ခံ ဒါရိုက်တာ၊ စာရေးဆရာ ကိုသွန်းနေစိုးကပြောသည်။

အဆိုပါ ပန်းသဘင်ပွဲတော်ကျင်းပရန် နယ်သာလန်နိုင်ငံမှ ပန်းပညာရှင်များ၊ ပန်းအလှဆင်ပညာရှင်များ၊ ပန်းအလှဆင်အထောက်အပံ့ပစ္စည်းများ၊ နည်းစနစ်များနှင့် ပွဲတော်ကျင်းပရေးအတွက် လိုအပ်သော အထောက်အပံ့များ ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းကာ ဖန်တီးတင်ဆက် သွားမည်ဖြစ်ကြောင်းနှင့် ပန်းများအား အလှဆင်ပြသထားရုံသာမက ပန်းအလှဆင်မှုပညာအား ပြသခြင်း၊ နည်းပညာဝေမျှခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း နယ်သာလန်သံအမတ်ကြီး မစ္စတာဝေါက်တာ ရာဂန်ထံမှ သိရသည်။

"ဒီလို နယ်သာလန်လို နိုင်ငံမျိုးနဲ့ ပန်းနဲ့ပတ်သက်ပြီး အဆက်အသွယ်ရတာ ကျွန်တော်တို့အတွက် အခွင့်အရေးတစ်ခုပါ။ သူတို့ဆီက တန်ဖိုးရှိတဲ့ အတွေ့အကြုံတွေ၊ နည်းစနစ်တွေနဲ့ပတ်သက်ပြီး သင်တန်းတွေပေးမယ်၊ မျှဝေမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ပန်းတွေ ဒီမှာ စိုက်ပျိုးထုတ်လုပ်လို့ရလာမယ်ဆိုရင် နိုင်ငံခြားက သွင်းနေရတာတွေတဖြည်းဖြည်း လျော့နည်းသွားရင် ငွေယိုပေါက်တွေပိတ်သွားမယ်လို့ ထင်ပါတယ်" ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဥက္ကဋ္ဌ ဦးစောလွင်ကပြောသည်။

ပြည်သူ့ရင်ပြင်တွင်ကျင်းပမည့် အဆိုပါပွဲတော်တွင် ပန်းများဖြင့်အလှဆင်ထားသည့် နယ်သာလန်နှင့် မြန်မာ့ရိုးရာအရုပ်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဖော်ကျူးသော မြန်မာ့ရိုးရာ ရုပ်သေး အနုပညာတင်ဆက်ခြင်း၊ ဆီမီးခွက်အက အပါအဝင် မြန်မာ့ယဉ်ကျေးမှုအကများ၊ အနုပညာဖျော်ဖြေမှုများနှင့် ဂန္ထဝင်တေးဂီတများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ပန်းအလှဆင်ကားများဖြင့် ပန်းသဘင်ပွဲတော်ဆင်ယင် ကျင်းပထားမှုများအား မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သီသီမင်း**

## မြန်မာအသင်းနှင့် ခြေစမ်းရန် ဘိုလီဗီးယား လက်ရွေးစင်အသင်း လေ့ကျင့်မှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၂**
ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ဘိုလီဗီးယားလက်ရွေးစင်အသင်းသည် ပထမဆုံးရောက်ရှိသည့်ညမှာပင် လေ့ကျင့်မှုပြုလုပ်ခဲ့သလို အောက်တိုဘာ ၁၁ ရက်ကလည်း လေ့ကျင့်မှု ဆက်လက်ပြုလုပ်ခဲ့သည်။

ဘိုလီဗီးယားလက်ရွေးစင်အသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင်နှင့် ကစားသမား ၃၀ ကျော်လိုက်ပါလာပြီး အဓိကတိုက်စစ်မှူး မာဆယ်လိုမော်ရီနို၊ ဂိုးသမား ကားလို့စ်နှင့် ကွင်းလယ်ကစားသမားကမ်ပိုတို့ လိုက်ပါလာသည်။ ဘိုလီဗီးယားလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ယင်းနေ့ညပိုင်းမှာပင် လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့သည်။ ဘိုလီဗီးယားလက်ရွေးစင်အသင်းသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် အသားကျစေရန် ကြိုတင်လာရောက်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၁၀ ရက်က အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဘိုလီဗီးယားအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ကာတာနိုင်ငံ၌ ရက်ပေါင်း ၂၀ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဘိုလီဗီးယားလက်ရွေးစင်အသင်း ခြေစမ်းပွဲကို အောက်တိုဘာ ၁၃ ရက်(ယနေ့)ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**



ဘိုလီဗီးယားလက်ရွေးစင်အသင်း အောက်တိုဘာ ၁၁ ရက်ညပိုင်းက လေ့ကျင့်နေစဉ်။ ဓာတ်ပုံ - စိုးညွန့်



ပေါင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၂၀၆၉ ခုအား စုပေါင်းပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပေါင်မြို့ အ-ထ-က ရွှေရတုခန်းမ၌ပြုလုပ်ခဲ့သည်။ **စိုးအောင်(ပေါင်)**

## စိုက်ခင်းများတွင် ပိုးမွှားမကျရောက်စေရေးဆောင်ရွက်

**သီပေါ အောက်တိုဘာ ၁၂**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘက်စုံအဆင့်မြင့် စံပြကျေးရွာများရှိ ခေါင်နှံနှင့် မျိုးသန့်မျိုးပွားစံပြစိုက်ခင်းများနှင့် အစေ့ထုတ်ပြောင်း စံပြကွက်များတွင် ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းစေရန် ကွင်းဆင်းကင်းထောက်ခြင်း၊ မီးထောင်ချောက်ထွန်းခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၁၁ ရက်က ပေါ်ကြိုကျေးရွာအုပ်စု ဆားကွင်း (မော်ကေ) ကျေးရွာအတွင်း အမှတ် (၁၁၅) ဦးပိုင် (၉၉) ရှိ မော်ဘီ (၂) မျိုးကွဲ တောင်သူ စိုင်းကျော်လှ၏ စိုက်ခင်း၌ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများနှင့် အဝါရောင်စေးကပ်ထောင်ချောက်ဖြင့် ကင်းထောက်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြသည်။

အလားတူ လုပ်ငန်းများကို ကျောက်မဲမြို့နယ် နောင်အန်းကျေးရွာရှိ တောင်သူများ၏ စိုက်ခင်းတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## တိုတိုထွာထွာဖတ်စရာ

### မြစ်သားကြက်သွန်မျိုးများ ပုံမှန်အရောင်းအဝယ်ဖြစ်

**မန္တလေး**
မန္တလေးမြို့ ကမ်းနားလမ်းရှိ ကြက်သွန်ပျိုးပင်အရောင်းဆိုင်များကို မြစ်သားနယ်မှ အဓိကတင်သွင်းလေ့ရှိသည်။ အများစု ရောင်းချသော ကြက်သွန်မျိုးမှာ ဇော်မွှားနှင့် ရွှေဖလားကြက်သွန်မျိုးများကိုသာ ရောင်းချကြသည်။

ကြက်သွန်မျိုးဥ အသေးတစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀၊ အလတ်တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀၊ ကြက်သွန်မျိုးအကြီး တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

### သန်လျင်တွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာ၌ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံ၊ ကြိုတင်တားဆီးကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါ်အေးမြဝင်း၊ ကျေးရွာနေပြည်သူများ၊ သန်လျင်သီလဝါအထူးစီးပွားရေးဇုန်မှ လုပ်သားများ စုစုပေါင်း အင်အား ၁၇၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သက်ခိုင် (ပြန်/ဆက်)**

### မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လဲချားတွင်ရေကြီး

**လဲချား**
ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် အောက်တိုဘာ ၁၀ ရက်က နံနက် ၁၀ နာရီမှ ညနေ ၅ နာရီခွဲအထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လဲချားမြို့ အရှေ့ဘက် နှစ်မိုင်အကွာ ချောင်းတစ်လျှောက်ရှိ ကွင်းများအနက် ကွင်းခုနစ်ကွင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့မကျေးရွာအုပ်စုအတွင်းရှိ နမ့်တိန်းချောင်းရေကြီးမှု ဖြစ်စဉ်တွင် တောင်သူ ၁၀၈ ဦးပိုင် ကွင်းပေါင်း ခုနစ်ကွင်း ဦးပိုင် (၁၁၂)၊ ရေမြုပ်ဧရိယာ စုစုပေါင်း ၄၁၉ ဒသမ ၅၉ ဧကခန့် ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မယ်စဲ့တွင် အိုးအိမ်မဲ့ပြည်သူများအား မြေကွက်ချထားပေး

**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အိုးအိမ်မဲ့ပြည်သူများအတွက် မြေကွက်များအား မဲနှိုက်နေရာချထားပေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မယ်စဲ့မြို့နယ်တွင် အိုးအိမ်မဲ့လျှောက်ထားသူ ပြည်သူများအနက် အတည်ပြုစိစစ်ပြီးသော အိုးအိမ်မဲ့ပြည်သူ ၂၅ ဦးအတွက် မြေကွက်၂၅ ကွက်ကို မဲနှိုက်၍ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### မြစ်သားမြို့၌ မျိုးစေ့ထုတ်လုပ်နည်းသင်တန်းပို့ချ

**မြစ်သား**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ဝင်ငွေတိုးစေမည့် မျိုးစေ့ထုတ်လုပ်နည်းသင်တန်းကို လမ်းခွကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ပို့ချသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်တင်ထွန်း ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များက မျိုးစေ့ထုတ်လုပ်နည်းနှင့်အတူ မျိုးကွဲ နုတ်ပယ်ခြင်း၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေများကို ရှင်းလင်းပို့ချခဲ့ရာ လမ်းခွကျေးရွာအုပ်စုအတွင်း ကျေးရွာရှစ်ရွာမှ တောင်သူ ၄၀ ကျော်လာရောက်လေ့လာကြသည်။

**ရဲဝင်းထွန်း(မြစ်သား)**


### ဝန်းသိုတွင် ဓာတ်မြေဩဇာနှင့်ထောက်ပံ့ငွေများပေးအပ်

**ဝန်းသို**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း သဘာဝဘေးကြောင့် စပါးနှံပျက်စီးမှုဖြစ်ပေါ်ခဲ့သောလယ်မြေများအတွက် ဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဒေါင်းမြူးခန်းမ၌ ကျင်းပသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း သီးနှံပျက်စီးမှု စုစုပေါင်းဧက ၂၇၃၅ ဧက အတွက် ဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

SNN
ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေစုသူများအတွက် ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
သီတင်းကျွတ် Promotion အထူးအစီအစဉ် (1.9.2018 မှ 31.10.2018) အတွင်း
အလျော့တွက် + လက်ခ လျှော့ရောင်းပေးထားသော ပစ္စည်းများအပြင်
အလျော့တွက်မပါသည့် ရွှေထည်ပစ္စည်းများကိုလည်း လက်ခငြိမ့်သာ ရောင်းချပေးသွားပါမည်။
နန်းကြိုးအခေါက်လက်စွပ်၊ အခေါက်လက်ကောက်များလည်းရောင်းချပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈ PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၈၀၀၂

iMyanmarHouse.com အိုင်မြန်မာဟောက်စ် ဖော်ကွန်း
မုကြီးမှုးကျင်းပမည့် (၉) ကြိမ်မြောက်
မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီး
ဆောက်လုပ်ရေးကုမ္ပဏီ (၃၀) ကျော်မှ တိုက်ခန်းနှင့်ကွန်ဒိုပေါင်း (၂၀၀၀) ကျော်ကို
- အကောင်းဆုံးငွေချေစနစ်
- အတန်ဆုံးဈေးနှုန်း
- အစုံလင်ဆုံးအမျိုးအစား
- ခိုင်မာမှုရှိသည့် စာချုပ်စာတမ်းများဖြင့်
ဝယ်ယူနိုင်မည်ဖြစ်ပါသည်။
- ကျပ်သိန်း ( ၂၀၀ ) မှ စသော တိုက်ခန်းများ
- ကျပ်သိန်း ( ၆၀၀ ) မှ စသော Mini Condo များ
- ကျပ်သိန်း (၁၅၀၀) မှ စသော Condo များ
အိမ်ရာချေးငွေ လျှောက်ထားနိုင်မည်
Main Sponsor: SHWE TAUNG Real Estate
Diamond Sponsors: GOLDEN CITY, KANBAE TOWERS, RIVERFRONT GARDEN, NGBM, NGC NAING GROUP CAPITAL Co.,Ltd., KER
Gold Sponsors: YOMA BANK The Responsible Bank, SMT, Lavender Hill, YONE MIN, i GREEN
နေ့ရက် – ၁၃၊ ၁၄ အောက်တိုဘာလ ၂၀၁၈ (စနေ၊တနင်္ဂနွေ)
အချိန် – နံနက်(၉) နာရီမှညနေ(၅) နာရီထိ
နေရာ – Pan Pacific Hotel (Level R) - Junction City (ဗိုလ်ချုပ်ဈေးအနီး)၊ ရန်ကုန်မြို့။
အသေးစိတ်ကြည့်ရှုရန်နှင့်ကြိုတင်စာရင်းပေးရန် www.imyanmarhouse.com/expo
မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ Hotline: 09-455294841~5

အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်
- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- အပင်ဖျက်ပိုးများမလာအောင် ကာကွယ်နည်းနှင့် နှိမ်နင်းရန်နည်းလမ်းများ
- အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ
စသည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော•••

အော်ဂဲနစ်စိုက်ပျိုးရေး၊
အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)
Ph: 01-368 2199, 368 5083, 368 5609

နေမကောင်းလျှင် ရွှေမုန်းလှိုင် အမှတ်တံဆိပ်
ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
အအေးမိ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကိုပျောက်ကင်းစေပါသည်။
TMR.002348(1019)
မြန်ချိုရေး-အမှတ်(၁၀၂)၊(၃၈)လမ်း၊ အောက်၊ ရန်ကုန်မြို့၊ ၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၀၉-၄၅၁၀၀၈၉၉၇၊ ၀၉-၈၅၉၈၄၅၃

ဒုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်၊
09-5089354
09-73074076

**ဒေါ်သန္တာအေး[၁၂/တမန(နိုင်)၀၀၀၂၄၅] နှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ(၁)ရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ်(၁၄၁၂/ခ)ဟုခေါ်တွင်သည့် (၅)ထပ်တိုက် အဆောက်အအုံကို မြေရှင် ဒေါ်ခိုင်ခိုင်ဝင်း [၁၂/သကတ(နိုင်) ၁၉၄၄၁၉]နှင့် ဦးညွန့်စိုး [၁၂/မရက(နိုင်)၁၄၅၆၂၈]တို့ထံမှ အပြီးငွေချေ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဒေါ်သန္တာအေးမှ ၂၇-၇-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)တွင် ထည့်သွင်းကြော်ငြာထားသည်။ ၈-၁၀-၂၀၁၈ရက်နေ့တွင်မှ သိရှိခဲ့ပါသည်။ သို့ပါ၍ အထက်ပါ (၅)ထပ် အဆောက်အအုံအနက်မှ ဒုတိယအထပ်ကို ကျွန်မ ဒေါ်ရှုခင် (ဘ) ဦးမြင့်ဆွေသည် ၃-၅-၂၀၁၇ရက်တွင် ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဦးညွန့်စိုးတို့ထံမှ ငွေအကျေ ပေးချေပြီး သော့ခတ်လက်ရောက်ရရှိပိုင်ဆိုင်ထားသော အခန်း ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရှုခင်[၁၂/ဥကတ(နိုင်)၁၃၀၇၀၀]**
**အမှတ်(၃၃၅)၊ (၁၁)လမ်း။ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။**
**ဖုန်း-၀၉-၅၁၆၆၁၀၉၆**

**SAN PHYO Travels** အသင့်မြင့်ခရီးသွားလုပ်ငန်း
Oct 22,24,26 ထွက်ခွာမည်
▲ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက်ထီးရိုး၊ စက်ဘီ (၅)ရက် 120000
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ မိန်းမရဲ လှိုဏ်ဂူ (၅)ရက် 70000
▲ ရွှေကျောင်းပြီးမျှော့ပွဲ ရှင်သီဝလိမြေတော်ရား စလေ (၂)ရက် (Oct 24) 30000
▲ အင်းလေး၊ ကလော၊ ပင်းတယ၊ မိန်းမရဲ (၃)ရက် (Oct 26) 70000
09-251472989, 09-442723289

**ရွှေအလင်းတန်း**
သီတင်းကျွတ်ပွဲတော်
09-428028175, 09-799885389

**KAUNG KAUNG FAMILY Travels**
Oct 22,24
▲ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက်ထီး စက်ဘီ (၅)ရက် 120000
▲ တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ မိန်းမရဲ လှိုဏ်ဂူ (၅)ရက် 80000
▲ ရွှေကျောင်းပြီးမျှော့ပွဲ ရှင်သီဝလိမြေတော်ရား စလေ (၂)ရက် (Oct 24) 30000
09-777700472, 09-796116062

**Asia Dragon** အာရှနဂါး
✧ ကျိုက်ထီးရိုး ✧ ချောင်းသာ ✧ ငွေဆောင်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ မန္တလေး၊ ပြင်ဦးလွင်
01 707062, 09 799 100 100, 09 300 300 30

# ဦးသုရရှိန် စာရင်းကိုင် သင်တန်းများ

**AAT Level 3, 4**
**LCCI Level 1-2**

MAS EDUCATION CENTER

တန်းခွဲသစ်များကို Oct 2018 တွင်စတင်ပါမည်။
Centre I -အမှတ် (၁၈၄-၁၈၆)၊ ဒုတိယထပ်၊ ၄၅လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်။
Centre II -အမှတ် (၁၀၆-A)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။
09-779922385, 09-779922386, 09-779922387

**ပီတိသုခ** Travel & Tours
Oct-19/22, Nov-20
မန္တလေး ရွှေကုလေးတော ပြင်ဦးလွင် ရေကန်
ထားဝယ်ရှင်ကိုရှင်နှင့် ရိုးရာသပိတ်မျှောပွဲတော်၊
တောင်ကြီး၊ အင်းလေး၊ လှိုဏ်ဂူ
(စား/Hotel ပြီးသည်)

**လှိုင်းနှင့်ရောင်းရင်းများ** ကားဝင်းလုံးငှားစီစဉ်ပေးသည်
✧ ထားဝယ်(ရှင်ကိုရှင်)နှင့်မောင်းမကန်၊ မော်လမြိုင်၊ ကျိုက်ထီးစက်ဘီ 75000
✧ ပုဂံ-ညောင်ဦး(ရွှေစည်းခုံ)၊ ပုပ္ပါး-သီဟိုဠ်ရှင် 45000(Oct 20,22)
✧ ပြည်ဘုရားစုံ၊ ရွှေဆံတော် 20000(Oct 24)
✧ ရွှေကျောင်းပြီးမျှော့ပွဲ 20000(Oct 24)
09-423 536 005, 09-769 808 921, 09-763 710 434

သက်ရှည်ကျန်းမာလိုလျှင်...
**ငွေနန်းထိုက်**
အကောင်းစား **နန်းကြီးသုပ်၊ နန်းပြားသုပ်** ကိုစားပါ...
မြန်မာ့ပထမဆုံး ဓါတုဆေးများမပါသော
ကိုယ်တိုင်ထုတ် အစိမ်းခေါက်မုန့်ဖတ်၊ ကိုယ်တိုင်ထုတ် ဂျုံခေါက်ဆွဲ ပြေပြစ်သည့် အစစ်၊ မန္တလေးပဲမှုန့် အစစ်များ ကိုသာသုံးပါသည်။
အမှတ် 003-A နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးအိမ်ရာဝင်းအတွင်း
၀၉ ၄၄၄၄ ၅၁၆၄၃၊ ၀၉ ၄၅၀၀ ၄၄၃၃၅



**H₂O Decoration Group**
ဒါ့ရှင်းကာလသရေးချေးချေး
ဓါပြည်ချက်စတီးထမင်းပေါင်းအိုး
● သံချေးမတက်သော စတီးပြားများ အသုံးပြုထားပါသည်။
● ထင်း၊ မီးသွေး၊ ဂက်(စ်)များဖြင့် အသုံးပြုနိုင်ပါသည်။
● ဘုန်းကြီးကျောင်း၊ တရားရိပ်သာ၊ ဆွမ်းဆောင်း၊ မင်္ဂလာပွဲများအား အထူးဈေးနှုန်းပေးပါမည်။
09-5106917, 09-421090085

PUN HLAING SILOAM HOSPITALS

မွေးဖွားပို့ကြို ပန်းလှိုင်စီလုံဆေးရုံ

ဗိုလ်ရိုးမွေးဖွားခြင်းနှင့် ခွဲစိတ်မွေးဖွားခြင်းအတွက် Package အမျိုးမျိုး စီစဉ်ထားရှိခြင်း
မွေးကာစ ရင်သွေးငယ်လေးများအား (၁၀) နှစ် ကျော် အတွေ့အကြုံရှိ သားဖွားဆရာမများမှ ပြုစုစောင့်ရှောက်ခြင်း
လိုအပ်ပါက ဌာနအသီးသီးမှ အထူးကုဆရာဝန်များ ချက်ချင်း ပူးပေါင်းကုသနိုင်သည့်ဆေးရုံဖြစ်ခြင်း
အရေးပေါ် မွေးဖွားခြင်းများအတွက် ပြီးပြည့်စုံသော နိုင်ငံတကာအဆင့်မီ အရေးပေါ်ဌာန အသင့်ရှိနေခြင်း
(၂၄) နာရီ(၇) ရက်ပြည့်တွင်း ပြည်ပ အတွေ့အကြုံများစွာရှိသော သားဖွားမီးယပ်အထူးကုများ အသင့်ရှိနေခြင်း
24 HOUR 013684411



ပန်းလှိုင်စီလုံဆေးရုံ(ရန်ကုန်)
၀၁ ၃၆၈ ၄၃၂၂၊ ၀၉ ၄၃၀ ၀၄၂ ၆၇၉
ပန်းလှိုင်စီလုံဆေးရုံ(မန္တလေး)
၀၂ ၃၀၆ ၉၀၃ (၄၅၆)

သင့်အတွက် **ထူးခြားသစ်လွင်တဲ့**



JZü
You deserve more.

နီးစပ်ရာ ရိုးမဘဏ်မှာ
အခုပဲ JZü အကောင့်
ဖွင့်လှစ်လိုက်ပါ။

**အတိုးနှုန်း ၃% (p.a.) အပြင် အပ်ငွေ ၂ ဆ ရရှိနိုင်မယ့် အခွင့်အရေး။***

Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။

YOMA BANK
The Responsible Bank.

NEW MOTION TRAVELS & TOURS
ပြည်တွင်း ခရီးစဉ်များ

| | | | |
|---|---|---|---|
| ပုဂံ ခရီးစဉ် | Oct 22, Nov 20, Dec 21, 28 | ထားဝယ် ခရီးစဉ် | Oct 24, Nov 20, Dec 21, 28 |
| တောင်ကြီး ခရီးစဉ် | Oct 22, Nov 20, Dec 21, 28 | ချင်းပြည်နယ် ခရီးစဉ် | Nov 20, Dec 21, 28 |
| မန္တလေး ခရီးစဉ် | Oct 22, Nov 20, Dec 21, 28 | မြိတ်ကျွန်းစု ခရီးစဉ် | Nov 20, Dec 21, 28 |
| လွိုင်ကော် ခရီးစဉ် | Oct 22, Nov 20, Dec 21, 28 | ကျော့သောင်း ခရီးစဉ် | Nov 20, Dec 21, 28 |
| မြဝတီ - မဲဆောက်ခရီးစဉ် | Oct 22, Nov 20, Dec 21, 28 | မြစ်ကြီးနား | Nov 21, Dec 21, 28 |

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.

တရုတ်
ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/မြို့-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

ဓမ္မပါလဝေဘာဝိဇ္ဇာကျောင်း DPF
ပေတ္တာဖြင့် အခမဲ့ ပြေသုံးဖွဲ့ခွင့်ပေးလျှုခြင်း
အက်နဲ့အလှူ/ဆာရမှုဒေသသင် - 100,000 ကျပ်
09 5406212, 09 455559560, 09 455559561
www.dpfmyanmar.com



THREE STAR
Air-con ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ၊
ဆေးကြောသန့်စင်ခြင်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
မ/ဥက္ကလာပ - 0943131601, 09400882811
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း၊ စက်ပြင်သင်တန်း
အမှတ်(A) ကားကတ်ဆက်တန်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ (မဆလာ စက်မှတ်တိုင်) Ph: 09-73044311
အမှတ် ၂၉၅(A)၊ သံသုမာ လမ်း၊ တောင်ဥက္ကလာ၊ (ဘောလီမှတ်တိုင်)
သိမ်ဖြူ- 09421150033, 09-5041550, 09-440051114
မြောက်ဒဂုံ- 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340
သာကေတ(၁၀စတောင်ဘုရား) - 09-779144479
မရမ်းကုန်း(သမိုင်းလမ်းဆုံအနီး) - 09-260111947
ဗိုလ်တထောင်(ဗန္ဓုလတံတားအဆင်းဂန္ဓီမှတ်တိုင်) 09-779144498
တောင်ဒဂုံ(တံတားထိပ်မှတ်တိုင်) - 09-260111946


DENTAL
နှင်းဆီကုန်း
သွားနှင့်ခံတွင်းအထူးကုဆေးခန်း
အမှတ် (၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 558401, 558459 (Ext : 104), 09 444600069
*Value For the Money, One stop Dental Services*
**OPEN DAILY** 9:00 Am - 8:00 Pm
သင့်သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် သင့်တင့်သောဈေးနှုန်းဖြင့် ကုသ-ကာကွယ်နိုင်သည်။




HOT LINE : 09 422999963, 09 455533667, 01-556622, 09-73119900, 01-8398566, 8398563, 02-4072580~4,067-3420791, 3420966

GDC Modern Co.,Ltd.
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။







လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့်GDC
- အကောင်းဆုံးအရည်အသွေး၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေစွာ တွက်ချေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

Lucky Brothers
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းနှင့် ရွှေပေါက်ကံ မြေကွက်များ ဈေးမှန်ပေးဝယ်သည်၊
09-5173511
09-5109285


City Mart
City Mart Supermarket
အကောင်းဆုံးတွေနဲ့ ဂါရဝပြုချင်သူများအတွက်
သီတင်းကျွတ်အထူး
စျေးရောင်းပွဲတော် • 11.10.2018 ~ 31.10.2018
Thadingyut Festival Specials
ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်
ကျပ် ၃၀,၀၀၀ ဖိုး ဝယ်ယူသူတိုင်း ရွှေ (၁) ကျပ်သားဆု
(၂၂) ဆု အပါအဝင် ရွှေဆွဲကြိုး (၅) မူးသား (၂၂) ဆုဖြင့်
ဆုမဲပေါင်းများစွာ ကံစမ်းနိုင်မည့် အခွင့်အရေး !
ENSURE
Milk Powder 850g/ 400g
Buy 850g, Save 3,000 Ks.
Buy 400g, Save 1,500 Ks.
Ks. 37000
34,000
/ Pc
Ks. 18500
17,000
/ Pc
MALEE
100% Fruit Juice 1Ltr
Ks. 2,900
/ Pc
Buy Any (2), Get (1)
Malee Apple 1 Ltr FREE!
HUP SENG
Cream Crackers 700g
Ks. 4700
4,500
/ Pc
SUNAR
Sunflower Oil
5 Ltr
Ks. 14000
11,900
/ bottle
Ks. 6900
6,700
/ Pc
SHOON FATT
Popcorn
Crackers 1.5kg
OVALTINE
Malted Milk/
Chocolate
400g
Ks. 5400
4,700
/ bottle
Buy (1) 454g, Get (1)
Authentic Myanmar Tea 10's
Buy (1) 681g/908g, Get (1)
Sando Wafer
Ks.
6,100 ~
11,700
DANISA
Traditional Butter Cookies
454g/ 681g/ 908g
Ks. 5450
5,100
/ Pc
MUNCHY'S
TOPMIX/ FUNMIX
Assorted Biscuits 700g
Thadingyut Special Gift Bags
Prosperous
Gift Bag
Ks. 9,500
Blessing
Gift Bag
Ks. 15,000
We Accept Telephone Order
email : enquiry@cmhl.com.mm
Hot Line : 01-253022
www.facebook.com/CityMartSupermarketMyanmar
Happy
Thadingyut
"Limited Edition Thadingyut
Gift Card. Get one now"
City Gift the Best Gift for everyone
City Rewards Application
Terms & Conditions Apply.
Findout more at
www.gift.cityrewards.com.mm
City Mart Supermarket, City Mart Neighbourhood, marketplace by City Mart
Ocean Supercenter Customer Service Counter
Hotline : 09 972997272

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးမြို့၌ ကျင်းပသည့် MSME လုပ်ငန်းများ၏ ဆင့်မအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ဆင့်မအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမောင်မောင်ရွှေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကာတာနိုင်ငံသံမတ်ကြီး H.E.Mr. Mansoor Mubarak S.B.AL-Khayarin၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ MSME လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



**ဒုတိယသမ္မတ ဦးမြင့်ဆွေ MSME လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြောက်ဦးခရိုင်အတွင်း စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြား







**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြောက်ဦးခရိုင်အတွင်းရှိ ဝန်ကြီးဌာနများမှ စွန့်လွှတ်မြေများအား မူလတောင်သူများလက်ဝယ် ပြန်လည်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

**စစ်တွေ အောက်တိုဘာ ၁၂**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြောက်ဦးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေ ၆၉၂ ဒသမ ၂၄ ဧက အား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၃)များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်၊ ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများ လက်ခံရယူသည့်တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳



# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

အောက်တိုဘာ ၁၃ ၊ ၂၀၁၈ (စနေနေ့)


## ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတွေ့ရသည့် ရာဇဝင်ထဲက ဓညဝတီ

**စိုးစိုးနိုင်(ကြေးမုံ)**



သျှစ်သောင်းပုထိုးတော်ကြီး


ရခိုင်ပြည်နယ်သည် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သော နယ်မြေတစ်ခုဖြစ်ပြီး ရခိုင်ဘုရင်အဆက်ဆက် နန်းတည်နေထိုင်ခဲ့သော ဒေသတစ်ခုလည်းဖြစ်သည်။ ခေတ်လေးခေတ်မှ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သာယာလှပသည့် ပင်လယ်ကမ်းခြေများလည်း ရှိသဖြင့် ခရီးသွားဧည့်သည်များ လာရောက်ကြသည့် နေရာတစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ခြမ်းတွင်တည်ရှိပြီး ရန်ကုန်မှ စစ်တွေသို့ လေယာဉ်၊ ရေယာဉ်၊ ကားများဖြင့် သွားနိုင်သည်။

ရန်ကုန်မှ စစ်တွေသို့ လေယာဉ်ဖြင့် တစ်နာရီကြာစီးရပြီး စစ်တွေမြို့ရှိ ဘုရားများ၊ အထင်ကရနေရာများ ဖူးမြော်သွားရောက်နိုင်သည်။ စစ်တွေမြို့ ရဲနွယ်စုရပ်ရှိ လောကာနန္ဒာစေတီသည် ရွှေတိဂုံပုံတူတည်ထားပြီး အတွင်းတွင် မဟာဝိဇယစေတီကဲ့သို့ လိုဏ်ပါသည့် စေတီဖြစ်သည်။ စေတီပရိဝုဏ်သည် ၇ ဒသမ ၂၉ ဧက ကျယ်ဝန်းပြီး ရင်ပြင်တော်သည် ပတ်လည်အကျယ် ၅၉၄ ပေရှိသည်။ လောကာနန္ဒာစေတီတွင် ကြီးမားခံ့ညားသော မုခ်ဦးလေးခုနှင့် အရန်စေတီရှစ်ဆူလည်း ရှိသည်။ မုခ်ဦးများသည် ရှေးဟောင်းလက်ရာနှင့် အလွန်တူပြီး စေတီအတွင်းနံရံများပေါ်တွင် ထွင်းထုထားသည့် ရုပ်ကြွလက်ရာများသည်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ လောကာနန္ဒာစေတီ၏ ပရိဝုဏ်အတွင်း တည်ရှိသော စကြာမုနိရှေးဟောင်းဘုရားကိုလည်း ဖူးမြော်နိုင်သည်။ စကြာမုနိဘုရားကြီးကို တတိယဓညဝတီခေတ် မင်းဆက် ၁၄ ဆက်မြောက် သူရိယကုလမင်းက တည်ထားပူဇော်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် အကြီးဆုံးကြေးသွန်းဘုရားကြီးဖြစ်သော အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးသည် ဦးဥတ္တမလမ်းနှင့် စက်ရုံလမ်းထောင့်တွင် တည်ရှိသည်။ ၎င်းဘုရားကြီးကို ကြေးချိန် ၅၄၂၆ ပိဿာဖြင့် သွန်းလောင်းပူဇော်ထားသည်။ ဉာဏ်တော်ကိုးတောင် တစ်မိုက်ရှိပြီး ခြောက်တောင်ခန့်မြင့်သော ပလ္လင်တော်တွင် စံပယ်တော်မူနေသည်။

အထူးကဏ္ဍ [ ခ ] သို့ »»

## ခိုလုံလီရှောတိုင်းရင်းသားတို့၏ နှစ်သစ်ကူးကောက်သစ်စားပွဲတော်



နမ့်ခမ်းမြို့နယ် ပန်းဆေးရွာ နှစ်သစ်ကူးပွဲတော်

**ဉာဏ်မင်း(နမ့်ခမ်း)**

တိုင်းရင်းသားပေါင်းစုံ စုပေါင်းမှီတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နေရာဒေသအလိုက် တိုင်းရင်းသားရိုးရာပွဲတော်များ အချိန်အခါအလိုက် မိမိတို့၏ ဓလေ့ထုံးတမ်းများနှင့်အညီ ဆင်ယင်ကျင်းပလေ့ရှိကြသည်။ မြန်မာတိုင်းရင်းသားညီနောင်များထဲတွင် ခိုလုံလီရှောတိုင်းရင်းသားများသည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၌ မြို့ပြ၊ ကျေးလက်ဒေသများတွင် အများဆုံးနေထိုင်ပြီး မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ မန္တလေး၊ မိုးကုတ်၊ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်ဆန်၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ မန်စီမြို့နယ် (မန့်ဝိန်းကြီး)စသည့် ဒေသများတွင် ပျံ့နှံ့နေထိုင်ကြကြောင်း မှတ်တမ်းများအရ သိရသည်။ ယဉ်ကျေးမှုဗဟိုရုံးကို နမ့်ခမ်းမြို့တွင် ဖွင့်လှစ်ထားပြီး ရိုးရာဓလေ့ပွဲများကို ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ဆင်ယင်ကျင်းပလေ့ရှိကြသည်။

ရိုးရာဓလေ့ပွဲများတွင် နှစ်သစ်ကူးပွဲသည် လူသိထင်ရှားပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ နှစ်သစ်ကူးပွဲကို နှစ်စဉ်ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်မြို့နယ်လုံးစုပေါင်းကျင်းပပြီး မိမိတို့နေထိုင်ရာ ကျေးရွာဒေသအလိုက် တစ်နယ်လုံးက ရှေးရိုးအစဉ်အလာအတိုင်း ကျင်းပကြသည်။ ပွဲတော်ရက်တွင် အမျိုးသားများက ဂျင်ပေါက်ကစားခြင်း၊ နှစ်သစ်မင်္ဂလာရိုးရာကျေးလက်တေးများ သီဆိုခြင်း၊ သုံးကြိုးမယ်ဒလင်၊ ဝါးပလွေများ

အထူးကဏ္ဍ [ ဂ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»

စစ်တွေမြို့တွင် ထင်ရှားသော စေတီတစ်ဆူဖြစ်သော လက်ဝဲသလုံးတော်ဓာတ်စေတီသည် ကန်တော်ကြီးကန်အနောက်ဘက် အာကျပ်တော်တောင်ကုန်းပေါ်တွင် တည်ရှိပြီး ဉာဏ်တော် ၁၈ တောင်၊ လုံးပတ် ၂၇ တောင်ရှိသည်။ ရခိုင်ဘုရင် သူရိယစက္ကမင်း၏ ဓာတ်တော် ၂၄၇ ဆူကို ဌာပနာတည်ထားခဲ့သော စေတီတော်များတွင် တစ်ဆူအပါအဝင်ဖြစ်သည်။

စစ်တွေမြို့၏ အလှဆုံးနေရာတစ်ခုဖြစ်သည့် ဗျူးပွိုင့်ကမ်းခြေသို့ သွားနိုင်သည်။ ဗျူးပွိုင့်ကမ်းခြေသည် စစ်တွေမြို့ တောင်ဘက်စွန်းတွင်ရှိပြီး ကစ္ဆပနဒီမြစ် (ကုလားတန်မြစ်)နှင့် ဘင်္ဂလားပင်လယ်အော်တို့ ဆုံတွေ့သော ကမ်းခြေတစ်ခုဖြစ်သည်။ ပင်လယ်နှင့် မြစ်တစ်စင်းဆုံရာ ပွိုင့်ကမ်းခြေတွင် ငါးပေခန့် ရှည်သည့် ရှေးဟောင်းအမြောက်တစ်လက်နှင့် ၁၈ ပေနီးပါးမြင့်သည့် ကြည့်မျှော်စင်တစ်ခုတို့လည်း ရှိသည်။ ကမ်းခြေမျှော်စင်မှ လေးချမ်းတောင်ဟုခေါ်သော မီးပြတိုက်ဟောင်းကိုလည်း တွေ့ရသည်။ ပင်လယ်ကမ်းခြေတွင် ကမ်းခြေတစ်လျှောက် ရှုမဆုံးနိုင်သော သဘာဝအလှများကို ကြည့်ရှုခံစား အပန်းဖြေနိုင်သည်။ ဆက်၍ စစ်တွေမြို့မှတစ်ဆင့် မြောက်ဦးမြို့ကို သွားနိုင်သည်။

မြောက်ဦးမြို့သည် စစ်တွေမြို့ အရှေ့မြောက်ဘက် မိုင် ၅၀၊ ကစ္ဆပနဒီမြစ်မှ အရှေ့ဘက် ၆ ဒသမ ၈ မိုင်ကွာဝေးပြီး ကစ္ဆပနဒီမြစ်နှင့် လေးမြို့မြစ်တို့ဆုံရာအနီးတွင် တည်ရှိသည်။ ရခိုင်ရာဇဝင်သမိုင်းအရ ခေတ်လေးခေတ်၊ မြစ်လေးမြစ်ဟု အဆိုရှိသည်။ ခေတ် လေးခေတ်သည် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးခေတ်တို့ဖြစ်ကြပြီး မြစ်လေးမြစ်သည် နတ်မြစ်၊ မယူမြစ်၊ ကုလားတန်(ကစ္ဆပနဒီ)မြစ်နှင့် လေးမြို့မြစ်တို့ ဖြစ်ကြသည်။

ဓညဝတီမြို့ဟောင်းကို ကျောက်တော်မြို့မှ အရှေ့ဘက် ခြောက်မိုင်၊ မြောက်ဦးမြို့ မြောက်ဘက် ၁၈ မိုင်အကွာ မဟာမုနိဘုရားကြီးအနီးတွင် ဓညဝတီနန်းတော်ဟောင်းကို တွေ့နိုင်ပါသည်။ ဓညဝတီမြို့သည် အေဒီ ၃၂၇ ထိ မြို့တော်အဖြစ်ရှိခဲ့ပြီး သူရိယကေတုမင်းလက်ထက်တွင် ဝေသာလီသို့ ပြောင်းရွှေ့ခဲ့သည်။

ဝေသာလီမြို့ဟောင်း(အေဒီ ၃၂၇-၇၇၆) ကို မြောက်ဦးမြို့မှ အနောက်မြောက်ဘက် ငါးမိုင်အကွာ စစ်တွေ-မြောက်ဦးကားလမ်းအနီး တွေ့နိုင်သည်။ ဝေသာလီနန်းတော်ကြီး၏ မြောက်ဘက်တွင် ဝေသာလီဘုရားကြီးရှိသည်။ ကြီးမားသောကျောက်တုံးကြီးဖြင့် ထုဆစ်ထားပြီး ဉာဏ်တော် ၁၇ ပေခန့်ရှိသည်။ ဝေသာလီဘုရားကြီး ကုန်းတော်တွင် စတူပါများ၊ နတ်ရုပ်များကို မြင်နိုင်သည်။ စတူပါဟူသည် ဝေသာလီခေတ်တွင် ထုဆစ်ကိုးကွယ်ခဲ့သော ကျောက်စေတီငယ်တစ်မျိုးဖြစ်ပြီး ဒီဇိုင်းအမျိုးမျိုးဖြင့် ထုလုပ်ကြသည်။ ဝေသာလီမြို့၏ အနောက်ဘက် အပြင်မြို့ရိုးတွင် မြို့တန်းခါးဘုရားရှိပြီး တောင်ဘက်တွင် သင်းကျစ်တော်ဓာတ်ဘုရားရှိသည်။

လေးမြို့ခေတ်၏ မြို့တော်လောင်းကြက်မြို့ဟောင်း (အေဒီ ၁၂၅၁-၁၄၀၆)သည် မြောက်ဦးမြို့မှ မလှမ်းမကမ်းတောင်တန်းအနီး လေးမြို့မြစ်ကမ်းဘေးတွင် တည်ရှိသည်။ မြစ်ကမ်းအနီးရှိ မြို့ဟောင်းနေရာအချို့သည် မြစ်ရေတိုက်စားခံရသည်ဟု သိရသည်။ လောင်းကြက်မြို့ဟောင်း နောက်ဆုံးမင်းဆက်မင်းစောမွန်လက်ထက်တွင် မြောက်ဦးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

မြောက်ဦးမြို့ဟောင်းကို မင်းစောမွန်က အေဒီ ၁၄၃၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်။ နှစ်ပေါင်း ၃၅၀ ကျော်တိုင် ရခိုင်မင်းပေါင်း ၄၉ ဆက် စိုးစံခဲ့သဖြင့် သမိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော ရခိုင်တို့၏ နောက်ဆုံးရှေးဟောင်းမြို့တော်ဖြစ်သည်။ မြောက်ဦးဒေသတွင် ဘုရား၊ စေတီ၊ ပုထိုး၊ ပိဋကတ်တိုက်၊ သိမ် အစရှိသည့် ရှေးဟောင်းအဆောက်အအုံ ၃၇၅ ခုရှိသည်ဟု ရှေးဟောင်းသုတေသနဦးစီးဌာန၏ စာရင်းအရ သိရသည်။ ၎င်းတို့အနက် သျှစ်သောင်းပုထိုးတော်၊ ကိုးသောင်းပုထိုးတော်၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ လေးမျက်နှာပုထိုးတော်၊ မာန်ငါးပါးစေတီများ၊ မဟာမုနိဘုရားကြီး၊ ဗန္ဓုလကျောင်းနှင့် စန္ဒမုနိရုပ်ပွားတော်တို့သည် အလွန်ထင်ရှားသည်။



ထုက္ကန်သိမ်ပုထိုးတော်။

သျှစ်သောင်း ပုထိုးတော်ကြီးသည် မြောက်ဦးမြို့၏မြောက်ဘက် တစ်မိုင်အကွာ ရခိုင်ရိုးမတောင်တန်း၏ အနောက်တောင်ဘက် ဖိုးခေါင်တောင်ခြေ၌ တည်ရှိပြီး ဘုရင်မင်းဗာကြီးက ၁၅၃၅ ခုနှစ်တွင် တည်ထားခဲ့သည်။ ဘုရင်မင်းဗာသည် သျှစ်သောင်းပုထိုးတော်အတွင်း ရှစ်သောင်းသော ဓာတ်တော်မွေတော်များနှင့် ဉာဏ်တော်နှစ်တောင်တစ်မိုက်ရှိသည့် ရွှေဆင်းတု၊ ငွေဆင်းတု၊ ရတနာကိုးပါးဆင်းတု ၁၀၈ ဆူစီကို ဌာပနာထည့်သွင်းခဲ့သည်။ပုထိုးတော်ကြီးတွင် တည်ထားသည့် ဘုရားဆင်းတုတော်ပေါင်း ရှစ်သောင်းရှိသဖြင့် သျှစ်သောင်းပုထိုးတော်ကြီးဟု အမည်တွင်သည်။ ၎င်းပုထိုးတော်ကြီးကို ရန်အောင်ဇေယျသိမ်တော်ကြီး ဟုလည်း ခေါ်ကြသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ အောက်ခံလိုဏ်ပေါ်တွင် ပင်မစေတီကြီးတစ်ဆူနှင့်အတူ အရန်စေတီ ၂၆ ဆူကို ဖူးမြော်ရသည်။ ပင်မစေတီသည် ကြီးမားသော ခေါင်းလောင်းပုံသဏ္ဌာန်ဖြစ်ပြီး စေတီအားလုံးကို ဝေသာလီခေတ် စေတီလုံးများဟန် ဓာတ်လုံးစေတီများအဖြစ် တည်ထားသည်။ ဓာတ်တော်တိုက်ကို ကုဗပုံသဏ္ဌာန်ပြုလုပ်ထားပြီး ပုထိုးတော်ကြီးကို ကြီးမားသော သဲကျောက်တုံးများဖြင့် သပ်စီပေါင်းမိုးများပြုလုပ်ကာ ဝက်ပါလိုဏ်ငါးထပ်ဆောက်လုပ်ထားသည်။ ပုထိုးတော်ကြီး၏အပြင်နံရံအတွင်း ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော် ၂၈ ဆူကို မုခ်ကပ် ၂၈ ခုဖြင့် ကျောချင်းကပ်ပူဇော်ထားသည်။ ရုပ်တုများကြား အလင်းရောင်ကို အတွင်းနံရံပေါ် ကျရောက်စေရန် စီစဉ်ထားသည်။ လိုဏ်ဂူတော်နံရံတွင် ဘုရားရှင်၏ ဖြစ်စဉ်တော်များ၊ ဇာတ်နိပါတ်များနှင့် ရခိုင်ရာဇဝင်များမှ ဇာတ်ရုပ်များကို ရုပ်လုံးရုပ်ကြွများဖြင့် သရုပ်ဖော်ထုလုပ်ထားသည်။

ပုထိုးတော်ကြီး၏ အနောက်၊ တောင်၊ မြောက်သုံးဘက်လုံးတွင် မဟာရံတံတိုင်းများ ပိတ်ထားပြီး အရှေ့ဘက်ရှိ တောင်ခြေရင်းမှသာ ဘုရားသို့ဝင်ရန် မုခ်ပေါက်ရှိသည်။ အရှေ့ဘက်ဝင်ပေါက်သို့ ဘုရား၏တောင်ဘက် ပေ ၂၀၀၀ ခန့်အကွာ တောင်ခြေရင်းရှိ မုခ်ဦးမှဝင်၍ တောင်ခြေရင်းတစ်လျှောက် ဆောက်လုပ်ထားသော စောင်းတန်းအတိုင်းသွားရသည်။ ပုထိုးတော်ကြီးနှင့် တောင်ဘက်စောင်းတန်းအကြား ရင်ပြင်တွင် နေထွက်ဘုရား၊ နေဝင်ဘုရားနှင့် စေတီငယ်များကို တွေ့ရသည်။



စစ်တွေမြို့၏ အလှဆုံးနေရာတစ်ခုဖြစ်သည့် ဗျူးပွိုင့်ကမ်းခြေကို တွေ့ရစဉ်။

အံတော်သိမ်ပုထိုးတော်သည် သျှစ်သောင်းပုထိုးတော်၏ အနောက်မြောက်ဘက် ၈၆ ပေအကွာ တည်ရှိသည်။ ၁၅၂၁ ခုနှစ်တွင် မင်းစောမွန်ကတည်ခဲ့ပြီး ၁၅၉၆ ခုနှစ်တွင် မင်းရာဇာကြီးက ပြန်လည်ပြုပြင်ကာ ဆံတော်ဓာတ်ကို ဌာပနာခဲ့သဖြင့် အံတော်သိမ်ပုထိုးဟုခေါ်တွင်ခဲ့သည်။ ပုထိုးတော်ကို သဲကျောက်များဖြင့် တည်ဆောက်ထားပြီး ဉာဏ်တော်ပေ ၄၀ ရှိသည်။ ပုထိုးတော်သည် ရှစ်မြောက်ပုံ (အဋ္ဌဂံပုံ) ဖြစ်သည်။ ပုထိုးတော်ကြီး အထက်တွင် စေတီကြီးတစ်ဆူကို စေတီငယ်ရှစ်ဆူက ဝန်းရံတည်ထားသည်။ လိုဏ်ပတ်လမ်း နှစ်ခုရှိပြီး အလယ်ဗဟိုတွင် ဆင်းတုတော်ရှစ်ဆူကို ကျောက်ဆစ်လက်ရာ ကနုတ်ပန်းများဖြင့် လွန်စွာတင့်တယ်သော ရာဇပလ္လင်ရှစ်ခန်းနှင့်အတူ ဖူးမြော်နိုင်သည်။ လိုဏ်ပတ်လမ်းများတွင် ရုပ်ပွားတော်များ ကိန်းဝပ်တော်မူနေပြီး အလင်းရောင်ရရှိစေရန် အလင်းပေါက်များဖောက်ထားသည်။

ပုထိုးတော်၏ အရှေ့ဘက်တွင် အာရုံခံတန်ဆောင်းရှိပြီး ကျောက်များဖြင့် တည်ဆောက်ထားသည်။ မြောက်၊ တောင်နှင့် အရှေ့ဘက်တွင် ဝင်ပေါက်များရှိသည်။ ပုထိုးတော်မုခ်ဝဘေး တစ်ဖက်တစ်ချက်တွင် ရုပ်တော်မူ ရုပ်ပွားတော်များရှိသည်။ တချို့သော ဆင်းတုတော်များသည် ဈာန်ကသိုဏ်းဟန် ထုဆစ်ထားသည်။ ပုထိုးတော် တစ်ခုလုံးတွင် ဆင်းတုတော်ငယ်ပေါင်း ၁၇၅ ဆူရှိသည်။ ပရိဝုဏ်အတွင်းတွင်လည်း ဂူကျောင်းအပါအဝင် စေတီ ၁၆ ဆူက ပုထိုးတော်ကြီးအား အနောက်၊ တောင်နှင့်မြောက်ဘက်တို့မှ ဝန်းရံထားသည်။ အံတော်သိမ်ပုထိုးတော်သည် ထည်ဝါခံ့ညားပြီး လက်ရာမြောက်သော ပုထိုးတော်တစ်ခုဖြစ်သည်။ အံတော်သိမ်အနီးတွင် သျှစ်သောင်းပုထိုး၊ ထုက္ကန်သိမ်၊ ရတနာပုံစေတီ၊ လောင်ပွန်းမြောက်၊ အနော်မာဘုရားနှင့် ပိဋကတ်တိုက်တို့ တည်ရှိသည်။

ထုက္ကန်သိမ်ပုထိုးတော်သည် သျှစ်သောင်းပုထိုးတော်၏ အနောက်ဘက်ပေ ၃၀၀ အကွာတွင် တည်ရှိသည်။ အရှေ့နှင့် အနောက် ၁၃၇ ပေ၊ တောင်နှင့် မြောက် ပေ ၁၁၀ ရှိပြီး ပေ၂၀ ခန့်မြင့်သော တောင်ကုန်းထက်တွင် ကျောက်တုံးများဖြင့် တည်ထားသည်။

ဆက်လက်ဖော်ပြပါမည်။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ထားဝယ်လူမျိုးအကြောင်း သိကောင်းစရာ

**အားမာန်သစ်(ရှေးဟောင်းသုတေသန)**

၆-၁၀-၂၀၁၈ ရက်မှ »»

အမေးငွေအပ်မင်္ဂလာပွဲတွင် နှစ်ဖက်မိဘများက ဖိတ်စာများသီးခြားရိုက်၍ ဖိတ်ကြသည်။ သတို့သားလောင်းဘက်မှ ဖိတ်စာတွင် သတို့သားမိဘနှင့် သတို့သားအမည်သည် ဖိတ်စာ၏ အပေါ်ဘက်တွင်ရှိ၍ သတို့သမီးလောင်းဘက်မှ ဖိတ်စာတွင် သတို့သမီးမိဘနှင့် သတို့သမီးအမည်သည် ဖိတ်စာ၏အပေါ်ဘက်တွင်ရှိသည်။ ဖိတ်ကြားထားသောအချိန်တွင် သတို့သားလောင်း၏ အိမ်တွင်လည်းကောင်း သီးခြားဧည့်ခံကြသည်။ ရှေးအခါက သတို့သားလောင်းဘက်မှ သတို့သမီးလောင်းဘက်သို့ အခမ်းအနားဖြင့် ခြေကျင်သွားကြရသည်။ သတို့သားလောင်းကား မလိုက်ပါရပေ။ သတို့သားလောင်းဘက်မှ ဖိတ်ကြားထားသော ဧည့်ပရိသတ်စုံသောအခါတွင် သတို့သမီးလောင်းအိမ်၌ဧည့်ပရိသတ် စုံ၊ မစုံ၊ အဆင်သင့်ဖြစ်၊ မဖြစ်သွားရောက်မေးမြန်းထောက်လှမ်းသည်(သို့မဟုတ်)သတို့သမီးလောင်းဘက်က လာရောက်သတင်းပို့သည့်အခါ သတို့သားလောင်းဘက်မှ သွားကြသည်။ တစ်ဖက်နှင့်တစ်ဖက် ကျွေးမွေးသည့် အစားအစာများကို လဲလှယ်ပို့ဆောင်လေ့ရှိသည်။

သတို့သားလောင်းဘက်မှ တင်တောင်းမည့် ငွေများမှာ ငွေစက္ကူဖြစ်ပါက အသစ်များကိုသာ ရွေးချယ်တင်တောင်းလေ့ရှိသည်။ ငွေပမာဏ အနည်း၊ အများကိုလိုက်၍ ငွေဖလားများဖြင့် ထည့်ထားသည်။ ပန်းများဝေဆာစွာ ထိုးထားသော ပန်းအိုးတစ်လုံးလည်း သယ်သွားရသည်။ အထူးသဖြင့် သစ္စာပန်းနှင့်စံပယ်ပန်းများကို အသုံးများသည်။ ငွေကွမ်းအစ်တစ်လုံးတွင်လည်း ကွမ်း၊ ဆေး၊ ထုံး၊ ကွမ်းသီး အပြည့်အစုံထည့်၍ ယူဆောင်ရသည်။ ပိတ်အုပ်တစ်အုပ်ကိုလည်း ယူဆောင်ရသည်။ (ယခုအခါတွင်တော့ အချို့မထည့်ကြတော့ပေ။) ထိုသို့ထည့်သွင်းရခြင်းမှာ မင်္ဂလာကိစ္စပြီးသောအခါ နှစ်ဖက်လူကြီးမိဘများအား ယင်းပိတ်အုပ်မှ ပိတ်ပိုင်းများဖြင့် ကန်တော့ပွဲတွင်ထည့်၍ ကန်တော့ရန် သတို့သားလောင်းဘက်မှကြိုတင်ပေးဆောင်သည့် သဘောပင်ဖြစ်သည်။ အခမ်းအနားပစ္စည်းများကိုသယ်ဆောင်မည့် အမျိုးသမီးကြီးများကို လင်စုံမယားဖက် သားသမီးရတနာနှင့် ပြည့်စုံ၍ ဂုဏ်ဒြပ်ကြီးမြင့်သူများကိုသာ ရွေးချယ်လေ့ရှိသည်။ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုစသည်တို့ မကိုင်ဆောင်ရချေ။



သတို့သမီးလောင်းအိမ်သို့ ရောက်သောအခါ သတို့သမီးလောင်းဘက်မှ အိမ်အဝင်ဝသို့ဆင်း၍ ကွမ်းအစ်၊ ပန်းအိုးလဲလှယ် ကြိုဆိုကြသည်။ ဥပဒေတစ်ရပ် မဟုတ်သော်လည်း အစဉ်အလာတစ်ခုသဖွယ် ကျင့်သုံးကြခြင်းဖြစ်သည်။ အမှန်မှာ သတို့သားလောင်း၏ မိဘဆွေမျိုးများနှင့် သတို့သမီးလောင်း၏ မိဘဆွေမျိုးများ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကို ပြသခြင်းသဘောပင်ဖြစ်သည်။ သတို့သမီးလောင်းဘက်မှ ရောက်လာသောအခါပါလာသည့် ဧည့်ပရိသတ်ကို သတို့သမီးလောင်းဘက်မှအလာကို စောင့်ရသည်။ သတို့သားလောင်းဘက်မှ ရောက်လာသောအခါ ပါလာသည့် ဧည့်ပရိသတ်ကို သတို့သမီးလောင်းဘက်မှ ဧည့်ခံကျွေးမွေးရပြန်သည်။ ကျွေးမွေးခြင်းကိစ္စပြီးသည့်နောက် အမေးငွေအပ်မင်္ဂလာအခမ်းအနား စတင်သည်။

သတို့သမီးလောင်းဘက် အိမ်ဦးခန်းတွင် ခမ်းနားစွာ ပြင်ဆင်ထားသော စားပွဲပေါ်တွင် သတို့သားလောင်းမှ တင်တောင်းသည့် ငွေများလက်ခံရန် ငွေဖလားများ အဆင်သင့်ထားရသည်။ ဘိသိက်ဆရာတစ်ဦးလည်း ခေါ်ထားရသည်။ ရှေးယခင်က အမေးငွေအပ်မင်္ဂလာများတွင် သတို့သားလောင်းဘက်မှ ဘိသိက်ဆရာတစ်ဦး၊ သတို့သမီးဘက်မှ ဘိသိက်ဆရာတစ်ဦးဖြင့် အမေး၊ အဖြေပြုလုပ်ကြသည်။ ထို့ကြောင့် အမေးငွေအပ်ဟု ခေါ်ခြင်းဖြစ်သည်။

အမေးငွေအပ်မင်္ဂလာပြုလုပ်ပြီးနောက် ထိမ်းမြားမင်္ဂလာအခမ်းအနားကို ကျင်းပလေ့ရှိသည်။ ထိုမင်္ဂလာနှစ်ရပ်ကို တစ်ပတ်မှ တစ်လလောက်အထိခွာ၍ ကျင်းပတတ်သည်။ ထို့ထက်ပို၍ ရက်ကန့်သတ်ခြင်း မပြုပေ။ မင်္ဂလာပွဲအတွက် ဖိတ်စာကမ်းရာတွင် သတိုးသားဘက်မှရော သတို့သမီးဘက်မှပါ ပထမအသုတ်ပေးမည့် ဖိတ်စာ ၁၀ စောင်ခန့်ကို လူကုံထံ လင်စုံမယားဖက် သားသမီး ထွန်းကားသော အိမ်ထောင်စုမျိုးကို ရွေးပြီး ပေးတတ်ကြသည်။ ပြည့်စုံခြင်းမင်္ဂလာကို ယူခြင်းဖြစ်သည်။ မင်္ဂလာဆောင်တွင် သတို့သားဘက်၊ သတို့သမီးဘက်ဟူ၍ နှစ်ဖက်ခွဲ၍ လက်ဖွဲ့ကြေးလက်ခံသည်။ ထားဝယ်တွင် ရှေးယခင်က ငွေကြေးကိုသာ လက်ဖွဲ့ပြီး ယခုအခါတွင်မူ ပစ္စည်းများပါလက်ဖွဲ့သည်ကို တွေ့လာရသည်။ သတို့သားဘက်မှ အမေးငွေအပ်မင်္ဂလာတွင် သတို့သမီးကို တင်တောင်းထားသော ငွေကြေးဖြင့် သတို့သမီးဘက်မှ မင်္ဂလာကိစ္စအဝဝကို အသုံးပြုကြသည်။ ယခုအခါ ထားဝယ်မြို့ပေါ်တွင် သတို့သား၊ သတို့သမီးအိမ်များတွင် မင်္ဂလာအခမ်းအနားကို ကျင်းပခြင်းမပြုကြတော့ဘဲ အခြားအဆောက်အအုံခန်းမတစ်ခုခုတွင် မင်္ဂလာဆောင်ကြသည်က များကြပေသည်။ လူကုံထံဝိုင်း အိမ်ကျယ်ကျယ်ဝန်းဝန်းရှိသူများသာလျှင် သတို့သမီးအိမ်တွင် ကျင်းပကြသည်။

မင်္ဂလာဆောင်သည့်ညတွင် သတို့သားပို့ဟု ပြုလုပ်ကြသေးသည်။ သတို့သားနှင့် အပေါင်းအသင်း ၁၀ ဦးခန့်က ညဘက်တွင် သတို့သမီးအိမ်သို့သွားကြသည်။ သတို့သမီးအိမ်မှ အကျွေးအမွေးဖြင့် ဧည့်ခံရသည်။ ပထမညတွင် မင်္ဂလာမောင်နှံကို အခန်းအပ်သည်။ အပြောင်အပြက် အတားအဆီးလုပ်ပြီး ခဲဖိုးတောင်းတတ်ကြသည်။ သတို့သားသည် နောက်တစ်နေ့နံနက်တွင် မိဘအိမ်သို့ ပြန်လာသည်။ ထိုသို့ သတို့သားပို့ခြင်းကို ရှေးအခါက ခုနစ်ရက်ခန့်၊ ယခုအခါတွင် သုံးရက်ခန့် ပြုလုပ်ကြသည်။ ရှေးအခါက ယခုခေတ်ကဲ့သို့ မင်္ဂလာဆောင်သည့်ညတွင် အခန်းမအပ်ပေ။ သတို့သားမှာတစ်ဦးတည်း အိမ်နေရသည်။ အစောဆုံး ခုနစ်ရက်၊ အကြာဆုံး တစ်လခန့်ကျမှ အခန်းအပ်တတ်သည်။ ထားဝယ်တွင် နှစ်ဖက်မိဘ ကြည်ဖြူစွာဖြင့် အမေးငွေအပ်မင်္ဂလာဖြင့် တောင်းရမ်းကာ မင်္ဂလာဆောင်ယူခြင်းကိစ္စကို အလွန်တန်ဖိုးထားသည်။ ရိုးရာယဉ်ကျေးမှုအရ ယခုကဲ့သို့ အိမ်ထောင်ပြုခြင်းသည် ထားဝယ်အမျိုးသမီးတစ်ဦးအတွက် တစ်သက်တာလုံး ဂုဏ်ရှိသည်။ လူပုံအလယ်ဝင်ရဲ၊ ထွက်ရဲရှိသည်။ မိဘဆွေမျိုး မိတ်သင်္ဂဟများ နှစ်သက်ကြသည်။ ဂုဏ်လည်းယူသည်။ ယခုအခါတွင် အနည်းဆုံးလက်မှတ်ထိုး၍ မင်္ဂလာဆောင်ယူကြပေသည်။

ထားဝယ်တို့၏ အစားအစာသည် တစ်နည်းတစ်ဖုံ ခြားနားသည်။ ပင်လယ်နှင့် နီးကပ်စွာတည်ရှိသော အရပ်ဖြစ်၍ ပင်လယ်စာများကို အထူးနှစ်သက်စွာ စားသောက်ကြသည်။ ပင်လယ်ငါးကို စားသောက်သူများပြီး ရေချိုငါးကို ကြိုက်နှစ်သက်မှု နည်းပါးသည်။ ပင်လယ်ငါးများကလည်း လူတစ်ရပ်ခန့် သို့မဟုတ် လူတစ်ရပ်ထက်ကျော်သော ငါးကြီးများဖြစ်၍ ခုတ်ထစ်တုံးတစ်ပြီး ရောင်းချသည်ကို ဝယ်စားသည်။ အချိုမှုန့်ကို မသုံးစွဲတတ်ကြပေ။ သို့သော်လည်း ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ထိုင်းနိုင်ငံမှ ဟင်းချိုမှုန့်များ ဈေးကွက်အတွင်းသို့ဝင်လာမှ အချိုမှုန့်သုံးစွဲမှုများရှိလာသည်။ ထားဝယ်ဟင်းလျာများသည် ဆီမပါသည့် အပြုတ်၊ အကင်၊ အပေါင်း၊ အသုပ်တို့ကို အစားများသည်။ စိမ်းစားငါးပိကိုသာ စားကြသည်။ ထားဝယ်ဒေသသည် အုန်းသီးပေါသောကြောင့် ထားဝယ်ဟင်း၊ ထားဝယ်မုန့်တို့မှာ အုန်းသီး မပါမပြီးချေ။

ထားဝယ်တို့သည် မြန်မာတို့ကဲ့သို့ပင် ဟင်းသီးဟင်းရွက်တို့ကို ဟင်းချိုချက်သောက်ကြသည်။ သို့သော် ထားဝယ်က အထူး ဟင်းရွက်ဟင်းချိုတစ်မျိုးမှာ'လန်ကောင်ရွက်' ဟူသော အပင်မှဟင်းရွက်ဖြစ်သည်။ အပင်ကြီးမဟုတ်ဘဲ လူတစ်ရပ်မျှရှိသော ဟင်းရွက်ပင်တစ်မျိုးဖြစ်သည်။ အချို့ကျေးရွာများတွင် မာလကာပင်ကဲ့သို့ အရွယ်လောက် လန်ကောင်ပင်ကြီးများရှိသည်။ ထိုလန်ကောင်ရွက်ဟင်းချိုသည် ထားဝယ်တို့ အကြိုက်ဆုံးသော ဟင်းချိုဖြစ်သည်။ လန်ကောင်ရွက်ကို တို့စရာအဖြစ်လည်း စားသုံးကြသည်။ လန်ကောင်ရွက်ဟင်းချိုသည် ပုစွန်ခြောက်၊ ငါးတို့နှင့် ချက်ရုံဖြင့် အချိုမှုန့်လုံးဝမသုံးဘဲ ချိုလှသည့်ဟင်းချိုဖြစ်သည်။ ထားဝယ်တို့ အသောက်များသည့် ဟင်းချိုတစ်မျိုးမှာ ငါးခေါင်းဟင်းချိုဖြစ်သည်။ အရိုးနူးညံ့၍ အရသာထူးသော ငါးကွမ်းရှပ် ငါးခေါင်းနှင့် ကျောရိုးကိုပိုင်း၍ ငရုတ်စိမ်း၊ ကြက်သွန်ဖြူ/နီ၊ စပါးလင်တို့ဖြင့် အချိုချက်ပြီး တရုတ်နံနံပင်၊ သံပရာရည် အနည်းငယ်ညှစ်၍ သောက်ရသော ငါးခေါင်းဟင်းချိုပူပူမှာ အလွန်အရသာရှိပြီး နူးနေသည့် အရိုးပါ ဝါးစားနိုင်သော ဟင်းချိုဖြစ်သည်။ ထို့ပြင် ငါးဆီပေါင်းဟင်းချို၊ ခရုဟင်းချို စသည်ဖြင့် အမျိုးမျိုးစားသုံးကြသေးသည်။

ထားဝယ်ငါးပေါင်းထုပ်ဆိုသည်ကလည်း ထူးကဲသည့် ထားဝယ်အစားအစာတစ်မျိုးဖြစ်သည်။ ထားဝယ် ငါးကွမ်းရှပ်၊ ငါးမုတ်တို့၏ အသားကို ဆန်လှော်မှုန့်၊ ငရုတ်စိမ်း၊ ကြက်သွန်၊ ဆီ၊ ဆား စသည်တို့ထည့်၍ လန်ကောင်ရွက်၊ ရွှေဖရုံသီး၊ သီဟိုဠ်စေ့၊ မျှစ်စသည်တို့ဖြင့် ရောနှယ်ကာ ဖက်နှင့်အထုပ်ငယ်များ ထုပ်၍ ပေါင်းပြီး စားခြင်းဖြစ်သည်။ ထားဝယ်စားစရာ ဟင်းလျာများကို ဖော်ပြ၍ဆုံးနိုင်လိမ့်မည် မထင်ပေ။ ထားဝယ်မုန့်ဟင်းခါးကို ထားဝယ်လို(မုဏ္ဍန်းဆီ)ဟုခေါ်သည်။ ထားဝယ်နယ်တွင် မုန့်ဖတ်ကို ငါးချဉ်၊ ရှပ်ချဉ်(ခရုချဉ်)တို့ဖြင့် စားတတ်သည်။ ထားဝယ်တိုင်းရင်းသားတို့ နေ့စဉ်စားသောက်ကြသော အဓိကစားစရာ ဖြစ်သည်။ အလှူအတန်း၊ ဆွမ်းကျွေး၊ ဧည့်ခံပွဲ စသည့်ပွဲများနှင့် နံနက်စာ၊ နေ့လယ်စာ၊ ညစာစသည်ဖြင့် အချိန်မရွေး သရေစာအဖြစ်စားသည့် မုန့်တစ်မျိုးလည်း ဖြစ်သည်။ ထားဝယ် မုဏ္ဍန်းဆီကို စားသုံးရာ၌ ဟင်းခါးနှင့်လက်သုပ်ဟူ၍ နှစ်မျိုးရှိသည်။ လက်သုပ်တွင်လည်း အစိမ်းသုပ်၊ အကျက်သုပ်ဟူ၍ နှစ်မျိုးခွဲထားပေသည်။ ထားဝယ်မုန့်ဟင်းခါးကို မြန်မာတို့ကဲ့သို့ ဘူးသီးကြော်၊ ပဲကြော်တို့ဖြင့် မစားသောက်ကြပေ။ ဘဲဥပြုတ်ထည့်၍လည်း မစားကြပေ။ ဆီထမင်းနှင့် ရော၍ စားကြသည်။ ဆီထမင်းလုပ်ရန် ကရိကထရှိ၍ များသောအားဖြင့် ထမင်းကြမ်းနှင့် ရောစားလိုက်ကြသည်။ ထားဝယ်မုန့်သရေစာ အမျိုးမျိုးသည် မြန်မာမုန့်သရေစာများနှင့် တူသည်သာများသည်။ အချို့ မုန့်သရေစာများမှာ မြန်မာမုန့်သရေစာများနှင့် လုံးဝကွဲသည်လည်းရှိကြပေသည်။ ထားဝယ်တိုင်းရင်းသားများနေထိုင်သော ထားဝယ်ဒေသသည် ထားဝယ်တစ်မြို့တည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းစသည့် ထားဝယ်လေးမြို့နယ်ကို သိမ်းကျုံး ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ယခုအခါတွင် ထားဝယ်ခရိုင်ကို ဆိုလိုခြင်းဖြစ်ပေသည်။ ထားဝယ်တိုင်းရင်းသားတို့၏ ရိုးသားယဉ်ကျေးမှု၊ ဧည့်ဝတ်ကျေပွန်မှု၊ မိမိတို့၏ ဘိုးဘွားအမွေအနှစ်ကို ချစ်ခင်မြတ်နိုးသော ဓလေ့စရိုက်သဘာဝတို့ကို ပြောမယုံကြုံဖူးမှ သိပေလိမ့်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသား ၁၃၅ မျိုးတို့ မှီတင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်သဘာဝကို ချစ်ခင်မြတ်နိုးစရာတစ်ခုအဖြစ် တွေ့ရှိရမည်ဖြစ်သည်။ ယခုအခါတွင်လည်း တိုင်းရင်းသား ၁၃၅ မျိုးထဲမှ ထားဝယ်တိုင်းရင်းသားတို့၏ ချစ်ခင်စရာ၊ မြတ်နိုးစရာကောင်းသော ယဉ်ကျေးမှုဓလေ့စရိုက်တို့ကို အားကျလေးစားဂုဏ်ယူစွာဖြင့် လေ့လာရေးသား ဖော်ပြလိုက်ရပါတော့သည်။ ။

> **သတို့သားလောင်းဘက်မှ တင်တောင်းမည့်ငွေများမှာ ငွေစက္ကူဖြစ်ပါက အသစ်များကိုသာ ရွေးချယ်တင်တောင်းလေ့ရှိသည်။ ငွေပမာဏ အနည်း၊ အများကိုလိုက်၍ ငွေဖလားများဖြင့် ထည့်ထားသည်။ ပန်းများဝေဆာစွာ ထိုးထားသော ပန်းအိုးတစ်လုံးလည်း သယ်သွားရသည်။ အထူးသဖြင့် သစ္စာပန်းနှင့်စံပယ်ပန်းများကို အသုံးများသည်။ ငွေကွမ်းအစ်တစ်လုံးတွင်လည်း ကွမ်း၊ ဆေး၊ ထုံး၊ ကွမ်းသီး အပြည့်အစုံထည့်၍ ယူဆောင်ရသည်။ ပိတ်အုပ်တစ်အုပ်ကိုလည်း ယူဆောင်ရသည်။**

---

အထူးကဏ္ဍ [ က ] မှ »»

တီးမှုတ်ကာ စုပေါင်းဝိုင်းဖွဲ့ကခုန်ခြင်း၊ လူပျို၊ အပျိုများက ချစ်ရေးဆိုသီချင်းကို အပြန်အလှန်သီဆိုချစ်ရေးဆိုခြင်း၊ မိမိတို့၏ မြို့နယ်အတွင်းရှိ အခြားသောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကိုဖိတ်ကြား၍ သီဆိုတီးမှုတ်ကပြပြီး ကောက်သစ်စားပွဲကို လက်ရေတစ်ပြင်တည်း စားသောက်ကာ နှစ်သစ်ကူးပွဲကို ဆင်ယင်ကျင်းပလေ့ရှိကြသည်။

ယဉ်ကျေးမှုအဖွဲ့မှ လူငယ်လူရွယ် အမျိုးသားအမျိုးသမီးများက ရပ်မိ ရပ်ဖများ၏ အိမ်သို့သွား၍ နှစ်သစ်မင်္ဂလာသီချင်း သီဆိုဆုတောင်းပေးကြသည်။ အိမ်ရှင်မိသားစုက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရပ်ကျိုးရွာကျိုးနှင့် ယဉ်ကျေးမှုလုပ်ငန်းများတွင် သုံးစွဲရန် အလှူငွေများထည့်ဝင်ကြသည်။ နှစ်သစ်ကူးကောက်သစ်စားပွဲတော်ကို မိသားစုအလိုက်၊ ကျေးရွာအလိုက် ဆင်ယင်ကျင်းပကြပြီး အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိကြသော မိသားစုများ မိမိတို့၏နေအိမ်သို့ပြန်လာပြီး မျိုးနွယ်စု စုံညီစုပေါင်းကျင်းပကြသော အမြတ်တနိုးတန်ဖိုးထားကြသည့် ပွဲတော်ဖြစ်သည်။ စုပေါင်းကျင်းပသည့်အခါ လူကြီး၊ လူငယ် လူရွယ် အမျိုးသား အမျိုးသမီးများက ရိုးရာဝတ်စုံကို ဝတ်ဆင်ကြပြီး စုပေါင်းဝိုင်းဖွဲ့ကကြသော အကမှာ ခြေကိုထိုး၍ အမျိုးမျိုးပြောင်းလဲကာ သုံးကြိုးမယ်ဒလင် တီးခတ်သူ၏တီးလုံးနှင့် ကိုက်ညီလိုက်ဖက်သော ကကွက်ကို ကကြရသည်။ ဤအကသည် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ထားရှိတတ်ခြင်း၊ ကိုယ်ကာယကျန်းမာမှုအတွက် အကျိုးရှိခြင်း၊ ပျော်ရွှင်ကြည်နူးမှုဖြစ်ပေါ်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုကိုရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုသော စိတ်ဓာတ်ထားရှိတတ်ခြင်းကြောင့် ထင်ရှားသော အကဖြစ်သည်နှင့်အညီ အများစိတ်ဝင်စားသည့် အကလည်းဖြစ်သည်။ ခိုလုံလီရှောတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးကောက်သစ်စားပွဲတော်၏ ဂုဏ်ရှိန်ကို မြှင့်တင်ပေးသော ဤရိုးရာအကကိုပါဝင်ဆင်နွှဲကြသောတိုင်းရင်းသားညီအစ်ကိုမောင်နှမမည်သူမဆို ပါဝင်ကပြနိုင်ကြပြီး ပျော်ရွှင်ဖွယ်ကောင်းသော ခိုလုံလီရှောတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးကောက်သစ်စားပွဲတော်ကို အခါအခွင့်သင့်ပါက ပါဝင်ဆင်နွှဲကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရမ္မာဝတီကုန်ဘောင်ရွာမှ အတုယူဖွယ်ကောင်းသော ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခု

မြတ်ဝေ

ရခိုင်ပြည်နယ် တောင်ပိုင်း ရမ္မာဝတီခေါ် ရမ်းဗြဲမြို့နယ်မှ ငါးမိုင်ခန့်ဝေးကွာသည့် ကုန်ဘောင်ရွာလေးသည် လူဦးရေအားဖြင့် တစ်ထောင်ကျော်သာရှိသည့် ရွာကလေးတစ်ရွာဖြစ်သည်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ရွာတောင်ပိုင်း၊ မြောက်ပိုင်းခွဲခြားထားသော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြားမှုမရှိကြဘဲ ချစ်ချစ်ခင်ခင်နေလေ့ရှိကြသည်။

အဆိုပါရွာတွင် နှစ်စဉ် မိုးဦးရာသီမကျရောက်မီ မေလနှင့်ဇွန်လကြားတွင် မည်သည့်နေရာမှာမှမကြားဖူးသောရပ်ဓလေ့၊ ရွာဓလေ့ "အမျိုးအဆွေရွာလည်ပွဲ" ဟူ၍ ကျင်းပလေ့ရှိသည်။ အဆိုပါပွဲတော်သည် ရှေးနှစ်ပေါင်းများစွာကပင် လက်ဆင့်ကမ်းကျင်းပလာခဲ့သောပွဲတော်တစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်အတူ ပေါက်ဖွားလာသောပွဲတော်တစ်ခုဖြစ်ကြောင်း ဒေသခံများကပြောသည်။



ရာသီဥတုကောင်းမွန်ပြီး မိုးလေကင်းလွတ်သော နှစ်တစ်နှစ်၏ မိုးကာလ မကျရောက်မီ ကာလအတွင်း ရက်ရွေးချယ် သတ်မှတ်ကျင်းပလေ့ရှိသည်။ ယခုကဲ့သို့ကျင်းပခြင်းဖြင့် ရာသီဥတုကောင်းမွန်ကာ စပါးသီးနှံများလည်းအောင်မြင်ကြောင်း ဒေသခံများကယုံကြည်ကြသည်။ ပွဲတော်အား မည်သည့်အချိန်မှ စတင်ကျင်းပလာသည်ကိုမူ ဒေသခံများကိုယ်တိုင် တိတိကျကျမသိရှိကြသော်လည်း ရာစုနှစ်တစ်စုကျော်ကြာပြီဖြစ်ကြောင်း သက်ကြီးရွယ်အိုများပြောစကားအရ သိရသည်။

အမျိုးအဆွေ ရွာလည်ပွဲတော်ဖြစ်ပေါ်လာပုံမှာလည်း စိတ်ဝင်စားဖွယ်၊ အတုယူဖွယ်ကောင်းလှသည်။ အတိတ်ကာလတစ်ခုမှ ခါးသီးမှုများအား သင်ပုန်းချေရာမှ စတင်ဖြစ်ပေါ်ခဲ့သော ပွဲတော်တစ်ခုဆိုလျှင်ကား မှားအံ့မထင်။ ကုန်ဘောင်ရွာသည် မြောက်ဦးခေတ်ကတည်းက တည်ရှိခဲ့သော ရွာကြီးတစ်ရွာဖြစ်သည်ဟု သိရပြီး နယ်ချဲ့ရန်များကိုလည်း အသက်ပေး ကာကွယ်ခဲ့သော ရွာတစ်ရွာ



ဖြစ်သည်။ ဒေသမတည်ငြိမ်မှုများကြောင့် ဒေသခံတချို့သည် မိမိနေထိုင်ရာမှ နေရပ်စွန့်ခွာခဲ့ပြီး ဒေသတည်ငြိမ်သည့်အခါ မိမိနေရပ်သို့ ပြန်လာကာအခြေချနေထိုင်ကြသော်လည်း ကျန်ရစ်သောဒေသခံများနှင့် နှစ်ပေါင်းသုံးဆယ်ခန့် ဝေးကွာသွားမှုကြောင့် သူစိမ်းဆန်ဆန်ဖြစ်ခဲ့ကြရသည်။ အထူးသဖြင့် လယ်မြေလုပ်ချိန်ကာလများတွင် လယ်ယာမြေအငြင်းပွားမှုများ၊သီးနှံအထွက်တိုးပြိုင်ဆိုင်မှုများကြောင့် တစ်ဦးနှင့်တစ်ဦး မကြာခဏစကားများရာမှ တစ်ဦးမှတစ်စုသို့ကွဲကာ ပဋိပက္ခများဖြစ်ပွားခဲ့ကြသည်။ ခါးသီးမှုသမိုင်းကို အကျယ်ချဲ့မရေးလိုပါ။

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်သီးတည်းစားသော ညီအစ်ကိုမောင်နှမ သွေးရင်းများ၏ ခိုက်ရန်ဖြစ်ပွားမှုအကျိုးဆက်များကား ကောင်းသောရလဒ်များမဟုတ်ပေ။ ရေရှည်အတွက် အကျိုးပျက်စီးစေသည်ကိုသိသော ရွာရှိဆရာတော်နှင့် သက်ကြီးရွယ်အိုများ ဆုံးမပြောဆိုမှုကြောင့် မိမိတို့အသိစိတ်ဖြင့် ပြန်လည်သင့်မြတ်အောင် လုပ်ဆောင်နိုင်ခဲ့ကြသည်။

ယင်းမှအစပြုကာ နှစ်စဉ်နှစ်တိုင်း မိုးမကျ လယ်ယာလုပ်ငန်းခွင်မဝင်မီကာလရောက်တိုင်း အချင်းများခဲ့ရာ အိမ်များသို့ သွားရောက်လည်ပတ်စေကာ အစားအသောက်များ ယူဆောင်ပြီး အတူချက်ပြုတ်စားသောက်ခြင်းများ၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ ဆွေးနွေးပြောဆို အသိပညာဖလှယ်ခြင်းများ၊ မျိုးစပါးများလဲလှယ်ခြင်းများ ပြုလုပ်စေခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ရာမှ ဓလေ့တစ်ခုကဲ့သို့ ဖြစ်လာကာ "အမျိုးအဆွေရွာလည်ပွဲ" ကို နှစ်စဉ်နှစ်တိုင်းကျင်းပလာသည်မှာ ယနေ့ကာလအထိပင်ဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။ မကျင်းပဖြစ်ခဲ့သောနှစ်တချို့လည်းရှိခဲ့သည်ဟု သိရသည်။လူသိများလာသည်မှာ သုံးနှစ်ပင်မရှိသေး။

ပွဲတော်ကို နှစ်ရက်တိုင်တိုင် ကျင်းပလေ့ရှိပြီး ကျင်ပမည့်အချိန်တွင် ရွာတောင်ပိုင်း၊ မြောက်ပိုင်းဟု ခွဲလိုက်ကာ ပထမနေ့တွင် တောင်ပိုင်းနေသူများမှ မြောက်ပိုင်းနေသူများထံသို့ အစားအသောက်များယူဆောင်ပြီး အတူတကွ ပျော်ပျော်ပါးပါးစားသောက်ကြသည်။ နောက်တစ်နေ့တွင် မြောက်ပိုင်းနေသူများက တောင်ပိုင်းနေသူများထံ သွားရောက်ကာ အလားတူ ပျော်ပျော်ပါးပါးစားသောက်ကြသည်။

ယခုနောက်ပိုင်းကာလများတွင် အဝတ်အစားများကို ပျော်ရွှင်၊ ရယ်ရွှင်ဖွယ်ရာဖြစ်အောင် ဝတ်ဆင်ဖန်တီးခြင်း၊ မျက်နှာအား အိုးမည်း၊ မိတ်ကပ်များဖြင့် အမျိုးမျိုးလိမ်းခြယ်ခြင်းများပြုလုပ်လာကြပြီး အတီးအမှုတ်များဖြင့် တစ်လှည့်စီသွားရောက်လည်ပတ်လာကြသည့်အပြင် ယခင်နှစ်များထက် စည်ကားလာသည်ဟု ဆိုသည်။ လယ်ယာလုပ်ငန်းခွင် မဝင်မီ ဆွေးမျိုးသားချင်းများ တစုတဝေးတည်းတွေ့ဆုံခြင်းဆိုပါကလည်း မှားအံ့မထင်ပေ။ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်သည့်အခါ သူ့တာဝန်ကိုယ်တာဝန်များရှိနေတာကြောင့် ယခုကဲ့သို့ တစုတဝေးတည်း တွေ့ဆုံရန် ခဲယဉ်းလှသည်။

ယခုပွဲကိုကျင်းပခြင်းဖြင့် မိုးလေဝသကောင်းမွန်ကာ သီးနှံများ အထွက်တိုးသည်ဟု ယုံကြည်မှုရှိသည်မှာ သင့်တော်လှသည်။ တစ်အိမ်နှင့်တစ်အိမ်သွားရောက်လည်ပတ်ရင်း ယခင်နှစ် စပါးထွက်ရှိမှု အခြေအနေများ၊ လက်ယာလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများပြောဆိုဆွေးနွေးရင်း တစ်ဦးနှင့်တစ်ဦး အကြံပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကူအညီပေးခြင်းများကြောင့် အဘယ်မှာ သီးနှံအထွက် မကောင်းဘဲနေပါမည်နည်း၊ ချစ်ကြည်ရင်းနှီးမှုသည်လည်းပိုမိုခိုင်မြဲစေပြီး ငြိမ်းချမ်းရေး၏ အကျိုးဆက်များစွာကို ခံစားရမည်မလွဲ။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်မှ ကုန်ဘောင်ရွာကလေးတွင် ကျင်းပသော ပွဲတော်ကဲ့သို့ မည်သည့်နေရာမှာမျှ မကြားဖူး၊ အမျိုးအဆွေရွာလည်ပွဲကဲ့သို့ ပွဲတော်များလည်း နေရာတိုင်းတွင် ပေါ်ပေါက်လာစေလိုသည်။ အတုယူဖွယ်ကောင်းသောစံပြကျေးရွာပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ မိမိတို့အချင်းချင်း စိတ်ဝမ်းကွဲနေမှုများကြောင့် ဒေသတစ်ခုတွင်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများတွင် အစစအရာရာနောက်ကျကျန်ခြင်း၊ ရလဒ်များကိုလည်း ယနေ့အချိန်တွင် လက်တွေ့ခံစားနေကြရသည်ကို ငြင်းနိုင်မည်မဟုတ်၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အား တစ်ဦးတစ်ယောက်၊တစ်ဖွဲ့တည်းဖြင့် စွမ်းဆောင်နိုင်မည်မဟုတ်၊ အားလုံးတန်းတူ တက်ညီလက်ညီ စွမ်းဆောင်မှသာ အနာဂတ်အတွက် လှပသော ပြည်နယ်၊ နိုင်ငံ၊ ကမ္ဘာတစ်ခုကို သားသမီးများအတွက် လှပသော သမိုင်းတစ်ခုကို အမွေပေးနိုင်ကြအောင် စွမ်းဆောင်ရမည်မှာ မိမိတို့တာဝန်ဖြစ်သောကြောင့် ကုန်ဘောင်နယ်မှ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုကို စံပြအနေဖြင့် တင်ပြရပေသည်။ ။

## အညာဒေသစာ တစောင်းဖူးဟင်းလျာ

စံလွင်(ငါးဦးစီး)

အထက်အညာဘက်မှာသာ ရတတ်တဲ့ တစောင်းဖူးလတ်လတ်ကြီးတွေကို အိမ်မှာ ရုတ်တရက် တွေ့လိုက်ရလို့ အံ့သြပြီး မေးကြည့်တော့ ရေနံချောင်းကမိတ်ဆွေတွေ လူကြုံနဲ့ထည့်ပေးလိုက်လို့ ဒီမနက်ရောက်လာတာပါတဲ့။ တစောင်းဖူးက အညာဘက်က ထွက်တဲ့ အညာစာစစ်စစ်မို့ အောက်သူအောက်သား အတော်များများကတော့ စားဖူးကြမယ်။ စားကောင်းကြလိမ့်မယ်လို့ တောင်ထင်မှာ မဟုတ်ပါဘူး။ ဈေးတွေထဲမှာ အများဆုံးတွေ့ရတတ်တာက လက်ညှိုးလောက် အရွယ်ရှိတဲ့ ဆူးခက်လေးတွေနဲ့တူတဲ့ တစောင်းချဉ်အချောင်းကလေးတွေပါ။

တစောင်းဖူးကတော့ အပူပိုင်းဒေသတွေမှာပေါက်တဲ့ တစောင်းပင်ကရတဲ့အဖူးပါ။ တစောင်းဖူးက ကြာဖူးနဲ့ဆင်ဆင်တူလို့ တချို့က ပဒုမ္မာဖူး၊ ရွှေကြာဖူးရယ်လို့လည်း ခေါ်ကြပါသေးတယ်။ တစောင်းဖူးကို အပွင့်မပွင့်မီ အဖူးဘဝမှာ ခူးပြီးဟင်းလျာအဖြစ် စားသုံးကြပါတယ်။ ညအခါမှသာပွင့်တဲ့ ကုမုဒြာကြာတို့၊ နဂါးမောက်သီးသီးတဲ့ နဂါးမောက်ပင်တို့က တစောင်းနွယ်ဝင်အပင်တွေဖြစ်လို့ အဖူးအပွင့်တွေက ဆင်ဆင်တူတယ်လို့ ဆိုနိုင်ပါတယ်။ တစောင်းဖူးက တစ်နှစ်မှာတစ်ခါသာ မိုးရာသီအတွင်းမှာ ရတတ်တာမို့ ရာသီစာလို့ ပြောရမှာပါ။

ဟင်းလျာအဖြစ်ကြော်စားချက်စားတဲ့အခါ မှိုအရသာလိုချိုတာမို့ အညာသူအညာသားများက တစောင်းဖူးကိုကြိုက်ကြတာပါ။ တစောင်းဖူးကို ကြော်ချက်ချက်မယ်ဆိုရင် ဦးစွာ အဖူးကို ထက်ခြမ်းခွဲပြီး အထဲကဝတ်ဆံတွေကို ဖယ်ရပါတယ်။ တချို့ကတော့ ဝတ်ဆံအပြင် ပွင့်ချပ်တွေကိုပါ ဖယ်ပစ်ပါတယ်။ ပွင့်ချပ်က အနည်းငယ်အခွံခတ်ရှိလို့ပါ။ တစောင်းဖူးလတ်ရင်တော့ မခွဲအောင် သင်ပြီးသားတွေကို တစ်နေလောက်ပြုပြီးမှ ချက်ကြပါတယ်။

တစောင်းဖူးကြော်ချက် ချက်မယ်ဆိုရင် သန့်စင်ပြီးတစောင်းဖူးတွေကို ရေဆေးပြီး စစ်ထားပါ။ ဆီဒယ်အိုးပူလာရင် အသင့်ပြင်ထားတဲ့ ကြက်သွန်ဖြူ၊ နီထောင်းပြီးသားအရောကို ဆီသတ်ပါမယ်။ ကျက်လောက်ပြီဆိုရင်တော့ အသင့်စိတ်ထားတဲ့ ခရမ်းချဉ်သီး စိတ်တွေနဲ့အတူ မှျင်ငါးပိ၊ ဆား၊ နနွင်းထည့်ကာ အနှစ်ရအောင်ချက်ပါမယ်။

ဒယ်အိုးထဲက ဟင်းအနှစ်တွေ ဆီပြန်လာရင် ရေစစ်ထားတဲ့ တစောင်းဖူးတွေထည့်ပြီး အထက်အောက်နှံ့အောင်မွှေ၊ လုံးရေအနည်းငယ်ထည့်ပြီး အဖုံးပိတ်ချက်ပါ။ ဒယ်အိုးက ဆီဆူသံပေးလာရင် အဖုံးဖွင့်ကာ အပေါ့အငန်မြည်းပြီး ငရုတ်သီးစိမ်းလေး ငါးတောင့်လောက် အညှာခြွေထည့်ပါ။ ခရမ်းချဉ်သီး အနှစ်များများနဲ့ ထွေးထွေးအိအိလေးဖြစ်နေတဲ့ စားချင့်စဖွယ် တစောင်းဖူးကြော်ချက်ကို တွေ့ရပါလိမ့်မယ်။ တစောင်းဖူးက နူးညံ့တာမို့ ချက်ပြုတ်ရာမှာ လွယ်ကူမြန်ဆန်ပါတယ်။ ဒေသစာများဟာ ထူးခြားကွဲပြားတဲ့အရသာ ပေးစွမ်းတာမို့ ဘယ်နေရာ၊ ဘယ်အရပ်ကိုပဲရောက်ရောက် လူမျိုးတိုင်း လူမျိုးတိုင်းက ကိုယ်နှစ်ခြိုက်တဲ့ ဒေသစာစားစရာလေးတွေကို စွဲလမ်းတမ်းတတတ်ကြတာဟာ အဆန်းမဟုတ်ပါလို့ ပြောချင်ပါတယ်။ ။



